www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
ဝံ့မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# မောင်လှမျိုး (ရှင်းချောင်းချုံ)

# ခေါင်းရက်မှာ... ကြွေ
# နေ့ရက်မှာ... လွမ်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [ ၅၀၀၅၃၃၀၅၁၀ ] နှင့်
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၅၀၀၇၇၂၀၇၁၀ ] တို့အရ
ဦးနိုင်မျိုးထွန်း [ အင်ပါယာစာပေ ]
တိုက်/၂၁၊ အခန်း/၁၁၊ စီးပွားကူးသန်းဝန်ထမ်းအိမ်ယာ၊
ဦးဝိစာရလမ်း၊ မြောက်ဒဂုံ၊ ရန်ကုန်မှ ထုတ်ဝေပြီး
မျက်နှာဖုံးနှင့်အတွင်းစာသားများကို
ဦးကျင်ရင် [ ရွှေခြသေ့်ပုံနှိပ်တိုက်]
အမှတ်/၂၂၅၊ အခန်း/၂၊ ၃၁ လမ်း၊ ရန်ကုန်၌ ပုံနှိပ်ကာ
၂၀၁၁ ခု၊ ဇွန်လတွင် တတိယအကြိမ်အဖြစ် အုပ်ရေ/၅၀၀ ကို
တန်ဖိုး/၁၀၀ ကျပ်ဖြင့် ဖြန့်ချိပါသည်။

၈၉၅.၈၁
လှမျိုး၊ မောင် (ချင်းချောင်းခြံ)
ဆောင်းရက်မှာကြွေ နွေရက်မှာလွှမ်း
မောင်လှမျိုး (ချင်းချောင်းခြံ)၊ ရန်ကုန်။
အင်ပါယာစာပေ၊ ၂၀၁၁။
၂၃၉ - စာ၊ ၁၁.၉ X ၁၇.၅ စင်တီ။
(၁) ဆောင်းရက်မှာကြွေ နွေရက်မှာလွှမ်း

# အပိုင်း(၁)

www.burmeseclassic.com

www.burmeseclassic.com

နိုင်လို့ပဲ ခေါ်ရမလား။
သစ္စာလို့ပဲ ခေါ်ရမလား။
မြတ်လို့ပဲ ခေါ်ရမလား။
ဒါမှမဟုတ်
အချစ်ဆုံးလေးလို့ပဲ ခေါ်ရမလား။

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းငုံ့ကြောက်ရွံ့နေသည်ကို ကြည့်မြင်လျက် စိတ်မကောင်းဖြစ်ရသည်။ သူ့ကို မကြည့်ရဲသော မြတ်သစ္စာခိုင်အား သူ စေ့စေ့ကြည့်သည်။ မြတ်သစ္စာခိုင်က လွယ်အိတ်ကို လွယ်လျက် မလှမ်းမကမ်းတွင် ကျုံ့ကျုံ့လေး ရပ်တည်နေရှာ၏။ ကျောင်းသွားတော့မည့် ညီမငယ်ကို အဟန့်အတားမပြုရက်သော်လည်း ပြောစရာရှိသည်ကို ပြောမည်ဟုသာ စိတ်ဆုံးဖြတ်၏။ မာမီက ဘုရားရှိခိုးနေဟန်တူသည်။

'သစ္စာ'

ပြတ်တောက်လွန်းသော ခေါ်သံဟု ကိုယ့်ကိုယ်ကိုယ် သိသည်။

'ရှင်... ကိုကို'

မြတ်သစ္စာခိုင်၏ တုံ့ပြန်သံသည် ပုံမှန်မဟုတ်။ နေမျိုးဇော် လက်အတွင်းမှ ဗလာစာအုပ်ကို မရဲတရဲ ကြည့်သည်။

'ဒါ... ဘယ်သူရေးတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဗလာစာအုပ်နောက်ဆုံး စာမျက်နှာရှိ ဝါကျတစ်ကြောင်းကို လက်ညှိုးထိုးလျက် မေးသည်။ မြတ်သစ္စာခိုင်၏ မျက်လုံးသည် ဝိုင်းစက်သွား၏။

'သစ္စာ မသိဘူး ကိုကို'

'သိပ်ချစ်တယ် သစ္စာရယ်' ဟူသော ဝါကျ၏ လက်ရေး လက်သားသည် မညီမညာနိုင်လွန်း၏။ မူလအနေအထားကို ပုံသဏ္ဌာန်ဖျက်ထားသော လက်ရေး။

'ကိုယ့်စာအုပ်ထဲက လက်ရေးကို ဘယ်သူရေးမှန်း မသိဘူးဆိုတာ အဓိပ္ပာယ်ရှိပါ့မလား သစ္စာ'

အသံခပ်အုပ်အုပ်နှင့် မေး၏။

'ညီမလေး တွေ့တာ တစ်ရက်နှစ်ရက်လောက် ရှိပြီ၊ ဘယ်သူ့လက်ရေးမှန်း မသိဘူး၊ ဟို… ဟို… သူငယ်ချင်းတစ်ယောက်ယောက်များ နောက်ပြောင်ထားသလား မသိဘူး'

'နောက်တဲ့ ပြောင်တဲ့ စကားလုံးမျိုး ဝါကျမျိုး မဟုတ်ဘူးဆိုတာ မသိဘူးလား'

'သစ္စာ… ကိုကို့ကို မညာနဲ့နော်၊ ကိုကို မရိုက်ချင်ဘူး၊ မာမီနဲ့လည်း မတိုင်ချင်ဘူး'

'သစ္စာ တကယ်မသိတာပါ ကိုကို၊ ညာတာမဟုတ်ပါဘူး၊ သူငယ်ချင်းတစ်ယောက်ယောက် နောက်ပြောင်ထားတယ်လို့ပဲ ထင်



တာ၊ ယုံပါ ကိုကိုရယ်၊ ညီမလေး မညာပါဘူး၊ သစ္စာ မညာပါဘူး'

တိုးလျှိုးသံဟု သိသည်။

အပြစ်ဖို့စကားတွေ မပြောဖြစ်တော့။

'ဒီနားကို လာဦး'

ဟု နေမျိုးခေါ်၏။

မြတ်သစ္စာခိုင်၏ ခြေလှမ်းသည် မရဲတရဲ။

နေမျိုးက မြတ်သစ္စာခိုင်၏ ပခုံးပေါ်ရှိလွယ်အိတ်ကိုင်းကို ဆွဲယူလိုက်သည်။ လက်ထဲသို့ ပါလာသော လွယ်အိတ်ကို အနီးရှိ ဆက်တီစားပွဲပေါ်သို့ သွန်မှောက်လိုက်၏။ ဒသမတန်း ဖတ်စာစာအုပ်တွေ၊ မှတ်စုစာအုပ်တွေ မညီမညာ ကျရောက်လာ၏။ ရှိသမျှစာအုပ်တွေကို ဟိုသည်လှန်လှောသည်။ မာမီ ဆင်းလာလေမည်လား အထင်နှင့် လှေကားထိပ်သို့ မော့ကြည့်သေး၏။

စာအုပ်တစ်အုပ်အတွင်းမှာ ပြည်ပဖြစ် စာအိတ်လှလှလေးတွေကို ထင်းခနဲ တွေ့သည်။ စုစုပေါင်း လေးအိတ်တိတိ။

'ဒီစာအိတ်တွေထဲက စာကို ကိုကို ဖတ်ခွင့်ရှိသလား၊ ဖတ်လို့ ရမလား'

မျက်လုံးကို ဒေါင့်ကပ်ကြည့်လျက် မေးသည်။ မရဲတရဲခေါင်းအညိတ်ကို တွေ့၏။ ဆံပင်ရှည်ရှည်လေးသည် အနီးရှိ [illegible]

www.burmeseclassic.com

www.burmeseclassic.com



လေကြောင့် လွင့်ပြေးနေသော ကောက်ကြောင်းတွေပမာ ငြိတွယ်ပျံ့ဝဲနေချေ၏။ ပန်းနုရောင် စာအိတ်တစ်အိတ်ကို အရင်ယူသည်။ တစ်ခုခုဖြင့် ဖွင့်ဖောက်မည်ဟု ရည်ရွယ်မိသော်လည်း စာအိတ်သည် လက်ယာဘက်တွင် ဖောက်ပြီးသား ဖြူနုသော စာရွက်ခေါက်ကို တွေ့သည်။ ထိုစာရွက်ခေါက်ကို တည်ငြိမ်စွာ ဖြန့်သည်။ ခန္ဓာကိုယ်အနှံ့တွင် ဒေါသစိတ်သည် မကင်းတကင်း။

မြတ်သစ္စာခိုင်ဆိုတဲ့ နာမည်လေးက
သိပ်လှတဲ့ 'သူ'နဲ့ လိုက်ဖက်ပါတယ်။
ခိုင်လို့ပဲ ခေါ်ရမလား။
သစ္စာလို့ပဲ ခေါ်ရမလား။
မြတ်လို့ပဲ ခေါ်ရမလား။
ဒါမှမဟုတ်
အချစ်ဆုံးလေးလို့ပဲ ခေါ်ရမလားဟင်…

သိပ်ချစ်မိတယ်ဆိုတာ သူ သိအောင် ဘယ်လိုပြောရမလဲ။

အလှဆုံးဆိုတဲ့ ဘွဲ့ကို တစ်ကျောင်းလုံးက ပေးထားတဲ့ သူမို့ မာနကြီးမှာတော့ သေချာတယ်။ တို့လေ သူ့ကိုတွေ့တွေ့ချင်း …

စာရွက်ကို ပြန်ခေါက်လိုက်သည်။.ဆက်ဖတ်ချင်စိတ် မရှိတော့။



လက်ထဲတွင်ရှိသော စာအိတ်နှင့်တကွ ကျန်စာအိတ်တွေအားလုံးကို လုံးချေစုတ်ဖြဲပစ်လိုက်ချင်မိသည်။

ဦးငုံ့ထားသော ညီမငယ်ကို တွေတွေကြည့်လျက် သနားမိပြန်သည်။

စိတ်လက်မာန်ပါ မပြုရက်။

စာရွက်ခေါက်ကို စာအိတ်ထဲသို့ ပြန်ထည့်သည်။ တခြားသော စာအိတ်တွေနှင့်အတူ စီရီပူးထပ်လိုက်သည်။ မူလစာအုပ်အတွင်းသို့ ပြန်ညှပ်သည်။

ဆက်တီစားပွဲပေါ်ရှိ မှတ်စုစာအုပ်တွေ၊ ဖတ်စာအုပ်တွေကို သေသပ်စွာ ကိုင်တွယ်ပြီး ပန်းပွားလွယ်အိတ်ထဲသို့ ပြန်ထည့်ပေးလိုက်၏။

စာအိတ်တွေပါသော ဗလာစာအုပ်သည် လွယ်အိတ်ထဲသို့ အဟန့်အတားမရှိ ဝင်ရောက်သွားပေသည်။

'ညီမလေး'

ခေါင်းမော့အကြည့်ကို ရင်ဆိုင်ရသည်။ ရီဝေမှိုင်းမြည့်ခြင်းတွေ ကင်းစင်သောမျက်ဝန်း။

'ရည်းစားထားနေပြီလား'

မျက်ခုံးနက်လေး အနည်းငယ်မြင့်တက်သွားသည်။ ညင်သာစွာ ခေါင်းယမ်းသည်ကို အဓိပ္ပာယ်မဖော်တတ်သေး။

www.burmeseclassic.com

www.burmeseclassic.com



'စာတွေက ဘာတွေလဲ'ဟု သူမေးသည်။ လွယ်အိတ်ကို လွယ်ပေးရင်း တုံ့ပြန်သံကို နားစွင့်၏။

'ဒါ… မိန်းကလေး လက်ရေးပါ ကိုကို'

ရင်ပေါ့သွားရုံသာ ရှိသည်။ ကင်းစင်စွာ မရှင်းလင်းသေး။

'သစ္စာတို့ကျောင်းက မိန်းကလေးကျောင်းပဲ၊ မိန်းကလေး အချင်းချင်း အဲလိုစာတွေ ရေးတတ်ကြတယ်'

မျက်ခုံးတွန့်လျက် နားထောင်သည်။ တခြားတစ်ပါးသော နေရာတွေတွင် ကြားဖူးနားဝ ရှိထားဖူးသော ကိစ္စမျိုးဟု တဖြည်းဖြည်း နားလည်လာ၏။

'သစ္စာကိုလည်း တခြားကောင်မလေးတွေ ပေးထားတာ'

မြတ်သစ္စာခိုင်က နေမျိုး နားလည်အောင် ရှင်းပြနေရာသည်။ ငိုမဲ့မဲ့ မျက်ဝန်းလေးကို နီးကပ်စွာ မြင်တွေ့နေရသော်လည်း တင်းထားရသော မျက်နှာကို မဖြေလျော့ရသေးချေ။

'ဘာဖြစ်လို့ သိမ်းထားရတာလဲ၊ ဒီစာတွေကို'

'ဘာရယ်လို့ မဟုတ်ပါဘူး၊ လှလို့ သိမ်းထားမိတာ၊ ပြီးတော့ မာမီတို့ ကိုကိုတို့ မဆူဘူးထင်လို့'

နေမျိုးက ဆက်တီပေါ်တွင် ထိုင်ချသည်။ မြတ်သစ္စာခိုင်က ကျုံ့ကျုံ့လေးသာ ရပ်နေလျက်ရှိ၏။

'ကိုကိုလည်း မကြိုက်ဘူး၊ မာမီလည်း ကြိုက်မှာမဟုတ်ဘူး၊ သိရင် ဆူမှာပဲ၊ ဘယ်နှယ် မိန်းကလေးချင်း ရည်းစားစာပေးရတယ်လို့၊ ကြောင်တောင်တောင်ကိစ္စ'



'နောက်ကို ဒါမျိုး ကိုကိုမတွေ့ချင်ဘူး၊ တွေ့ရင် ရိုက်လည်း ရိုက်မယ်၊ မာမီနဲ့လည်း တိုင်မယ်၊ နောက်ပြီး ကျောင်းစာကို ထိခိုက်စေမယ့် ကိစ္စမှန်သမျှ ဘာမှမမြင်ချင်ဘူး၊ ဘာမှမကြားချင်ဘူး၊ ဒါပဲ'

စကားတန့်လျက် ညီမငယ်ကို ငဲ့စောင်းကြည့်မိ၏။ လေးစားရိုသေစွာသော ဟန်ပန်လေးကို တွေ့သည်။

'ကြားလား သစ္စာ'

'ဟုတ်ကဲ့'

စကားဆက်ချင်သေးဟန် တူသည်။

'ကိုကို'ဟု မြတ်သစ္စာခိုင်က ခေါ်၏။ 'ပြော'ဟု သူဆိုသည်။

'ဒီစာတွေကို လွှင့်ပစ်ရမှာလား'

ဗလာစာအုပ်ကို မြင်သာရုံ ဆွဲထုတ်လျက် မေးသည်။

'အလွတ်ကျက်ချင်သေးလို့လား'ဟု နေမျိုးပြော၏။

မြတ်သစ္စာခိုင်က လှလှလေး ပြုံးသည်။

'ကိုကိုမရိုက်ဘူးဆိုရင် သိမ်းထားမလို့'

'ငါကိုယ်တိုင် မရိုက်ဘူး၊ မာမီ့ကို ရိုက်ခိုင်းမှာ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုလည်း လွှင့်ပစ်လိုက်တော့မယ်'ဟု မြတ်သစ္စာခိုင်က ပြောသည်။ ထိုအပြောကြောင့် ပြုံးချင်မိသည်။ သို့သော် ပေါ်လွင်စွာ မပြုံးဖြစ်။

'ကျောင်းကို မာမီလိုက်ပို့မှာလား၊ ကိုကို လိုက်ပို့မှာလား'

'မာမီ အိပ်ရာထနောက်ကျတယ်၊ ဒီနေ့ ဘုရားရှိခိုးနေတာ မပြီးသေးဘူး ထင်တယ်'

'ကားပေါ်မှာ သွားထိုင်စောင့်နှင့်၊ မာမီ ဘုရားရှိခိုးပြီးတာနဲ့ မာမီ့ကို ပြောပြီး ကိုကိုလိုက်ပို့မယ်'

ပြောပြီး ထိုင်ရာမှ ထသည်။

မြတ်သစ္စာခိုင်က ခေါင်းညိတ်ပြီး တံခါးဝသို့ ခြေရွေ့သည်။

အိမ်နံရံရှိ နံရံကပ်နာရီကို သူ မော့ကြည့်သည်။ ဘုရားခန်းရှိရာ အပေါ်ထပ်မှ မာမီ့ကြေးစည်သံကို တီးတိုးသဲ့သဲ့ ကြားရသည်။

နံနက် ကိုးနာရီပင် မထိုးတတ်သေး။

❦ ❦ ❦

# အခန်း(၂)

www.burmeseclassic.com

www.burmeseclassic.com

တစ်ဘဝ၏ ငှါအဖြစ်ကို
သံသရာတစ်လုံးအထိ
သံသရာတစ်ခုလုံး
သခင်ပိုင်ဆိုင်ပေသည်တဲ့။
မင်းစာအုပ်နောက်ဆုံးစာမျက်နှာမှာ
အဲဒီအကြောင်းတွေချည်းပဲ
ရေးထားတဲ့ စာမျက်နှာအပြည့်။
အကြောင်းမဲ့ရေးထားတာ
မဖြစ်နိုင်ဘူး။
အဲဒီ သခင်ဆိုတာ
ဘယ်သူလဲ။

www.burmeseclassic.com

www.burmeseclassic.com

(၁)

ကားမောင်းသော ဦးလေးကြီးက ကားကို အဓိပတိလမ်းပေါ်သို့ ချိုးကွေ့သည်။ ဘွဲ့နှင်းသဘင်ခန်းမကြီးသည် အဓိပတိလမ်းအဆုံးတွင် တည်ရှိနေသည်ကို ဝေးကွာစွာ မြင်ရ၏။

တူရှုသို့ ငေးမောနေမိသော်လည်း နံဘေးရှိ မဉ္ဇူက မမှိတ်မသုန် ငဲ့ကြည့်နေသည်ကို သူ သိ၏။ ကားသည် ညင်သာစွာ ရွေ့လျားနေဆဲရှိသည်။

'နေမျိုး'

ခေါ်သံကြောင့် ငဲ့ကြည့်မိသည်။ လှပစွာ ပြုံးနေသော မဉ္ဇူကို သူ မျက်ခုံးပင့်ပြ၏။

'နင့်မျက်နှာလေး ချောင်နေတယ်၊ အအိပ်ပျက်ထားလို့လား'

ခေါင်းညိတ်ပြလိုက်သည်။

'ဘာကြောင့် အိပ်ရေးပျက်တာလဲ၊ စာရေးနေလို့လား'

www.burmeseclassic.com

www.burmeseclassic.com



နေမျိုးက ခေါင်းယမ်းလျက်…

'စာမရေးဖြစ်ပါဘူး၊ ညီမလေးကို စာပြနေရလို့'

'ဪ… ဟုတ်သားပဲ၊ မြတ်သစ္စာတို့တောင် စာမေးပွဲ နီးနေပြီပဲ၊ ဒါနဲ့ မြတ်သစ္စာ စာလိုက်နိုင်ရဲ့လား'

'မဆိုးပါဘူး၊ လိုက်နိုင်ပါတယ်'

'အစ်ကိုတူရင်တော့ စာတော်မှာပါပဲ'ဟု မဇ္ဈူ ပြောသည်။

'စာတော်တာပဲဟာ အဆန်းလုပ်လို့၊ စာကျက်ရင် စာတော်မှာပေါ့'

'စာကျက်တိုင်း စာမတော်ပါဘူးဟာ၊ မနှစ်ကပဲ ကြည့်၊ နင်ရော ငါရော စာအတူတူကျက်တာပဲ၊ ခရက်တစ်ရတော့ နင်တစ်ယောက်တည်း'

စကားမတုံ့ပြန်မိချေ။

အပန်းဖြေရိပ်သာရှေ့သို့ ရောက်လုလုတွင် နေမျိုးက…

'ဦးလေး ကျွန်တော် အာစီရှေ့မှာပဲ ဆင်းမယ်'

သူ့စကားကြောင့် ကားမောင်းသော ဦးလေးကြီးက ခေါင်းညိတ်သည်။

ကုက္ကိုရိပ်၏ တစ်ဖက်ကမ်းတွင် ကားရပ်၏။

မဇ္ဈူက…

'ဘယ်လိုဖြစ်တာလဲ၊ အတန်းမတက်ဘူးလား'



ကားတံခါးသို့ လက်လှမ်းရင်း…

'ပထမအချိန်က ပေပါဝမ်းနဲ့တူတယ်၊ ပေပါဝမ်းတော့ တက်ဖြစ်မယ် မထင်ဘူး၊ နင်ပြန်ပြပေး၊ ပေပါတူး အချိန်ရောက်ရင်တော့ လာတက်မယ်'

ပြောပြီး ကားတံခါးကို ဖွင့်သည်။ လွယ်အိတ်ကိုလွယ်လျက် ကားတံခါးကို ပြန်ပိတ်မည်အပြု…

မဇ္ဈူက 'ဘယ်လိုဖြစ်လို့လဲ'ဟု မေးသည်။

နေမျိုးက ကျောဘက်သို့ ညွှန်ပြလျက်…

'ဟိုမှာ မတွေ့ဘူးလား၊ သက်နိုင်တို့၊ ညိုအေးတို့…'

အပန်းဖြေရိပ်သာရှေ့ရှိ အုတ်ခုံပေါ်သို့ မဇ္ဈူ လှမ်းကြည့်သည်။

သည်မှာဘက်သို့ လှမ်းကြည့်နေကြသော သက်နိုင်တို့ကို တွေ့သွား၏။

'အဲဒီ စာရှုးပေရှုးတွေနဲ့ပဲတွဲ၊ နင် စည်းကမ်းပျက်မယ်၊ အန်တီမေနဲ့ကို လာတိုင်ဦးမယ်၊ အချိန်ခဏခဏ လစ်တယ်လို့'

မျက်စောင်းဝင့်လျက် ပြောသည်။ စူတူတူ နှင်းဆီဖူးကို တွေ့၏။

သူ ပြုံးနေမိသည်။ ကားတံခါးကို ညင်သာစွာ ပိတ်ပြီး ကားအတွင်းသို့ ခေါင်းငုံ့လျက်…

www.burmeseclassic.com

www.burmeseclassic.com



'စာပေသမားတွေက အမှန်တရားကို အသိဆုံးလူတွေဟ၊ နင် သူတို့ကို မပုတ်ခတ်နဲ့၊ ငရဲကြီးလိမ့်မယ်'

'ကြီးပါလေ့စေ'ဟု မညွှန့်ပြောသည်။ လည်ကုပ်ပေါ်တွင် ဝဲကျနေသော ဆံပင်တွေကို ဆတ်ခနဲခါပြီး…

'ဒါနဲ့ နေပါဦး၊ နင်က ကျောင်းလာတာ ဘာဖြစ်လို့ ကား ယူမလာတာလဲ'

ခြံတံခါးကိုဇွေပြီး အထွက်တွင် တစ်ဖက်ခြံမှ ထွက်လာသော မညွှန့်၏ ကားနှင့်တွေ့သည်။ 'ကျောင်းသွားမလို့ မဟုတ်လား' ဟု မညွှန့်ပြောသည်။

သူ ခေါင်းညိတ်သောအခါ အတူတူသွားဖို့ မညွှန့်ပြောသည်။ ဘတ်စ်ကားဖြင့် သွားမှာဖြစ်ကြောင်း သူပြောသည်။

မညွှန့်က ကားတံခါးကို ဖွင့်ပြီး မရမက ခေါ်တော့မှ အငြင်း ရခက်သဖြင့် သူ လိုက်ပါလာရခြင်းဖြစ်၏။

'ပြောလေ၊ ဘာဖြစ်လို့ ကားယူမလာတာလဲ'

ကားပျက်လို့ပါလို့ ပြောရအောင်ကလည်း နံပါတ်ပြောင်း တိုင်း လဲစီးနေကျ။

'ဘာရယ်လို့ မဟုတ်ပါဘူးဟာ၊ ဘတ်စ်ကား တွယ်စီး ကြည့်ချင်လို့'

ရှုံ့မဲ့သွားသော မျက်နှာသည် အလှမပျက်။



'ဒီလိုဆန္ဒမျိုး နင်မို့လို့ ဖြစ်ရတယ်၊ သုဝဏ္ဏနဲ့ ဒီနဲ့ နည်း နည်းနောနောခရီးလား၊ အဲဒီလို ကြောင်တောင်တောင်စကားမျိုးတွေ နင့်စာတွေထဲမှာ ထည့်မရေးပါနဲ့'

တောင်းပန်ဟန်ကို တမင်ပြု၍ ပြောသည်။

'ဒါတွေကို နင် နားမလည်ပါဘူး မညွှန့်ရယ်၊ အခြေခံ လူတန်းစားတွေအကြောင်းကို နင် မစာနာတတ်သေးဘူး'

'ငါက စာရေးမယ့်သူ၊ စာရေးမယ့်သူက ဘဝအမိပ္ပာယ် ကို ရေရေလည်လည်သိမှဖြစ်မှာ၊ ဇိမ်ခံကားကို အမြဲင့်သားစီး၊ ကိုကာကိုလာသောက်၊ တိုက်ပေါ်မှာထိုင်ပြီး ဘယ်ဘဝကိုမှမလေ့လာ ဘဲ ရေးနေလို့ကတော့ ရေပေါ်ဆီ လူတန်းစားတွေရဲ့ သိုသိုသိပ်သိပ် ဖောက်ပြန်မှုတွေကို အားရပါးရ ချီးကျူးပြီး ပေါက်ကရတွေပဲ ရေး တတ်လိမ့်မယ်'

မညွှန့်က ကားတံခါးသို့ တိုးရွှေ့ပြီး သူ့ကိုမော့ကြည့်လျက်

'နင့်လို လေပူလေသိမ်းမျိုးတွေ ငါ ကြားဖူးတယ်ဟ၊ ဒါပေမဲ့ ငါကြားဖူးတဲ့နေရာက ပညာတတ် အသိုင်းအဝိုင်းထဲကတော့ မဟုတ်ဘူး၊ လေတစ်လုံး မိုးတစ်လုံးပြောပြီး ထမင်းနပ်မမှန်တဲ့နေရာ အဝန်းအဝိုင်းမျိုးကပဲ'

မျက်နှာတည်ဖြင့် ပြောသည်။ နားထဲသို့ စူးနစ်စွာ ဝင် သော ထိုစကားကြောင့် ပြုံးနေဖို့ပင် ခက်ရ၏။ တုံ့ပြန်ရမည့်စကား

www.burmeseclassic.com

www.burmeseclassic.com



လက်နက်တွေ အပြည့်ရှိသော်လည်း ခန္ဓာအတွင်းသို့ မျိုချပစ်လိုက်ရသည်။

သို့သော် ပါးပါးလှပ်လှပ်လေးတော့ ပြူထွက်လာသေး၏။

'ပညာတတ်ဆိုတာ ဘာကိုပြောတာလဲ မဥ္ဇူ၊ အမ်အေတို့၊ အမ်အက်စ်စီတို့၊ ဘီအေတို့၊ အီဘာက်စ်စီတို့၊ အဲဒီဘွဲ့တွေရထားတဲ့ သူတွေကိုပြောတာလား'

တုံ့ပြန်သံကို မကြားရချေ။

'အဲဒီဘွဲ့တွေက စာကျက်ရင် ရပါတယ်ဟာ၊ ပိုင်ပိုင်နိုင်နိုင်သာ ကျက်၊ ဘွဲ့တစ်ဘွဲ့တော့ ရပါတယ်၊ ပညာတတ်ဆိုတာ ဘွဲ့ရရုံနဲ့ ပညာတတ် မဖြစ်နိုင်ပါဘူး၊ ဘွဲ့တွေ ဒီဂရီတွေထက် အများကြီးမြင့်တဲ့ အရာတွေကို သိနားလည်မှ ပညာတတ်။

'အခု နင်ရော ငါရော အမ်အက်စ်စီတက်နေတယ်၊ နင်က အဲဒီဘွဲ့ရဲ့ဂုဏ်ကို လိုချင်လို့တက်တာ၊ ငါက တကယ်လေ့လာချင်လို့တက်တာ၊ ပြီးတော့ မာမီ့ကို ကြိုးစားပြချင်လို့တက်တာ၊ ငါ့တစ်ကိုယ်တည်းဆို စာပေလောကထဲ တစ်ကိုယ်လုံး ဝင်ပစ်လိုက်တာကြာပြီ'

'ထားပါတော့၊ စောစောက နင်ပြောတဲ့ ထမင်းနပ်မမှန်တဲ့ အဝန်းအဝိုင်းမျိုးထဲမှာ နင်တို့ငါတို့ထက် အဆ ရာထောင်မက တတ်



ကျွမ်းတဲ့ ပညာတတ်တွေမရှိဘူးလို့ နင်ထင်နေသလား၊ ထမင်းအငတ်ခံပြီး ကဗျာတွေရေးနေတဲ့ ကဗျာဆရာတစ်ယောက်ရဲ့ အသိဉာဏ်က တိုက်ပေါ်မှာ ဖဲရိုက်နေတဲ့ ပညာတတ်တစ်ယောက်ထက် အများကြီးသာပါတယ်ဟာ'

ရေပေါ်ဆီ လူတန်းစားအများစု၏ အလေ့အထကို ထိပါးသွားမှန်း သိသည်။

မဥ္ဇူ မျက်လွှာချ၏။ သူက လွယ်အိတ်ကို ပခုံးပေါ်သို့ လွှဲတင်သည်။

'လောကကြီးက အကျယ်ကြီးပဲဟ၊ အဲဒီလောကအကျယ်ကြီးကို တိုက်ပေါ်က ငုံ့မကြည့်နဲ့၊ ထင်ထင်ရှားရှား မမြင်ရဘူး၊ မြေကြီးပေါ်ကို ခြေချပြီး လမ်းလျှောက်ကြည့်ရတယ်၊ တိုးဝှေ့ကြည့်ရတယ်'

ပြောပြီး မဥ္ဇူကို ကျောပေးသည်။ ကားစက်နှိုးသံသဲ့သဲ့ ကြားရသည်။

မဥ္ဇူရှိရာသို့ လည်ပြန်ကြည့်လျက်...

'ကားပေါ်မှာချည်းပဲ ထိုင်မနေနဲ့မဥ္ဇူ၊ အညောင်းမိပြီး ချိသွားလိမ့်မယ်'

ကားမောင်းသော ဦးလေးကြီး၏ မပွင့်တပွင့် အပြုံးကို သူ လှမ်းတွေ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မချူ အိမ်အကြိုတ်တွင် ကားကမောင်းထွက်သွား၏။ ဘွဲ့နှင်းသဘင်ကြီးကို ကိုယ်စား အားနာသည်။

❦ ❦ ❦

'တောင်ငူဆောင်ဘက် သွားမယ်'ဟု နွေသစ်က အုတ်ခုံပေါ်မှ ဆင်းလျက် ပြောသည်။

'ရာသက်ပန်ဆီ သွားမလို့လား'ဟု သူမေး၏။ နွေသစ်ခေါင်းညိတ်သည်။

ညိုအေးက...

'ဒီလ မဟေသီမှာ ရာသက်ပန်စာမူ ပါတယ်၊ အဲဒါ လက်ဖက်ရည်တိုက်ခိုင်းမလို့'

သူက သက်နိုင်၏နံဘေးတွင် ဝင်ထိုင်သည်။ ညိုအေးကို ကြည့်လျက်...

'မသွားပါနဲ့တော့ကွာ၊ လက်ဖက်ရည် ငါတိုက်ပါ့မယ်၊ အခုလောက်ဆို ရာသက်ပန်က အတန်းဝင်နေလောက်ပြီ'

'အဲဒီ အမျိုးသမီးက စာသင်ချိန်သွားရင် ဘယ်တုန်းက ထွက်လာခဲ့ဖူးလို့လဲ၊ သူ့စာသင်ချိန်ပြီးအောင်တော့ အလဟဿ ထိုင်မစောင့်ချင်ပါဘူး'

'ဒါဆိုလည်း ပြီးရော၊ လက်ဖက်ရည်တော့ မသောက်ချင်



ပါဘူး၊ အင်းလျားဘက်မှာ အကြော်သွားစားမယ်'ဟု သက်နိုင်က ပြောသည်။

သူ ခေါင်းညိတ်၏။

❦ ❦ ❦

ကုံးဘောင်ရိပ်အောက်မှအထွက်တွင် မချူအိမ်မှ ကားပြန်သွားသည်ကို လှမ်းတွေ့သည်။

သက်နိုင်က...

'နေမျိုး မင်းနဲ့မချူနဲ့ ငါတို့ဘက်ကို ကြည့်ပြီး ဘာတွေပြောနေတာလဲ'

အမှန်အတိုင်းပြောလိုက်လျှင် မေတ္တာပို့ကြမည်မှန်း သိသဖြင့်

'ကလပ်(စ်)ပြီးရင် သူ့ကားနဲ့ပဲ ပြန်ဖို့ပြောနေတာ၊ ငါက မင်းတို့နဲ့ပဲ ပြန်မယ်လို့ ပြောလိုက်တယ်'

'မသိပါဘူး။ ငါတို့က တစ်ခုခုကို ခွင့်ပန်နေသလားလို့'

'ခွင့်ယူရအောင် သူက ငါ့အုံနာမှ မဟုတ်တာ'

'မချူကို ကြည့်ရတာတော့ အုံနာဖြစ်ချင်ပုံပဲ'ဟု ညိုအေးက အရယ်မျက်နှာဖြင့် ပြောသည်။ မျက်နှာတည်ဖြင့် သူ ငုံကြည့်၏။ ပိုင်းဝန်းရယ်မောကြသဖြင့် မျက်နှာကို ထင်သလောက် မတည်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



'မနောက်ကြပါနဲ့ကွာ၊ မချူပာ ငါ့ရဲ့ငယ်သူငယ်ချင်းပါ၊ အမြဲတမ်းလည်း သူငယ်ချင်းပဲ ဖြစ်ရမယ်'

'ပြီးတော့ ချစ်ခြင်းမေတ္တာဆိုတဲ့အရာဟာ ဒီဘဝမှာ ငါ့အတွက် မဖြစ်နိုင်တော့ဘူး'

ရင်တွင်း လစ်ဟာသွားသည်ဟု ခံစားလိုက်ရသော နှုတ်စကား။

'ချစ်ခြင်းမေတ္တာဆိုတဲ့ အရာက ဒီဘဝမှာ မင်းအတွက် မဖြစ်နိုင်တော့ဘူး၊ ဟုတ်လား'

နွေသစ်က တအံ့တသြ မေးသည်။

ခေါင်းတစ်ချက်အညိတ်တွင် နှလုံးသည်းခြေ၌ လွမ်းမောစွာ ခံစားရ၏။

'နားမရှင်းဘူး' ဟု နွေသစ် ပြောသည်။

လှမ်းနေသော ခြေအစုံကို ရပ်တန့်ပစ်လိုက်ချင်မိသည်။ ခြေလှမ်းတွေ ခွေယိုင်လုမတတ် ခံစားရသည်မှန်း ကိုယ့်ကိုယ်ကိုယ် သိ၏။

'နားမရှင်လည်း ဒီအတိုင်းပဲ နေလိုက်တော့ကွာ'

ညှိုအေးက သူ့မျက်နှာကို အသေအချာ ငဲ့ကြည့်လျက်...

'တစ်ခုခုတော့ တစ်ခုခုပဲ'

ကြေကွဲစွာ ပြုံးမိသည်။



နွေထဲမှာ ရပ်တည်နေရသူဟု ကိုယ့်ကိုယ်ကိုယ် ထင်ချင်၏။

သို့သော် ချစ်ခြင်းမေတ္တာကို ပူလောင်ခြင်းဟု မယူဆစကောင်း။

'တစ်ခုခုလို့ပဲ သိထားပေါ့ကွာ၊ ဘာအကြောင်းလဲလို့တော့ ငါ့ကိုမမေးကြပါနဲ့၊ ဘဝတစ်ခုလုံးလောက် ကြီးမားတဲ့ အကြောင်းကိစ္စမို့လို့ အသက်နိုင်ဆုံးအထိ မျိုသိပ်ထားပါရစေ'

သက်နိုင်က သူ့ပခုံးကိုဖက်ပြီး...

'စကားသံထဲမှာ ဝေဒနာရဲ့အရိပ်တွေကို စတွေ့နေရပြီပဲ၊ ကေနွ ဝတ္ထုတစ်ပုဒ်ကို ကိုယ်တိုင်ဝင်ပြီး သရုပ်ဆောင်နေပြီထင်ပါရဲ့၊ ဟုတ်လား သူငယ်ချင်း'

မှဲ့ခနဲ ပြုံးမိသည်။

'မင်းပြောသလို ဝတ္ထုတစ်ပုဒ်သာဖြစ်ခဲ့ရင် ဇာတ်သိမ်းပိုင်းကို ကြည်ကြည်နူးနူး ပျော်ပျော်ရွှင်ရွှင်နဲ့ သိမ်းလိုက်ချင်တယ်ကွာ'

ကံ့ကော်ရနံ့တွေရသည်။ နှစ်ခြိုက်စွာ မရှုမိ။

လူမိုက်တစ်ယောက်ဟု ကိုယ့်ကိုယ်ကိုယ် ယိုးစွပ်ချင်သည်။ ပိုက်မိမှုကြောင့်ပင် ရင်မှာ ချစ်ခြင်းတရားတွေ ဖြစ်တည်ခဲ့လေသလား။

စဉ်းစားတွေးနေစဉ် သံယောဇဉ်မျက်နှာကို စွဲမက်ရှင်သိမ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



စွာ မြင်ယောင်သည်။ ချည်နှောင်မိသော သမုဒယကို ယခုဘဝမှာ တွယ်ငြိနိုင်ဖို့ မစွမ်းသာချေ။

အလွမ်းကဗျာတစ်ပုဒ်ဖြင့် ရင်ဖွင့်တင်လျှောက်ချင်သော်လည်း သခင်သိသင့် မသိသင့် ချင့်ချိန်တွက်ဆရသေးသည်။ ဝေးခဲ့သည်ရှိသော မျက်ရည်ကိုပင် အဖော်ပြုမိလေမလား။

၍ ၍ ၍

## (၂)

'နေမကောင်းဘူးလား သား'

မာမီက သူ့နံဘေးတွင် ဝင်ထိုင်လျက် မေးသည်။

'ကောင်းပါတယ် မာမီ'

'ကောင်းပါတယ်သာပြောတယ်၊ သားကိုကြည့်ရတာ ဟစ်ခုခုကို တွေးနေသလိုပဲ၊ မှိုင်တွေတွေနဲ့'

ခပ်လှမ်းလှမ်းရှိ မြတ်သစ္စာခိုင်က အရှေ့တွင်ထိုင်သည်။ သက်တီစားပွဲပေါ်ရှိ သစ်ခွပွင့်တွေကို အနေအထားပြုပြင်ရင်း…

'ကိုကို့ကို ပြောတာလား၊ မှိုင်တွေနေတယ်ဆိုတာ'

မာမီက 'ဟုတ်တယ် သမီး'ဟု ပြောသည်။

'မာမီရယ် ဒါများအဆန်းလုပ်လို့၊ ထုံးစံအတိုင်း အသည်းကွဲဝတ္ထုရေးဖို့ တွေးနေသလားမှ မသိတာ၊ ဟုတ်တယ် မဟုတ်လား ကိုကို'

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမညိတ်မိ။

ထိုင်ရာမှ ထသည်။

ရှပ်မြင်သံကြားစက် နံဘေးရှိ စားပွဲတင်ပန်ကာကို ဖွင့်သည်။

အခန်းတစ်ခုလုံးကို လေတိုးမယ့်နေရာတွင် ပြန်ထိုင်၏။ အိမ်၏ ပြင်ပသည် နွေရင်ပြင်တံလျှပ်တော…။

'ဒီမှာ သစ္စာ'

ခေါ်သံကြောင့် မြတ်သစ္စာခိုင် သူ့ကို ကြည့်သည်။

'နင့်စားမေးပွဲရက်တစ်လျှောက်လုံး နင်နဲ့အတူ ဘယ်သူရောပြီး အိပ်ရေးပျက်ခဲ့သလဲ'

မြတ်သစ္စာခိုင်က စဉ်းစားဟန်ကို တမင်ပြုသည်။

'ညီမလေးနဲ့ အတူရောပြီး အိပ်ရေးပျက်ခဲ့တာ'

မာမီ့ကို တစ်လှည့်၊ နေမျိုးကိုတစ်လှည့် ကြည့်သည်။ ပြီးမှ…

'ကိုကိုပေါ့'

ဟု ပြော၏။

'အိပ်ရေးတွေပျက်ထားတဲ့လူက လန်းလန်းဆန်းဆန်းရှိပါ့မလား'

နှုတ်တွေ့ရာ ပြောနေသည်ဟု ကိုယ့်ကိုယ်ကိုယ် သိသည်။



'ဟုတ်သားပဲ သမီးကလည်း ကိုကိုက သမီးကို စာသင်ပေးရတာတစ်မျိုး၊ သူ့စာကျက်ရတာ တစ်မျိုး၊ သမီးကို ကျောင်းပို့ကျောင်းကြို လုပ်ရတာတစ်မျိုး'

'သည့်ကြားထဲ စာရေးတာက ပါသေးတယ်၊ ပင်ပန်းရောပေါ့ သမီးရယ်'

'သမီးလည်း ပင်ပန်းတာပေါ့ မာမီရယ်၊ စာတွေလည်း အရမ်းကျက်ရတယ်၊ အိပ်ရေးတွေလည်း ပျက်သေးတယ်၊ ဂုဏ်ထူးပါအောင်လည်း ကြိုးစားပမ်းစား ဖြေရသေးတယ်၊ သည့်အထဲ အဆူခံ အငေါက်ခံရတာ ပါသေး'

နေမျိုး ထိုင်ရာမှ ထသည်။

'ဟော… သား စိတ်ဆိုးသွားပြီနဲ့တူတယ်'ဟူသော မာမီ့အသံကို အရယ်နှော၍ပြောမှန်းသိ၏။

ဧည့်ခန်းတံခါးကို တွန်းဖယ်သည်။ အိမ်ရှေ့ဆင်ဝင်အောက်သို့ အရောက်တွင် နောက်မှ ပြေးလိုက်လာသော ခြေသံကို ကြားရ၏။

သစ္စာ ခြေသံကို သိ၏။

'ကိုကို'

ခေါ်သံကြားသော်လည်း လှည့်မကြည့်။

'ညီမလေး နောက်တာပါ၊ စိတ်မဆိုးနဲ့နော်'

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုဖြစ်သူ၏ လက်မောင်းကို ဒီတွယ်တောင်းပန်နေရှာသည်။

‘နော်… လို့’

‘ပြီးရော၊ ပြီးရော’

ပြောလိုက်မိသည့်တိုင် စိတ်ထဲတွင် မကြည်လင်သေး။ အိမ်ဝင်းတစ်လျှောက် မြက်ခင်းပြင်သည် နွေရောင်အောက်တွင် စိမ်းသန့်လျက်ရှိ၏။

လက်ယာဘက်တွင် ဒန်းတစ်ခု။ ထို့နောက်ဘက်တွင် သစ်ခွမျိုးစုံကို စီရရီပြု၍ စိုက်ပျိုးထားသည်။ သစ်ခွပင်တွေ၏ အလွန်တွင် ပုဏ္ဏရိက်စည်းရိုး။

ပုဏ္ဏရိက်တွေ၏ ပြင်ပတွင် ဝင်းခတ်ထားသည့် သံတိုင်တွေကို အဖြူရောင်ဆေးတွေ သုတ်ထားသည်။

လက်ဝဲဘက်တွင် အိမ်ဝင်းတံခါး။

ဝင်းတံခါး၏ တူရူ ပေနှစ်ဆယ်မျှအကွာတွင် ကားဂိုဒေါင်ရှိ၏။

လက်ယာဘက် အိမ်ဝင်းတံခါးကိုမူ အသုံးပြုခဲသည်။ သော့ခတ်ထားသည်သာ များ၏။

‘ကိုကို… ညီမလေးကို စိတ်ဆိုးသွားတာလား’

‘မဆိုးပါဘူး’



‘စိတ်မဆိုးဘူးဆိုတဲ့ ကိုကို့မျက်နှာထားက အရမ်းတင်းမာနေတယ်’

‘မာမီကတောင် ပြောသေးတယ်၊ ကိုကို တကယ်စိတ်ဆိုးသွားတာနဲ့တူတယ်တဲ့၊ အဲဒါကြောင့် ညီမလေး လာတောင်းပန်တာ’

ငဲ့ကြည့်မိသည်။

တောင်းပန်သူ၏ မျက်နှာထားကို ကြည့်မြင်လျှင် စိတ်မကောင်းဖြစ်ရသည်။

ပြင်ပရှိ ကွင်းပြင်ကျယ်ကြီးကို ငေးကြည့်ရင်း…

‘ကိုကို စိတ်ညစ်နေတယ် ညီမလေးရယ်’

‘တကယ်’

တအံ့တဩ မျက်နှာထား။

‘စိတ်ညစ်တယ်လို့ ကိုကို ပြောတာ ဒီတစ်ခါပဲ ကြားဖူးသေးတယ်၊ ဘာအကြောင်းကြောင့်လဲဟင်၊ ညီမလေး သိခွင့်ရှိလား’

ခေါင်းကို ညင်သာစွာခါယမ်းပြလိုက်သည်။

‘မောင်နှမချင်းပဲ ကိုကိုရယ်၊ ဘာလဲ မမဥ္ဇူနဲ့ ရန်ဖြစ်ထားလို့လား’

‘အင်း’

ယုံကြည်သွားသဖြင့် တော်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါများ နောက်တော့ ပြန်တည့်သွားမှာပေါ့၊ ကိုကိုက အဖြစ်ကို သည်းတယ်'

ချစ်စနိုးပြုံးလျက် ပြောသည်။

နေ့အပူရှိန်သည် မလျော့ပါးသေး။

※ ※ ※

(၃)

'ဒါဆို စာမေးပွဲပြီးရင် လုံးချင်းဝတ္ထုတွေ စရေးတော့မယ် ပေါ့' ဟု နွေသစ်က ပြောသည်။

သူက 'ဟုတ်တယ်၊ ရေးချင်တာကြာပြီ၊ ဝတ္ထုတွေ၊ ကဗျာတွေက ကိစ္စမရှိဘူး၊ ကျောင်းစာတစ်ဖက်နဲ့ ရေးလို့ရတယ်၊ လုံးချင်းဝတ္ထုက ကျောင်းတစ်ဖက်နဲ့ ရေးရမှာ မလွယ်သလိုဘဲ၊ ကျောင်းစာကို ဒီနှစ်ပြီးရင် တော်ပြီ'

'သီးစပ်(စ်) မလုပ်ဘဲနဲ့ မင်းမာမီက သဘောတူပါ့မလား'

ညိုအေးက ဆေးလိပ်ငွေ့တွေကို မှုတ်ထုတ်ပြီး ပြောသည်။

'တူမယ် ထင်ပါတယ်၊ ဘဝတစ်လျှောက်လုံးမှာ မာမီက ငါတို့မောင်နှမ နှစ်ယောက်ကို ချုပ်ချုပ်ချယ်ချယ် မရှိခဲ့ပါဘူး၊ အခုလည်း အဆင်ပြေမှာပါ'

'ဘယ်တိုက်က ထုတ်မှာလဲ၊ မင်းဝတ္ထုတွေကို'

www.burmeseclassic.com

www.burmeseclassic.com



'ခရမ်းပြာစာသေက ထုတ်ပေးမှာ၊ ဝေရှည်ကျော်ဝတ္ထုတွေကို ထုတ်ဝေတဲ့တိုက်လေ'

'သြော်'

ဟု ညှိုအေးပြောသည်။

'မင်းကိုငါ အံ့သြတယ်'

သက်နိုင်ပြောစကားကို သူ နားမလည်မိ။ ပိန်သွယ်သော သက်နိုင်ကို အသေအချာ ကြည့်လျက်…

'ဘာများလဲ သက်နိုင်၊ ဘာကြောင့် ငါ့ကိုအံ့သြတာလဲ'

လှုပ်ခတ်နေသော ကံ့ကော်ရွက်တွေကို ငေးမောကြည့်လျက် သက်နိုင်၏ စကားသံကို နားစွင့်သည်။ ဂျဒ်ဆင်ဘက်မှ ကျောင်းသူတစ်စု၏ ရယ်မောသံကို ဆူညံစွာ ကြားရ၏။ လက်ကြားထဲမှ စီးကရက်ပြာကို မြေသို့ခြွေသည်။ ပြာကြွေရာအောက်တည့်တည့်တွင် ကံ့ကော်ရွက်ခြောက်တွေ ခင်းဖြန့်ထားသည်သို့ ရှိ၏။

'သူဌေးသားတစ်ယောက်က ကဗျာသမား၊ စာသမားဖြစ်တာ သိပ်ရှားပါးတယ်၊ အထူးသဖြင့် ကဗျာဆရာဖြစ်ဖို့က ပိုပြီး မလွယ်ဘူး၊ မင်းရေးတဲ့ ကဗျာတွေက သူဌေးသားတစ်ယောက်ရဲ့ ကဗျာတွေလို့ ဘယ်သူမှ ထင်မှာမဟုတ်ဘူး၊ နွမ်းမောသံတွေ ပါနေတယ်'

စကားမတုံ့ပြန်ဘဲ ငြိမ်လျက်သား နားထောင်နေသည်။



'စိမ်းခံကားပေါ်မှာ ငြိမ့်ငြိမ့်လေး ထိုင်နေနိုင်လျက်နဲ့ လေထန်ကုန်းမှာ ထိုင်ဝံ့တဲ့ မင်းကို ဂုဏ်ယူပါတယ်'

ကြည်လင်စွာ ပြုံးမိသည်။ အစိမ်းခံနားသို့ ရောက်လုလု စီးကရက်ကို နောက်ဆုံးဖွာရှိုက်သည်။ ကံ့ကော်ရွက်ခြောက်တွေနှင့် ဝေးရာသို့ စီးကရက်အစိခံကို လွှင့်ပစ်ပြီး…

'အမှန်ကတော့ကွာ၊ လေထန်ကုန်းမှာ ထိုင်တိုင်းလည်း ကဗျာချစ်တတ်တဲ့သူ မဖြစ်နိုင်ပါဘူး'

'ကဗျာချစ်တဲ့သူဆိုတာ ဒီလောကကြီးမှာ ရှားပါတယ်၊ ငွေချစ်တဲ့သူ ပိုများတယ်'

စကားတန့်သည်။ ပြီးမှ…

'ဂုဏ်ငွေတွေထက် ပိုပြီးလေးနက်တဲ့ အရာကို ရှာဖွေချင်တဲ့အသိကြောင့် ငါ ကဗျာတွေရေးမိတာပါ၊ ကဗျာတစ်ပုဒ်ဟာ ဘဝတစ်ခုရဲ့ ထွက်ပေါက်ပဲလေ'

စကားဆုံးသော်လည်း ရင်ထဲတွင် ပေါ့မသွားသေးချေ။ ထွက်ပေါက်မဲ့ ဝေဒနာကို ဘယ်မှာကြေညာရမည်မသိ။

❀ ❀ ❀

'ကိုကိုက ဆေးလိပ်အရမ်းသောက်တာပဲ'

သူထိုင်နေရာ ဒန်းပေါ်သို့ မြတ်သစ္စာခိုင် ဝင်ထိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



သောက်လက်စ စီးကရက်ကို ပြာခွက်ထဲသို့ ပြာခြွေရင်း သူ ပြုံး၏။ ဆေးလိပ်ပြာခွက်ထဲတွင် လုံးချေထားသော စီးကရက်အစီခံတွေ ဆယ့်လေးငါးလိပ်မက။

မြတ်သစ္စာခိုင်က ပြာခွက်ထဲမှ စီးကရက်အစီခံတွေကို ရေတွက်ဟန်ပြုသည်။ ပြီးမှ…

'ကိုကို စာရေးနေတာလား'

ရေးလက်စ စာမူစာအုပ်ကို ပိတ်လျက် သူခေါင်းညိတ်သည်။

မြက်ခင်းစိမ်းပေါ်တွင် ချထားသော သားရေဖိနပ်ပေါ်သို့ ခြေထောက်ကို ဖွဖွတင်သည်။ မြတ်သစ္စာခိုင်က ဘေးတစ်ဖက်တစ်ချက်သို့ သွယ်ကျနေသော ဆံပင်ရှည်ရှည်လေးတွေကို ကျောနောက်သို့ ပို့သည်။

မြက်ခင်းပြင်ပေါ်သို့ ခြေထောက်လျက် ဒန်းကို စဉ်းငယ်ရွေ့လျားလှုပ်ရှားယမ်းစေလေ၏။

'စာရေးတာက နည်းနည်း ဆေးလိပ်သောက်ရင်း အတွေးဆန့်နေတာက များများ'

နေမျိုးကို စမ်းစစ်စူးစိုက်စွာ ကြည့်လျက် မြတ်သစ္စာခိုင်ပြောသည်။ နေမျိုးက အနည်းငယ်သာ ကျန်ရှိတော့သော စီးကရက်ကို ပြာခွက်ထဲသို့ ထိုးချေလိုက်ပြီး…



'စာရေးတယ်ဆိုတာ အရင်ဆုံးတွေးပြီး နောက်မှ ရေးရတာလေ'

ထိုစကားကြောင့် လျပစွာ ပြုံးသည်။

'ကိုကို့ကို ကြည့်နေတာ ကြာလှပြီ၊ စာရေးဖို့တွေးနေတာမျိုး မဟုတ်ဘူး၊ သက်ပြင်းချသံကိုတောင် ကြားမိသေးတယ်၊ စောစောက…'

မလုံမလဲဖြင့် မျက်နှာလွှဲမိသည်။

'ကိုကို ဘာတွေတွေးနေတာလဲဟင်၊ ကိုကို့ကြည့်ရတာ ရည်းစားပူမိနေသလိုပဲ'

'ညီမလေးကလည်း ပြောရှာမယ်၊ ပေါက်ကရ၊ ကိုကို ဝတ္ထုရေးဖို့ စဉ်းစားနေတာပါ၊ အဟုတ်ပြောတာ၊ တကယ်'

ယုံကြည်စေချင်၍ ယုံအောင်ပြောရသော်လည်း မယုံကြည်နိုင်မှန်း သိသည်။ အိမ်ဝင်းအပြင်ဘက် ကွင်းပြင်မှ တိုက်ခတ်သော လေပြည်နုကြောင့် မြတ်သစ္စာခိုင်၏ ဆံနွယ်စတွေ လှပစွာ ယိမ်းကနေသည်။ ပြည်ပဖြစ် ဝတ်စားဆင်ယင်မှုမျိုးကို မဆင်မြန်းထားသော်လည်း ဘိုမရုပ်လေး တစ်ရုပ်ကဲ့သို့ လှပနေသည်ဟု ထင်မြင်သည်။

'ကိုကိုကလည်း မောင်နှမချင်းချင်း လျှိုနေပြန်ပြီ၊ သစ္စာ ပသိရင် ခက်မယ်၊ ကိုကို ဖီလင်တစ်ခုခု ဝင်နေတယ် မဟုတ်လား'

'မဟုတ်ဘူး'ဟုသာ ပြောခွင့်ရလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်ရှိရာသို့ လှမ်းလာနေသော မာမီ့ကိုမြင်သဖြင့် စကားသံတွေရပ်တန့်၏။

အနားသို့ ရောက်သောအခါ မာမီက…

'မချူ ဖုန်းဆက်တယ်'

'သားကို ဆက်တာလား'ဟု မေးပြီး ထိုင်ရာမှထဖို့ ပြင်သည်။ မာမီက သူ့ပခုံးကို လက်တင်လျက်…

'မာမီနဲ့ ပြောပြီးပါပြီ၊ ဗိုလ်ချုပ်ဈေးသွားဖို့ အဖော်ခေါ်မလို့တဲ့၊ သားကို'

နေရာတွင် ပြန်ထိုင်ရင်း…

'သား စာရေးနေတယ်လို့ မာမီ မပြောလိုက်ဘူးလား'

'ဒီအတိုင်း ဆင်းထိုင်နေတယ် အောက်မေ့လို့ မာမီ မပြောလိုက်မိဘူး၊ နောက်တစ်ခု ပြောသေးတယ်'

'ဘာများလဲ မာမီ'

မေးလျက် သူကနေရာရွှေ့ပေးသည်။ မာမီက အပါးတွင်ဝင်ထိုင်၏။

'သားက စာတမ်းတင်ဖို့ မလုပ်တော့ဘူးဆို၊ အဲဒါကိုမေးချင်လို့ မာမီဆင်းလာတာ၊ မချူပြောတာ ဟုတ်လား'

သူ ခေါင်းညိတ်သည်။

မာမီက အပြုံးမပျက်။



'မာမီကတော့ သားကို မချူနဲ့အတူတူ ဖြစ်နေချင်တာပဲ'

'သား နားလည်ပါတယ် မာမီ၊ ဒါပေမဲ့ သား မအားလပ်တော့ဘူး၊ ကဗျာတွေ၊ ဝတ္ထုတွေ ရေးဖို့အချိန်တွေ အများကြီးလိုနေပြီ'

'ဖတ်ရ မှတ်ရ၊ လေ့လာရ ရေးသားရမှာနဲ့ ကျောင်းစာတစ်ဖက်နဲ့ဆိုရင် ဟိုမရောက် ဒီမရောက်ဖြစ်လိမ့်မယ်၊ သား ကဗျာဆရာ စာရေးဆရာပဲ ဖြစ်ချင်တယ် မာမီ၊ ကျူတာဘာမှ မဖြစ်ချင်ဘူး'

မာမီက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်သည်။

မာမီက မြတ်သစ္စာခိုင်နှင့် နေမျိုးတို့၏ ပခုံးပေါ်သို့ လက်နှစ်ဖက်ကို ဆန့်တန်းလျက်တင်ပြီး…

'ဘွဲ့ထူးဂုဏ်ထူးတွေကို မက်မောလွန်းလို့ မာမီပြောတာမဟုတ်ပါဘူး၊ သားနဲ့မချူနဲ့က ငယ်ငယ်ကတည်းက တစ်ရွယ်တည်းတစ်တန်းတည်း အစတူသလို အဆုံးလည်း တူစေချင်တယ်၊ ဘာရယ်လို့ မဟုတ်ပါဘူး သားရယ်၊ ဘဝအခြေအနေချင်း တူလျက်နဲ့…မို့သားသမီးတွေ တခြားသူနဲ့ ယှဉ်လိုက်ရင် တစ်ခုခု လိုအပ်နေသလို ဖြစ်မှာကို စိုးရိမ်မိတာပါ'

'မစိုးရိမ်ပါနဲ့ မာမီရယ်၊ သမီးတစ်ယောက်လည်း ရှိသေးတယ်'ဟု မြတ်သစ္စာခိုင်က ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'သမီးကော ကဗျာဆရာမပဲ လုပ်မှာလား'

'ဟင့်အင်း… ကိုကိုရေးတဲ့ ကဗျာတွေကိုဖတ်ပြီး ခံစားမှာ'

'သမီးကလည်း အလာကြီးပဲ'ဟု မာမီ ပြောသည်။ မာမီက နေမျိုးဘက်သို့ မျက်နှာမူလျက်…

'ကဲပါ သားလုပ်ချင်တာ လုပ်၊ မာမီ ခွင့်ပြုတယ်'

'ကျေးဇူးပါပဲ မာမီရယ်'

မာမီ့ကို ဖက်ပြီး သူပြောသည်။

'သိပ်ကျေးဇူးတင်ပါတယ်၊ မာမီ့လို မိခင်မျိုး ဒီလောကမှာ ရှိလိမ့်မယ် မထင်ပါဘူး'

မျက်ရည်များပင် စို့ရချေသည်။ မာမီ့အပြုံးတွင်လည်း မျက်ရည်ရောင်တွေ လဲ့နေ၏။

❀ ❀ ❀

## (၄)

'နင့်ကို ငါ အံ့သြတယ် နေမျိုး'

ခပ်လှမ်းလှမ်းတွင် ရပ်ထားသော အဖြူရောင်ကားလေးကို ငေးကြည့်ရင်း မဥ္စူ ပြောသည်။

'သီးစစ်(စ)မလုပ်တော့တာကို ပြောတာလား'

သူက စီးကရက် မီးညှိရင်း ပြော၏။

'အဲဒါလည်းပါတယ်၊ ပြီးတော့ ဘာမဟုတ်တဲ့ အလုပ်ကို ဖောက်ချလုပ်တော့မယ်ဆိုတာကိုရော'

ရှိုက်သွင်းလုလု စီးကရက်မီးခိုးငွေ့တွေကို မှုထုတ်မိလျက်သား ဖြစ်သွားရ၏။ အအေးငွေ့တွေ ပြန့်နေသော ဖန်ခွက်ကို ကြည့်ငြိုင်လျက် အပူငွေ့တွေဟု ထင်ချင်သည်။

'စကားကို ဆင်ခြင်ပြောပါ မဥ္စူရယ်၊ ငါ့ကို စော်ကားချင်စော်ကားပါ၊ ငါ့အလုပ်ကို မစော်ကားပါနဲ့၊ စာအုပ်စာပေကို မစော်ကားပါနဲ့'

www.burmeseclassic.com

www.burmeseclassic.com



လေသံမာသွားမှန်း ကိုယ့်ကိုယ်ကိုယ် သိသည်။

မဥ္ဇူ မျက်နှာထားသည် အရောင်မပြောင်းလဲသေး။ ဆိုးဆေးကြောင့် နီရဲနေသော နှုတ်ခမ်းပါးသည် လှလွန်းပါလျက် တမင်မဲ့နေသောကြောင့် အကျည်းတန်နေချေ၏။ တူညီစွာ ပြုံးရယ်နေစေချင်သည်။ မည်သူတစ်ဦးတစ်ယောက်မျှ ဆန့်ကျင်ကွာဟလိုခြင်း အလျဉ်းမရှိ။ သို့သော် ခက်ခဲလွန်းသော ကိစ္စဟု သိရှိထားရ၏။

'ငယ်ငယ်လေးကတည်းက နင်နဲ့ငါဟာ စိတ်တူကိုယ်တူ သူငယ်ချင်း၊ အရွယ်ရောက်လာလို့ အသိဉာဏ်တွေ တိုးတက်ရတော့မယ့် အချိန်အခါရောက်တော့မှ အတွေးအခေါ်ချင်းက မတူကြတော့ဘူး၊ အဲဒါကို ငါ စိတ်မကောင်းဖြစ်မိတာ အမှန်ပဲ မဥ္ဇူ၊ နင့်မှာ ပညာတတ်ဘွဲ့တွေ ဝင်နေတယ်၊ ကိုယ့်အဆင့်အတန်း၊ ကိုယ့်အသိုင်းအဝိုင်း ကိုယ့်ဝန်းကျင်ကိုသာ ကောင်းမွန်မြင့်မြတ်တယ်လို့ ထင်နေတယ်၊ အတ္တမကြီးချင်စမ်းပါနဲ့ မဥ္ဇူရယ်'

'ငါ အတ္တကြီးတာ မဟုတ်ဘူး နေမျိုး၊ စေတနာနဲ့ ပြောတာ၊ ကဗျာရေးတဲ့အလုပ်၊ စာရေးတဲ့အလုပ်ထက် ပိုပြီးကြီးကျယ်တဲ့ အလုပ်မျိုး လုပ်စေချင်တယ် နင့်ကို'

'နင့်မာမီက ချမ်းသာလို့ တော်သေးတာပေါ့၊ အကယ်၍များ ဆင်းဆင်းရဲရဲ ရုန်းကန်နေရမယ်ဆိုရင် ဘယ်လိုလုပ်မလဲ၊ မိသားစုတာဝန်ကို စာရေးတဲ့အလုပ်နဲ့ ဘယ်လိုလုပ်ယူမလဲ'



အလေးအနက်ထား၍ ပြောနေမှန်း သိသည်။ မဥ္ဇူသည် ပြဒါးသုတ်ထားသော ပြည်ပဖြစ် မျက်မှန်ကို တပ်ဆင်ထား၏။ အနောက်တိုင်း အဆင်အပြင်နဲ့ လှလွန်းနေသော ပြည်တွင်းဖြစ် မျက်နှာလေးကို ငေးကြည့်လျက်…

'စာပေနဲ့ စီးပွားရှာမှာမှ မဟုတ်ဘဲ၊ ဘဝရပ်တည်ဖို့အတွက် ငါ စာရေးနေတာ မဟုတ်ဘူး၊ စာရေးဖို့အတွက် ဘဝရပ်တည်နေတာ'

'ဆင်းရဲလည်း စာရေးမယ်၊ ချမ်းသာလည်း စာရေးမယ်၊ ထမင်းတစ်လုတ်စားဖို့ကတော့ နင်လည်း ကြားဖူးမလား မသိဘူး၊ ဘဘမှိုင်းရဲ့ စကား'

'ဘဘမှိုင်းဆိုတာ ဘယ်သူလဲ'

ကိုယ့်ကိုယ်ကိုယ် တိုင်နှင့်ခေါင်းနှင့် ဆောင့်ပစ်လိုက်ချင်သည်။

'သခင်ကိုယ်တော်မှိုင်းကို ပြောတာ'

မကျေနပ်စွာ ပြောမိသည်။

'ဘဘမှိုင်းက ပြောဖူးတယ်၊ ထမင်းတစ်လုတ်ကို ထင်းခုတ်စားလည်း ရတယ်တဲ့'

နားလည်လက်ခံဟန် မတူသေး။

ခနဲ့ပြုံးကို မဲ့တဲ့တဲ့ ပြုံးလျက်…

www.burmeseclassic.com

www.burmeseclassic.com



'ဒါက နင်တစ်ယောက်တည်းအတွက်တော့ ဟုတ်တာပေါ့၊ ငါပြောတာ မိသားစုအတွက်ပါ ပါတယ်'

ကိုယ့်ကိုယ်ကိုယ် စိတ်ကိုတတ်မှန်း အခုမှ သိရသည်။ စိတ်မရှည်ချင်တော့သော်လည်း အချက်ဒေါသဟူသည် ဖြင်ပသို့ မရောက်စကောင်း။

'ငါ့မိသားစု ဟုတ်လား မချူ'

ခေါင်းညိတ်သည်ကို တွေ့ရသည်။ စီးကရက်ကို ဖွာစဉ်တွင် မချူက အအေးဖန်ခွက်ကို မထိတထိ မော့သောက်၏။ ဖန်ခွက်ကို စားပွဲပေါ်တွင် တင်သောအခါကျမှ နေမျိုးက…

'ငါဆိုတာ အတ္တပဲ၊ ငါ့မိသားစု၊ ငါ့အသိုင်းအဝိုင်းဆိုတဲ့ စိတ်ထားမျိုး ငါမမွေးချင်ဘူး'

'ငါအသက်ရှင်နေတာ အများကြီးအတွက် အသက်ရှင်နေတာ၊ လူတွေအားလုံးကို ငါ့ရဲ့အတွေးတွေ အမြင်တွေကို ပြောပြချင်တယ်၊ အဲဒါကြောင့်လည်း ငါကလောင်ကိုင်တာ'

'မိဘကျေးဇူးဆိုတာကိုရော ဆပ်ဖို့ ထည့်မစဉ်းစားတော့ဘူးလား'

ထိုစကားကြောင့် မချူကို တလေးတစား ကြည့်မိသေးသည်။



'ကောင်းတာ မှန်တာကို လုပ်နေသမျှ မိဘကျေးဇူးကို ဆပ်တာပေါ့ မချူရဲ့'

ခေါင်းယမ်းသည်ကို တွေ့ရ၏။

'လက်တွေ့မကျတဲ့ စကားပဲ၊ စိတ်ကူးယဉ်ဆန်တယ်' ဟု မချူ ပြောသည်။

'ငွေပုံကြီး ပုံပြီး ထိုင်ကန်တော့မှ မိဘကျေးဇူးဆပ်တာလား'

'အဲဒါတော့ မပြောတတ်ဘူး၊ ဒါပေမဲ့ အမေ မိဘက လိုချင်တာများရှိခဲ့ရင် ငွေရှိမှ ဖြည့်ဆည်းပေးနိုင်မယ်ဆိုတာကိုတော့ သိတယ်'

'ငွေသာလျှင် အရေးအကြီးဆုံးလို့ နင်ဆိုလိုတာလား'

'ဆိုလိုတာ မဟုတ်ဘူး၊ အတိအလင်း ပြောတာ'

'နင် မှားနေပြီ မချူ'

'ဟင့်အင်း… မှားတယ်လို့တော့ မပြောနဲ့၊ လက်မခံဘူးလို့ ငြင်းချင်ငြင်း၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့အမှန်တရားက နင့်အတွက် မှား၊ နင့်အမှန်တရားက ငါ့အတွက် အမှားဖြစ်နေတယ်လေ'

'ဘာပဲဖြစ်ဖြစ် ငါ စာရေးတာတော့ နင် ရှုတ်မချသင့်ဘူး'

'ရှုတ်ချတာမှ မဟုတ်တာ၊ မတွယ်တာလွန်းဖို့ ပြောနေတာ။ ...ရောက်ပြီး စာတမ်းတင်ပြီးမှ ဆက်ရေးစေချင်တယ်၊ သိပ်ပြီး တွယ်

www.burmeseclassic.com

www.burmeseclassic.com



တာလွန်းတယ်ဆိုရင်လည်း အချိန်နည်းနည်းလောက် အောင့်အည်းထားလိုက်စေချင်တယ်'

'အချိန်ယူပြီး စဉ်းစားလိုက်ဦးမယ်' ဟု သူ ပြောသည်။

'နတ်ပြည်တင်နေတာတောင် ချက်ချင်းမလိုက်ချင်ဘဲကိုး'

ဟု မဒူ ခနဲ့စကားဆိုသည်။

'ဒီထက်မြင့်တဲ့ ဘုံကို ငါ ရောက်ချင်လို့ပါဟာ' ဟု သူ ပြော၏။ စီးကရက်သောက်ဖို့ မေ့နေသည်။

※ ※ ※

ရေနံ့သာလမ်းဘက်ကို လမ်းလျှောက်ထွက်ချင်ကြောင်း မြတ်သစ္စာခိုင်က သူ့ကိုပြောသည်။ မာမီ့ကို အသိပေးပြီး ထွက်ခဲ့ကြ၏။ အိမ်ဝင်းထဲမှ အထွက်တွင် မဒူတို့ ခြံဘက်သို့ လှမ်းကြည့်သေးသည်။ ခြံဝန်းကျယ်လွန်းသဖြင့် သဲသဲကွဲကွဲ မမြင်ရ။

'ကိုကို'

ကျွန်းရွှေဖြိုင်လမ်း၏ သုံးချိုးနှစ်ချိုးလောက်အရောက်တွင် မြတ်သစ္စာခိုင်က သူ့ကိုခေါ်၏။ ငဲ့ကြည့်သောအခါ ပြုံးနေသည်ကို တွေ့၏။

ဆည်းဆာရောင်တို့ မှိန်ဖျော့သွားချေသည်။

'ကိုကို့ကို တစ်ခုပြောချင်လို့'



ပြောမည်ဟူသော အကြောင်းအရာကို တွက်ဆ၍ မရသဖြင့်…

'ဘာများလဲ ညီမလေး'

အပြုံးတို့ လွင့်ပျယ်လျက် ခေါင်းငုံ့သွားသည်။ ဝင်းပ မျက်နှာပေါ်သို့ ဆံနွယ်စအချို့ မခို့တရို့ သွယ်ကျသည်။ ဆည်းဆာလေပြည်က ဆံနွယ်စတို့၏ ပိုင်ဆိုင်ရာကို နယ်လုခေတ်သွေးသွားလေ၏။

မဝံ့မရဲ မျက်နှာလေးကို ညှာတာစွာ ငဲ့ကြည့်လျက်…

'ပြောပါ ညီမလေးရဲ့၊ ကိုကို မဆူပါဘူး'

'ဆူမှာစိုးလို့ မဟုတ်ပါဘူး၊ ဆရာ လုပ်သလို ဖြစ်နေမှာနိုးလို့'

ပြုံးလျက်…

'ဆရာ လုပ်တယ်လို့ ကိုကို မထင်ပါဘူး၊ ကိုကို့အတွက် ပြောမှာ မဟုတ်လား၊ ကျေးဇူးတောင် တင်ရဦးမယ်၊ ပြော…'

ကျွန်းရွှေဖြိုင်လမ်းထိပ်သို့ ရောက်လာသည်။ ကားလမ်း မကူးသေးဘဲ ခြေတန့်လျက်…

'ညီမလေးက ကိုကို့ထက် အသက်ငယ်ပါတယ်၊ အတန်း ပညာချင်းရော အတွေးအခေါ်ချင်းရော အရမ်းကွာမှာပါ'

ဟူသော စကားကို သဘောကျမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမဲ့ ညီမလေး ကိုကို့ကို တိုက်တွန်းစရာတစ်ခုရှိတယ်၊ မိကျောင်းမင်း ရေခင်းပြတာလည်း မဟုတ်ပါဘူး'

'မဟာသီပွဲဘွဲ့အတွက် ကိုကို စာတမ်းပြုစုပါလား'

ပြောမည်ဟု မထင်သော အကြောင်းစကား။

'မာမို့ဆန္ဒကလည်း ဒီအတိုင်းပဲ ကိုကို၊ ကိုကို စိတ်မပါဘဲ လုပ်နေမှာစိုးလို့ မာမီ မပြောတာ'

သက်ပြင်းချမိချေသည်။

'လမ်းမလျှောက်ချင်တော့ဘူး၊ အိမ်ဘက် ပြန်လှည့်မယ်'

ဟု မြတ်သစ္စာခိုင် ပြောပြီး ကျွန်းရွှေမြိုင် လမ်းထဲသို့ ပြန်ဝင်သည်။ လမ်းပေါ်တွင် လူအသွားအလာ ခပ်ကျဲကျဲရှိ၏။

အိမ်ဝင်းတစ်ခုမှ ကားတစ်စီး ထွက်လာသဖြင့် လမ်းဘေးသို့ ကပ်ပေးကြရသည်။ ထိုကားလွန်သွားသောအခါ နေမျိုးက...

'ကိုကို အလုပ်တွေ မအားဘူး ညီမလေးရဲ့၊ စာရေးရတာ တစ်ဖက်၊ စာဖတ်ရမှာ တစ်ဖက်၊ ပြီးတော့ ထုတ်ဝေသူနဲ့က စာချုပ်ချုပ်ထားပြီးသား'

မြတ်သစ္စာခိုင်က တူရူသို့ ငေးကြည့်လျက်...

'တကယ်လုပ်ချင်ရင် အဟုတ်ဖြစ်ပါတယ် ကိုကိုရာ၊ ကိုကို အလုပ်ရှုပ်တယ်ဆိုတာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ တစ်ဝက်လောက်တောင် ရှိမှာမဟုတ်ပါဘူး နော်ကိုကို'



ပြောပြီး ပြုံးလျက် ငဲ့ကြည့်သည်။ ဆံပင်တွေကို ဘီးကုပ်ဖြင့် ပင့်၍ တင်ထားသောကြောင့် မျက်ခုံးနက်လေးတစ်စုံကို ရှင်းသန့်စွာမြင်သည်။

'ညီမလေးပြောမှပဲ ကိုကို့စိတ် နှစ်ခွဖြစ်ရတော့မယ်'

'ဝတ္ထုရေးတာပဲ ကိုကို့ရယ်၊ ဘာခက်တာမှတ်လို့၊ ညီမလေးတို့အရွယ် ဆေးတက္ကသိုလ်ကျောင်းသူတွေတောင်မှ ကျောင်းတက်ရင်းနဲ့ ယော... တစ်အုပ်၊ ယော... တစ်အုပ်ရေးနိုင်ကြသေးတာပဲ၊ ကိုကိုက ယောက်ျားပဲ၊ ပိုပြီးတော့တောင် အရေးသွက်ရမှာပေါ့'

ရယ်မောမိသည်။

'ကိုကို့မှာ အဲဒီလောက် မတော်ဘဲ ညီမလေးရယ်'

'မရဘူး၊ ကိုကိုက တော်ပါတယ်၊ ကိုကို့ကဗျာတွေ ဝတ္ထုတွေကို ညီမလေးဖတ်နေကျ'

'စာတမ်းလည်း တင်ရမယ်၊ ကဗျာတွေရော ဝတ္ထုရော ရေးရမယ်၊ ဒါပဲ'

မျက်နက်ဝန်းလေး ထောင့်ကပ်လျက် ပြောသည်။

'ခက်ပြီ'

'မခက်ပါဘူး၊ ညီမလေးကို မချစ်ဘူးလား၊ မာမို့ကိုရော ချစ်ဘူးလား၊ ပြော'

'ချစ်တော့ ချစ်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



စကားကို ရှေ့ဆက်ခွင့်မရ။

'ချစ်ရင် ညီမလေးပြောတဲ့အတိုင်းလုပ်'

နားနှစ်ဖက်ကို ပိတ်သည်။

'ကိုကို ဘာမှမပြောနဲ့တော့ ညီမလေး မကြားဘူး'

ပြောမည်ဟန်ပြင်သည်။ မြတ်သစ္စာခိုင်က ပြုံးလျက် ခေါင်းခါပြီး...

'ဟင့်အင်း... မကြားဘူး၊ လုံးဝ မကြားဘူး'

မျက်နှာကိုပင် လွှဲဖယ်လိုက်သေးသည်။

ဆံနွယ်စတွေ လေတွင်လှိုင်း...။

❦ ❦ ❦

## (၅)

အမိပတိလမ်းပေါ်တွင် အသွားအလာတွေ စိပ်စိပ်ရှိသည်။

စာကြည့်တိုက် ရှိရာဘက် အုတ်ခုံပေါ်မှ ကျောင်းသားတစ်စု၏ ရယ်မောသံကို စီခနဲ ကြားရသည်။ ကျောပေးထားသော စာသင်ဆောင်တွေဘက်သို့ နွေသစ်က လှည့်ကြည့် လှည့်ကြည့် လုပ်နေသည်။ ဇင်ဇင်ဝေကို မျှော်နေသည်မှန်း သိသာ၏။ သက်နိုင်က မြမြစိမ်းလာနေကျ ထင်းရှူးပင်တန်းဘက်သို့ တမျှော်တခေါ်ငေးမောသည်။ ညိုညိုသိန်း ကျောင်းမတက်သဖြင့် သူနှင့်စကားဖော် ညိုအေး တစ်ယောက်သာ ရှိနေသည်။ ဒါတောင် ညိုညိုသိန်း ကျောင်းတက်လျှင် စကားပြောဖော်မဲ့လိမ့်မည်မှာ သေချာ ဖြစ်၏။

'မင်းညီမက ဘယ်ဆိုးလို့လဲ၊ အစ်ကိုကို စည်းရုံးနိုင်သားပဲ'

ညိုအေး စကားကို သူ ပြုံး၍နားထောင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



'မင်းညီမ အိုကိုရတယ်ဆို'ဟု နွေသစ်က သူ့ဘက်လှည့်ပြီး ပြောသည်။ သူခေါင်းညိတ်၏။

သက်နိုင်က...

'ငါတို့နဲ့ မိတ်ဆက်မပေးတော့ဘူးလား'

'တခြားအခွင့်အရေးကို တောင်းပါကွာ'ဟု သူ ပြောသည်။

ညီအေးက ရယ်လေ၏။

'ဘာရယ်တာလဲ'

'မင်းစကားကို သဘောကျလို့'

နွေသစ်က...

'ဒီကောင် သူ့ညီမကို တော်တော်ချစ်ပုံရတယ်'

'ချစ်တာပေါ့ကွ၊ ပြေးကြည့်မှ ဒီမောင်နှမနှစ်ယောက်တည်းရှိတာ'

'ငါတို့လည်း ချစ်ပါရစေကွာ'ဟု သက်နိုင်က မျက်နှာတည်ဖြင့် နောက်သည်။

'မြမြစိမ်းလာရင် ငါ တိုင်မယ်'

သူ့စကားကြောင့် သက်နိုင် မျက်လုံးဝိုင်းသွားသည်။

'ပါးစပ်က နောက်တာပါကွာ၊ ရင်ထဲက မပါပါဘူး၊ ရင်ထဲမှာ စိမ်းဆိုမှ စိမ်းပဲ'

'ဒါဆိုလည်း ပြီးရော၊ ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်'



နွေသစ်နှင့် ညီအေးတို့ဘက်သို့လှည့်ပြီး...

'မင်းတို့လျှောက်ပြန့်သံပေး နှစ်ကောင်လည်း သတိထား၊ ဇင်ဇင်ဝေနဲ့ ညိုညိုသိန်းတို့ ဝန်းကျင်မှာ မင်းတို့နှစ်ယောက်စလုံး သားကြီးမယားကြီးတွေ ရှိတယ်ဆိုတဲ့ သတင်း ပျံ့နှံ့သွားမယ်၊ ငါ့ညီမကို နောက်ရင်...'

ညီအေးက ချွေးစို့နေသော နဖူးကို လွယ်အိတ်ကိုင်းဖြင့် သုတ်လျက်...

'မနောက်နဲ့ဆိုလည်း မနောက်ပါဘူးကွာ၊ လျှောက်ပြန့်သံပေးဘွဲ့ကိုတော့ နေရင်းထိုင်ရင်း မယူပါရစေနဲ့'

'လျှောက်ပြန့်သံပေး မဟုတ်ရင် လျှောက်ပြန့်မျှော်ငေး၊ ပါမှမဟုတ် လျှောက်ပြန့် ခြေညောင်းပေါ့၊ ဟုတ်တယ်မဟုတ်လား'

'မဟုတ်ဘူး'ဟု နွေသစ်က လေသံပျော့ဖြင့် ငြင်းဆိုသည်။

'အတိအကျ မငြင်းနဲ့လေ၊ ညိုညိုသိန်းဆိုတာ ပထမနှစ်ကတည်းက ငါတို့နဲ့ တစ်ခန်းတည်း ကျောင်းပဲပြီးကြတော့မယ်၊ ခုထိ ညီအေးတစ်ယောက် မိုင်တစ်ရာအကွာက ရစ်လို့ကောင်းနေတုန်း'

'မင်းလည်း အတူတူပဲ၊ မဇင်ဇင်ဝေနဲ့ အိမ်နီးချင်း၊ ရေးလိုက်ပို့လိုက်တဲ့ ကဗျာတွေ၊ မဂ္ဂဇင်းမှာ တစ်ပုဒ်ပြီး တစ်ပုဒ်၊ ဘာတဲ့...'

'မပြောလည်းခက်၊ ပြောလည်းခက်နဲ့၊ ရှေ့ဆက်ခက်

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုတ်ခက်သည်၊ ပင်ပန်းလှပြီ မမဝေတဲ့၊ ရုပ်ရှင်အောင်လံထဲက ကဗျာ၊ ဒီလိုပဲ မဂ္ဂဇင်းအားကိုးနဲ့ ရည်းစား စာရေးနေတော့မှာလား၊ ကိုယ်တိုင်ဖွင့်ပြောဖို့ကျတော့ ငရဲမီးထဲ လက်နှိုက်ရမှာကျနေတာပဲ'

မချိုပြုံးတွေကို တွေ့ရသည်။

'ထားပါတော့ မောင်နေမျိုးရယ်၊ မရတာ ရတာအပထား၊ ငါတို့က ဘယ်သူဘယ်ဝါဆိုတဲ့ နာမည်လေးတွေတော့ ကိုယ်စီရှိကြတယ်၊ မင်းလို လျှို့မထားဘူး'

'တစ်ဘဝ၏ ငါ့အဖြစ်ကို သံသရာတစ်ခုလုံးအထိ သခင်ပိုင်ဆိုင်စေသည်တဲ့၊ မင်း စာအုပ်နောက်ဆုံးစာမျက်နှာမှာ အဲဒီအကြောင်းတွေချည်းပဲ ရေးထားတာ စာမျက်နှာအပြည့်'

'အကြောင်းမဲ့ရေးထားတာ မဖြစ်နိုင်ဘူး၊ အဲဒီသခင်ဆိုတာ ဘယ်သူလဲ ပြော'

ညိုအေး စကားကို အဖြေရခက်လေသည်။

'ပြောလေ'

'ဘာပြောစရာလိုလဲ၊ ဇာတ်လမ်းတစ်ခုအတွက် လိုရမယ်ရ မှတ်ထားတာ'

နွေသစ်က အသေအချာကြည့်ရင်း...

'တစ်ကြောင်း နှစ်ကြောင်းတည်း ရေးမှတ်ထားလည်း



ရပါတယ်ကွာ၊ ဘာလဲ ဇာတ်လမ်းနာမည်က လျှို့ဝှက်သည်းဖိုရင်နှင့်အုံပုန်းတဲ့လား'

နှုတ်ဆိတ်၍ နေလိုက်မိသည်။ စူးစိုက်ကြည့်သော မျက်လုံးတွေကို မသိချင်ဟန်ဆောင်ပစ်လိုက်သည်။

ရင်တွင်းကို မမြင်သာသေး။

(သခင် အကြင်နာများ ပေးလျှင် ကောင်းလွန်းစွ)

❦ ❦ ❦

'ကိုကိုက အခုပဲ လာကြိုတော့မလို့၊ ဟိုကောင်တွေနဲ့ စကားကောင်းနေတာနဲ့ပဲ'

ကားတံခါးကိုဖွင့်ပြီး အဓိပတိလမ်းမပေါ်သို့ ခြေချလျက်ပြောသည်။ မြတ်သစ္စာခိုင်က...

'ရပါတယ် ကိုကိုရယ်၊ လှိုင်နဲ့မိန်းနဲ့က ဝေးမှမဝေးဘဲ၊ ဒီမှာ ကိုကိုရှိမှန်းသိလို့ လမ်းလျှောက်ရင်း သူငယ်ချင်းနဲ့အတူ လိုက်လာတာ'

နံဘေးတွင် ရပ်လျက်ရှိသော ရွယ်တူ မိန်းမလှလေးတစ်ယောက်ကို ညွှန်ပြရင်း ပြော၏။ 'ဩော်'ဟု သူ ပြောသည်။

'ကိုကိုနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ညိုမရဲ့ သူငယ်ချင်းရင်းသန္တာတဲ့၊ မေဂျာတစ်ခုတည်းပဲ'

www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးဖွယ်သော နူးညံ့ပွင့်အပြုံးကို တွေ့သည်။

'သန္တာ... ဒါ တို့အစ်ကို၊ ကဗျာဆရာ၊ စာရေးဆရာ မောင်နေမျိုးတဲ့၊ အမ်အက်စ်စီမက်စ်က သီးစစ်လုပ်နေတုန်းပဲ'

ခေါင်းညိတ်ပြုံးပြလျက်...

'ဝမ်းသာပါတယ်၊ တွေ့ရတာ'

ပြောပြီး 'စာကြိုးစားကြနော်'ဟု ပြောသည်။

နေစောင်းသွားပြီ ဖြစ်သော်လည်း အဓိပတိလမ်းသည် နေခြည်မကင်းသေး။ သစ်ပုတ်ပင်ကြီး၏ ထိပ်ဖျားတွင် နေရောင်တွေ စွန်းထင်နေသေး၏။

မြတ်သစ္စာခိုင်က...

'အထက်တန်းတုန်းက ညီမလေးကို အချစ်တော်စာပေးတာ သူပေါ့'

နှင်းသန္တာကို လက်ညှိုးညွှန်လျက် ပြောသည်။

နှင်းသန္တာက ပြုံးနေ၏။ ရင်ထဲမှာ ရှိနေသေးသော ကိစ္စဟု ကိုယ့်ကိုယ်ကိုယ် သိသည်။

'ငယ်ငယ်တုန်းကပါ၊ အခု ပြန်တွေးကြည့်တော့မှ ရယ်ချင်တယ်'

နှင်းသန္တာက သူ့ကိုကြည့်လျက် ပြောသည်။ ပြုံးရုံသာ ပြုံးနေရ၏။ ဝန်းကျင်တစ်ခုလုံးက ရင်ခေဒနာကို မြင်သာမည် မဟုတ်



သော်လည်း ဗိုင်းဝန်းကြည့်မြင်ခြင်းကို ခံနေရသည်ဟု ကိုယ့်ကိုယ် ကိုယ် ထင်ချင်သည်။

'ဆရာရဲ့ လုံးချင်းဝတ္ထုတစ်ပုဒ်ထဲမှာတောင် ထည့်ရေးထား သေးတယ် မဟုတ်လား၊ မိန်းကလေးချင်း အချစ်တော်ဖွဲ့တာ ကြောင် တောင်တောင်ကိစ္စဆိုတာလေ၊ ကျွန်မ မှတ်မိနေတယ်'

ကားရှေ့ဖုံးပေါ်မှ ရောင်ပြန်ထွက်သော နေခြည်အလင်း သည် နှင်းသန္တာ၏ မျက်နှာပေါ်သို့ ဖေးမအလှကူနေ၏။ နှင်းသန္တာ သည် ခေတ်နှင့်လျော်ညီစွာ ဝတ်စားဆင်ယင်ထား၏။ ခေတ်ရှေ့သို့ ပပြေးလွန်း။

'ကျေးဇူးပဲ၊ ကျွန်တော့်ဝတ္ထုကို ဖတ်တယ်ဆိုလို့'

နှင်းသန္တာက...

'ဝတ္ထုတင် မဟုတ်ဘူး၊ ကဗျာတွေလည်း တော်တော်များ များ ဖတ်ဖူးတယ်၊ ဟို...'

စဉ်းစားဟန်ပြုသည်။ လေပြည်တစ်ချက် အသွေ့မျကြာ သောအခါ...

'ရင်ဝေးပန်းဆိုတဲ့ ကဗျာလေးကို ကျွန်မ အလွတ်ရနေ တယ်၊ တစ်နှစ်လောက်ရှိပြီ ထင်တယ်၊ မဂ္ဂဇင်းထဲမှာ ပါတယ်'

တည်ငြိမ် သိမ်မွေ့စွာ ညင်သာသဲ့သဲ့ ပြောသည်။ ရင်ဝေး ပန်းဟူသော ဝေါဟာရကို ကြားလိုက်ရသဖြင့် ရင်သည် လေမြင်း

www.burmeseclassic.com

www.burmeseclassic.com



မသက်သော အရပ်၏ ကံ့ကော်ရွက်များဖြစ်သွားရချေ၏။ နှလုံးသည်းခြေသည် ကံ့ကော်ရွက်နု၏ အစွန်အဖျား။

'ငါလည်း ရတယ်၊ မဂ္ဂဇင်းထဲမှာ မပါခင် လက်ရေးမူကတည်းက ကူးထားတာ'ဟု မြတ်သစ္စာခိုင်က နှင်းသန္တာကို ပြောသည်။

နှင်းသန္တာက···

'ဒါဆို ဆိုပြ'

မြတ်သစ္စာခိုင်က နှုတ်ပြင်သည်။ နေမျိုးက···

'ကဲပါ ညီမလေးရယ်၊ လမ်းပေါ်မှာ ရပ်ပြီး ကဗျာရွတ်နေလို့ တော်ကြာ လူတွေအုံလာပါဦးမယ်၊ နောက်မှပဲ တစ်ပုဒ်ပြီးတစ်ပုဒ် ရွတ်ပြပါတော့'

ကားတံခါးဖွင့်ပြီး ပြောသည်။ ကားအတွင်းသို့ မဝင်သေးဘဲ···

'ဒီက နှင်းသန္တာကိုလည်း လိုက်ပို့မယ်နော်'

သူ့စကားကြောင့် နှင်းသန္တာက···

'သန္တာ့အိမ်က ဗေယျာသိရီလမ်းထဲမှာတင်၊ နီးနီးလေးရယ်၊ ကျေးဇူးပဲ၊ လမ်းပဲ လျှောက်သွားပါ့မယ်'

'ကဲပါ လှိုင်ကနေ ဒီအထိ လျှောက်လာရတာ နည်းလား၊ တက်··· တက် လိုက်ပို့မယ်'



မြတ်သစ္စာခိုင်က လက်ကိုဆွဲပြီး ကားထဲသို့ ဝင်ခိုင်းသည်။ နှင်းသန္တာ ငြင်းပယ်နိုင်ချိန် မရတော့။

ကားသည် အဓိပတိလမ်းမှ ထွက်သည်အထိ ရင်မှာ မငြိမ်သက်။ အရာရာသည် အိပ်မက်ဖြစ်လျှင် ကောင်းလိမ့်မည်ဟု တွေးသည်။

သို့သော် အိပ်မက်ဆိုလျှင်လည်း မမြင်မက်သင့်သည့် အိပ်မက်ဆိုးဟု ထပ်ဆင့်တွေးမိပြန်၏။ ရုန်းထွက်ရန် မလွယ်ကူမှန်းသိသကဲ့သို့ လွယ်ကူစွာ တိုးဝင်ငြိတွယ်သည် မဟုတ်မှန်းလည်း သိသည်။

ရင်ဝေးပန်းကို ရင်နှင့်ဝေးရာသို့လည်း မစွန့်ပစ်ရက်။ စွန့်ပစ်ဖို့ခက်ခဲသဖြင့် ပိုင်ဆိုင်ချင်ပြန်တော့လည်း ပိုင်ပိုင်ပင် ပန်လျှင် မတင့်ရှေ့ထင့်။ ရင်ဝေးပန်းကို စိတ်အတွင်းမှ ရွတ်ဆိုမိပြန်သည်။ လှည်းတန်းဘက်သို့ အကွေ့၌ အချက်ပြမီးသည် နီရဲလျက်ရှိနေချေ၏။ လီဗာကို ယောင်ယမ်း၍ မနင်းမိအောင် ထိန်းရသည်။

တိတ်တခိုးနဲ့
စိတ်ဆိုးမှာစိုး
ကိုယ်ကျိုးပိုးမိ။
ကြည့်မြင်ဝမ်းသာ
ပန်းပမာလန်း

www.burmeseclassic.com

www.burmeseclassic.com



စိတ်အမှုန်ဖြင့်
ကျိတ်နှပ်ဆိုသည်
နှမ်းရန့်မဝှံ
လွမ်းအယ်သင့်ခဲ့
သခင့်ဟန်သွင်
မျက်နှာပြင်ကို
တမင်မျှော်ငေး
ရင်မှာဆွေးပေါ့
အဝေးမျှော်ဖြင့် ချစ်မြတ်နိုး။ ။

မိုးစိမ်းသွားပြန်တော့လည်း ကားကို ရုတ်ခြည်းမောင်း၍ မရ။

❦ ❦ ❦

## (၆)

နီသွားသော မီးပွိုင့်ကို အကြောင်းမဲ့ ငေးကြည့်မိသည်။ ပြီးမှ ထိုင်နေသော လက်ဖက်ရည်ဆိုင်အတွင်းမှ အပြင်သို့ငေးကြည့်မိသည်။ ပလက်ဖောင်းနှင့်ကပ်လျက် စားပွဲတွင် ထိုင်နေကြရသဖြင့် လူသွားလူလာတွေကို နီးကပ်စွာ မြင်သည်။ လှည်းတန်း၏ ညနေခင်းသည် သက်ဝင်စည်ကားလျက် ရှိ၏။

'ဒါဆို မင်းက စာမရေးတော့ဘူးလား' ဟု နေမျိုးက မေးသည်။ ဆူညံလွန်းသော ကတ်ဆက်သံကြောင့် အသံကို မြှင့်ပြောရ၏။

သက်နိုင်က…

'ငါ စာမရေးဘူးလို့ မပြောပါဘူး၊ စီးပွားရေးလုပ်မယ်လို့ပဲ ပြောတာ'

'မင်းက အရင်းရှင်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



ညိုအေးက စကားဝင်ထောက်သည်။

'ဘာလဲ အရင်းရှင်ဆိုတာ'

သက်နိုင်က မကျေနပ်စွာ မေးသည်။ နေမျိုးက ပြုံးလျက်

'စာပေသမားတစ်ယောက်က စီးပွားရေးလုပ်တော့မယ်ဆိုတော့ အမြတ်ကြီးစား တစ်ယောက်ဖြစ်သွားမှာ စိုးရိမ်လို့နဲ့ တူတယ် ဟုတ်လား'

ညိုအေးက ဆေးပေါ့လိပ်ကို ပြီးစလွယ် ဖွာသည်။ ဆေးလိပ်ငွေ့တွေကို မှုတ်ထုတ်ပြီး ခေါင်းညိတ်လျက်…

'ဒါပေါ့ကွ၊ ဒီကောင်ပြောတဲ့ ဆိုင်ကယ်ဝယ်ရောင်းတဲ့ အလုပ်၊ ကားဝယ်ရောင်းတဲ့အလုပ်မျိုးက အရင်းရှင်တွေရဲ့ အလုပ်ပဲ၊ စာရေးဆရာနဲ့ ဘာမှမဆိုင်ဘူး'

'ထို'

သက်နိုင်က တံတွေးကို မထွေးချင်ဘဲ မျက်နှာရှုံ့မဲ့လျက် ထွေး၏။

ညိုအေးကို လက်ဖြင့်ထိုးရင်း…

'မင်းလို ခပ်ကြောင်ကြောင် အယူအဆတွေကြောင့် စာရေးဆရာတွေ သိက္ခာကျတာကွ၊ ဘယ်နှယ်ကွာ စာရေးဆရာ၊ ကဗျာဆရာဆိုရင် ဆင်းရဲမယ်၊ မွဲရမယ်လို့ ဘယ်သူကများ မျိုးစေ့ချသွားသလဲ မသိဘူး၊ ဒီမယ် ညိုအေး မသေမချင်း မှတ်ထား၊ အရင်းရှင်



ကို တိုက်ချင်ရင် ကိုယ်တိုင်က အရင်းရှိအောင် ကြိုးစားရတယ်၊ ဘာမှမရှိဘဲ အရင်းရှင်ကို တိုက်ထုတ်မယ်လို့ အော်လို့မရဘူး'

'ကိုယ့်မှာ အရင်းရှိမှ အရင်းရှင်နဲ့ ပြိုင်လို့ရမှာ၊ အဲဒီလိုဖြစ်အောင် စီးပွားရေးကို လုပ်ရတယ်ကွ၊ ကလောင်နဲ့ တိုက်ပွဲဝင်တယ်ဆိုတာ စိတ်ဓာတ်လောက်ပဲ မြှင့်ပေးလို့ ရတာ၊ လက်တွေ့မပါဘူး၊ ငါက လက်တွေ့အလုပ်လည်းလုပ်မယ် စိတ်ဓာတ်မြှင့်ပေးတဲ့ အလုပ်လည်း လုပ်မယ်၊ ဒါပဲ'

နေမျိုးက…

'မင်းအယူအဆ မဆိုးပါဘူး'ဟု ပြောသည်။ ညိုအေးက

'ငါလည်း လက်ခံပါတယ်၊ ဒါပေမဲ့ ငွေရဲ့အရသာကို သိသွားပြီး ကလောင်ကို လွှတ်ချလိုက်မှာစိုးရိမ်တယ်'

'စိတ်ချ ညိုအေး၊ ထမင်းမငတ်မချင်း ကလောင်ကို လွှတ်ပချဘူး'

သက်နိုင် စကားကြောင့် နေမျိုး ပြုံးသည်။ ပြုံးလျက်…

'ဘယ်လို ထမင်းမငတ်မချင်း ဟုတ်လား'

'ဟုတ်တယ်လေ၊ ထမင်းငတ်မှတော့ ဒီစာကို ဘယ်သူ [illegible]က်ရေးမှာလဲ၊ ကလောင်ကို လွှတ်ချပြီး စီးပွားရေးလုပ်ရတော့မှာ [illegible]ပါ၊ ထမင်းအငတ်ခံပြီး ရေးတယ်ဆိုတာ အလကားပြော[illegible]၊ [illegible]မင်း အငတ်ခံပြီးရေးတဲ့ ကဗျာဆရာ၊ စာရေးဆရာဆို[illegible]မရှိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အလွန်ဆုံး အငတ်ခံရင်လည်း တစ်နှစ်ပေါ့၊ ဒီထက်ပိုပြီး ဘယ်သူမှ အငတ်မခံနိုင်ဘူး'

'အလုပ်မလုပ်လို့ ထမင်းငတ်တာကို ကဗျာရေးလို့ စာရေးလို့ဆိုပြီး ဂုဏ်ယူဝင့်ကြွားစွာ မပြောချင်ပါဘူးကွာ၊ ရှက်တယ်'

နေမျိုးက ရှက်ပြုံးပြုံးလျက်...

'ငါ့ကိုရော ဘယ်လိုမြင်သလဲ သက်နိုင်'

'မင်း အနေအထားက ပြောစရာမရှိပါဘူး၊ နောက်ခံတောင့်တင်းပြီးသားပဲ၊ အခြေခံကျတဲ့ ပြည်သူနဲ့ ထိတွေ့မှုရှိရင် အက်စ်အီးပေါ်မှာ ထိုင်ရေးလို့လည်း ရတာပဲ၊ တိုက်ပေါ်မှာ ဟိုတယ်ပေါ်မှာ ရေးလည်းရတာပဲ၊ ပြည်သူနဲ့ ကင်းကွာရင်တော့...'

စကားမဆက်တော့ဘဲ မဲ့ခနဲ ပြုံးလေသည်။ စကားများစွာ စိမ့်ဝင်နေသော မဲ့ပြုံးဟု သိ၏။ လွတ်လပ်စွာ ငြင်းခုံပိုင်ခွင့်ကို ကိုယ်စီရရှိထားကြလေသည်။

အပေါ်ရေတင်းနေသော လက်ဖက်ရည်တွေ အရာမယွင်းသေး။

❀ ❀ ❀

'နှင်းသဇ္ဈာ ရောက်လာတယ် ကိုကို'ဟု အိမ်ထဲဝင်ဝင်ချင်း မြတ်သစ္စာနိုင် ပြောသည်။ ဧည့်ခန်းတွင် ထိုင်နေသော နှင်းသဇ္ဈာ



ကို လှမ်းတွေ့သည်။ ပြုံး၍ ကြည့်နေသူကို ပြုံး၍ နှုတ်ဆက်လိုက်၏။

မြတ်သစ္စာနိုင်၏ တူရှုတွင်ဝင်ထိုင်သည်။

'ဆရာကားကို ပြုံးပန်းတစ်ရာရှေ့မှာ ရပ်ထားတာ လှမ်းတွေ့ခဲ့တယ်'

စီးကရက်တစ်လိပ်ကို ထုတ်ယူသည်။ မီးညှိပြီး တစ်ဖွာဖွာလျက်...

'ဟုတ်လား၊ ကျွန်တော် သတိမထားလိုက်မိဘူး၊ ဆိုင်ထဲကို ဝင်လာခဲ့ရောပေါ့၊ ဒါမှ ကျွန်တော့်သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးနိုင်မှာ၊ လက်ဖက်ရည်ကိုက်မယ့်သူ လာပြီလို့လေ'

နှင်းသဇ္ဈာက အသံမထွက်ဘဲ ရယ်မောသည်။ မြတ်သစ္စာနိုင်က နှင်းသဇ္ဈာနှင့် ယှဉ်တွဲလျက်ထိုင်၏။ နှင်းသဇ္ဈာက...

'ကျွန်မလည်း ဝင်လာဦးမလို့ဘဲ၊ ဒါပေမဲ့ လက်ဖက်ရည် တစ်ခွက်ဖိုးပဲ ပါလို့'ဟု ပြုံးလျက်ပြောသည်။

မြတ်သစ္စာနိုင်က...

'အံမလေး သဇ္ဈာရယ် တစ်ခွက်ဖိုးပါတာများ ဝင်သွားလိုက်ရောပေါ့၊ ကိုကိုတို့ အုပ်စုက သုံးလေးယောက်တည်းလည်း တစ်ခွက်ပဲ၊ လေးငါးယောက်ထိုင်လည်း တစ်ခွက်ပဲ၊ ရေနွေးအိုးသာ လေးငါးအိုး မှာသောက်တာ'

www.burmeseclassic.com

www.burmeseclassic.com



တဟားဟား ရယ်မောမိကြသည်။

ညီမဖြစ်သူ၏ အရွှန်းစကားကို တစိမ့်စိမ့်တွေးလျက် သူ ပြုံး၏။ စီးကရက်ငွေ့တွေ တရွေ့ရွေ့ လွင့်သည်။

'ကဲ... ကိုကို၊ ညီမလေးတို့နှစ်ယောက် ကိုကို့ကိုစောင့်နေတာ ကြာလှပြီ'

'ကိစ္စရှိလို့လား'ဟု သူမေး၏။

နှင်းသန္တာက ခေါင်းညိတ်သည်ကို တွေ့သည်။

'ဘာကိစ္စများပါလိမ့်'

'ကိုကို့ကဗျာကိစ္စ'ဟု မြတ်သစ္စာခိုင် ပြောသည်။

မျက်မှောင်ကြုတ်လျက် စကားဆက်ကို နားစွင့်သည်။

'လွမ်းသင့်တာနွေ၊ ကြွေသင့်တာဆောင်းတဲ့ ကိုကို့ကဗျာ တစ်ပုဒ်ကို ညီမလေးရော သန္တာရော ဖတ်ဖြစ်ကြတယ်၊ ကဗျာ ဆိုလိုရင်းကို တိတိကျကျ မသိသေးဘူး၊ သန္တာလည်း သိချင်တယ်၊ ညီမလေးလည်း သိချင်တယ်၊ အဲဒါကြောင့် ကိုကို့ပြန်အလာကို စောင့်နေတာ၊ ပြောပြ'

ဦးခေါင်းကို စောင်းငဲ့လျက် ပြောသည်။ ချစ်စဖွယ်အမူ အရာတစ်ခု။

'ဆရာ အားရဲ့လား'

သန္တာက အားတုံ့အားနာ မေးသည်။



မြတ်သစ္စာခိုင်က...

'အားတယ်၊ အားတယ်၊ ကိုကိုက ညဘက်ကျမှ စာရေးတာ၊ နေ့ခင်းဘက်ဆို စာဖတ်ချင်ဖတ်၊ မဖတ်ဖြစ်ရင် ဟိုသွားဒီသွား ပဲ'

'ဟုတ်တယ်၊ သူပြောတဲ့အတိုင်းပဲ'ဟု လက်ညှိုးညွှန်လျက် နေမျိုးပြော၏။ လှသောအပြုံးတွေကို တွေ့သည်။

စိုလှနေသော အပြုံးတစ်ပွင့်ကို ပိုလှသည်ဟု မထင်အောင် ဖြေသိမ့်ရ၏။ ခက်ခဲလွန်းသော ရင်တွင်းနာ။

'ဒါဆို ခဏလေးစောင့်၊ ကျွန်တော် အင်္ကျီလေး လဲလိုက် ချင်လို့'

နှင်းသန္တာ ခေါင်းညိတ်သည်။

သူထိုင်ရာမှ ထသည်။ သောက်လက်စ စီးကရက်ကို ပြာခွက်တွင် ဖွဖွတင်၏။ ပြင်ပမှ လေပြည်ညင်းနုနုဝှေ့သည်။

ပြတင်းတံခါးတွေမှာ ကာရံထားသော ကတ္တီပါစတွေကို စုစည်းလျက် တွေ့၏။ စုစည်းထားသော်လည်း လေပြည်ကြောင့် ဖဉ်းငယ်လှုပ်သည်။

ပိုးကောင်မွှားကောင်တွေ မဝင်နိုင်အောင် ကာရံထားသော ပံ့ဆန်ကာငယ်လေးတွေကို ပြတင်းတံခါးတွေမှာ တွေ့၏။ လေပြည် ညည်ကား အတားအဆီးမရှိ။

www.burmeseclassic.com

www.burmeseclassic.com



လွမ်းသင့်တာ… နွေ
ကြွေသင့်တာ… ဆောင်း။
နွေသင့်လျှင် ပွလောင်မယ်ထင်လို့
ကြွေခွင့်အရှင် ခြွေချင်တယ်ဆိုလျှင်လည်း
ဆောင်းဟေမန် နှင်းတွေထဲမှာ
ကြွေရပါကြောင်း။

လွမ်းသင့်တာ… နွေ
ကြွေသင့်တာ… ဆောင်း။
လွမ်းသင့်သူ တစ်ကိုတည်းမို့
ငိုပွဲဆင် နွေသရုပ်တောမှာ
ကြိုးနွဲ့ယှဉ် ရွှေညြနံ့
ပျော်မောစွာ အတူတွဲပြီး
လွမ်းရပါကြောင်း။

လွမ်းသင့်တာ… နွေ
ကြွေသင့်တာ… ဆောင်း။
ကြင်နာသူ ပျော်စေကြောင်းကိုလည်း
မျှော်လင့်ဆုတောင်း။



လွမ်းသင့်တာ… နွေ
ကြွေသင့်တာ… ဆောင်း… ။ ။

'ကဗျာက ရှင်းရှင်းလေးပါ၊ နည်းနည်းလေးတွေးကြည့်ရုံနဲ့ ဆိုလိုရင်းကို သိနိုင်ပါတယ်၊ အမှန်က ကျွန်တော့်ခံစားချက်နဲ့ ရေးထားတဲ့ ကျွန်တော့်ကဗျာကို သန္တာတို့၊ ညီမလေးတို့က ကိုယ့်ဘာသာ နှစ်သက်သလို ယူဆခံစားကြတာ အကောင်းဆုံးပဲ'

နှင်းသန္တာက ခေါင်းညိတ်နားထောင်သည်။ မြတ်သစ္စာနိုင်က…

'ကိုယ့်ဘာသာ နှစ်သက်သလို ယူဆရင် ကိုကိုနဲ့မတူမှာ စိုးလို့ပေါ့'ဟု ပြောဏ်။

'ဟုတ်တယ် မဟုတ်လား သန္တာ'

အဖော်ညှိသေးသည်။

နှင်းသန္တာက…

'ဒါပေါ့'ဟု ပြောဏ်။ ဆက်တီစားပွဲပေါ်တွင် တင်ရှိသော ကဗျာစာမျက်နှာကို ကြည့်လျက်…

'လွမ်းသင့်တာ နွေ၊ ကြွေသင့်တာ ဆောင်းတဲ့၊ လွမ်းရမယ်ဆိုရင် နွေမှာလွမ်းမယ်၊ ကြွေရမယ်ဆိုရင် ဆောင်းမှာကြွေမယ်ပေါ့၊ ဒါ ကဗျာရဲ့ အဓိကဆိုရင်းပဲ'

www.burmeseclassic.com

www.burmeseclassic.com



စကားဖြတ်လျက် နှင်းသန္တာနှင့် မြတ်သစ္စာခိုင်တို့ကို ကြည့်လိုက်သည်။ နှစ်ယောက်စလုံးသည် စိတ်ဝင်တစား။

ဒုတိယပါဒကို လက်ညှိုးထောက်လျက်...

'ကြွေရမယ်ဆိုရင် ဆောင်းဥတုမှာပဲ ကြွေပါရစေတဲ့၊ နွေဥတုမှာ ကြွေရမယ်ဆိုရင် ပူလောင်းလွန်းလို့ပါတဲ့၊ စဉ်းစားကြည့်လေ၊ နွေဆိုတဲ့ ရာသီဥတုက ပူလောင်ရတဲ့ကြားထဲ ကြွေရပျက်ရမယ်ဆိုရင် သေရေပေါ့၊ အပူဒဏ်ရော ကြွေတဲ့ဒဏ်ရော နှစ်ခုစလုံးခံစားရမှာ၊ ဒါကြောင့် နှင်းတွေတဝေဝေနဲ့ အေးအေးမြမြရှိတဲ့ ဆောင်းဥတုမှာပဲ ကြွေချင်တယ်တဲ့၊ ကြွေရဲတယ်တဲ့'

'နောက်ပါဒက လွှမ်းရမယ်ဆိုရင်လည်း တစ်ယောက်တည်း မလွှမ်းချင်ဘူးတဲ့၊ ဥဩကို အဖော်ပြုပြီး လွှမ်းပါရစေတဲ့၊ လွှမ်းကူဖော်သာ ရှိမယ်ဆိုရင် ပူပြင်းတဲ့ နွေမှာပဲ ပျော်ပျော်ရွှင်ရွှင်နဲ့ လွှမ်းရဲပါတယ်တဲ့၊ ဒါပဲ၊ ကဗျာရဲ့အကြောင်းအရာက...'

'ကြင်နာသူ ပျော်စေကြောင်းကိုလည်း မျှော်လင့်ဆုတောင်းဆိုတာကတော့ ရှင်းပါတယ်'

ကဗျာစာမျက်နှာကို မပိတ်သေးဘဲ ဖတ်နေကြပြန်သည်။ မြတ်သစ္စာခိုင်က...

'ကိုကို တကယ်ခံစားပြီး ရေးထားတယ် ထင်တယ်၊ အရမ်းကောင်းတာပဲ'



စကားမတုံ့ပြန်မီ နှင်းသန္တာက...

'ကျွန်မကို ကဗျာရေးတတ်အောင် သင်ပေးပါလား ဆရာ'

'ကဗျာ ရေးတတ်ဖို့ သင်ပေးတာက လွယ်ပါတယ်၊ နည်းတွေ စနစ်တွေ၊ ကာရံတွေ၊ အချိုးတွေပေါ့၊ ဒါပေမဲ့ ကာရံပါတိုင်း အချိုးညီတိုင်း ကဗျာမဟုတ်ဘူး၊ အကြောင်းအရာတစ်ခုခု ဒါမှမဟုတ် ရသတစ်ခုခု စိမ့်ဝင်နေမှ ကဗျာဖြစ်တာ'

'ကျွန်မ ကြိုးစားပါ့မယ် ဆရာ၊ သင်သာ ပေးပါ'

'ကျွန်တော်က ကဗျာစပ်နည်းပဲ သင်ပေးနိုင်မှာပါ၊ ကဗျာ ယ်တဲ့အတွေး၊ လောကကို ရှုမြင်တတ်တဲ့ အလေ့အထ၊ ဝန်းကျင်ရဲ့ ရိုက်ခတ်မှုကို ဆုပ်ကိုင်နိုင်တဲ့ ခံစားမှု၊ အဲဒါတွေကိုတော့ မနှင်းသန္တာ ကိုယ်တိုင်အားထုတ်မှ ရလိမ့်မယ်'

'ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်မ သဘောပေါက်ပါတယ်'

'ညီမလေးကိုလည်း သင်ပေးနော် ကိုကို'ဟု မြတ်သစ္စာခိုင် ပြော၏။

ခေါင်းယမ်းလျက်...

'ညီမလေးကို သင်ပေးလို့ မဖြစ်ဘူး'

'ဟင်... ဘာဖြစ်လို့လဲ'

'ညီမလေးကို သင်ပေးလိုက်ရင် ညီမလေးက ကိုကို့ထက် တော်သွားမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် မြတ်သစ္စာခိုင် ပြုံးသည်။ ရတနာလွှမ်းလက်ဘအပြုံး။

'စိတ်ချပါ ကိုကိုရယ်၊ ညီမလေး လျှော့လျှော့ပေါ့ပေါ့နဲ့ပဲ ကြိုးစားပါ့မယ်၊ မစိုးရိမ်နဲ့နော်'

'ကောင်းပါပြီ' ဟု သူပြော၏။ အပေါ်ထပ်မှာ ဆင်းလာသော မာမီ့ကိုတွေ့၏။ မြတ်သစ္စာခိုင်က လှေကားအောက်သို့ သွားပြီး ဆီးကြိုသည်။ နှင်းသန္တာက သူ့ကို ပြုံးပြ၏။

❀ ❀ ❀

## (၇)

'နှင်တို့အိမ်က ကားပေါ်မှာ မြတ်သစ္စာခိုင်အပြင် တခြားကောင်မလေးတစ်ယောက်ကို တွေ့တွေ့နေရတယ်၊ အဲဒါ ဘယ်သူလဲ'

မဥ္ဇူက မျက်နှာထားတည်လျက် မေးသည်။

စန္ဒရားအဖုံးကို ပိတ်သည်။ ပြီး… နေမျိုး ထိုင်နေသည့်ဆက်တီနံဘေးတွင် ဝင်ထိုင်၏။

'ဘာဖြစ်လို့ မေးတာလဲ'

'မေးတယ်ဆိုကတည်းက သိချင်လို့ပေါ့'

'နှင့်အိမ်ဘက်ကို မရောက်တာကြာလို့ လာလည်တာ၊ မေးအမြန်း အစစ်ဆေးခံဖို့ လာတာ မဟုတ်ဘူး'

မဲ့ခနဲ ပြုံးသည်။

စန္ဒရားတည်ရှိရာ နံဘေးတွင် ရုပ်မြင်သံကြားစက်တင်ထား

www.burmeseclassic.com

www.burmeseclassic.com



သည့် ရှိုးကေ့စ်၊ ၎င်း၏အပေါ်တည့်တည့်တွင် မြန်မာ့တူရိယာ စောင်း ကောက်တစ်လက်ကို တင့်တယ်စွာ တွေ့ရ၏။ အခန်းနံရံတွင်ရှိသော ပြည်ပဖြစ် မင်းသမီးပုံတွေနဲ့ မလိုက်ဖက်။

စိတ်ဆိုးနေဟန်ကို ကြည့်လျက် ပြုံးမိသည်။ စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိသည်။ မီးခိုးငွေ့တွေ၏ အလွှန်တွင်ရှိသော စိတ်ဆိုးမျက်နှာကို မခို့တရို့ ကြည့်လျက်...

'ညီမလေးရဲ့ သူငယ်ချင်းပါဟာ၊ နှင်းသန္တာတဲ့၊ ညီမလေးနဲ့ မေဂျာတစ်ခုတည်း စာပေဝါသနာရှင်တစ်ယောက်ပေါ့၊ ငါနဲ့ ခင်နေတာ'

'ဓေယျာသီရိလမ်းထဲမှာ နေတယ် မဟုတ်လား'ဟု မညွှ က စကားထောက်သည်။

'သိနေလျက်နဲ့ ငါ့ကိုမေးနေရသေးလား'

'နှင် ငါ့ကို လိမ်ပြောသလား၊ လိမ်မပြောဘူးလားဆိုတာ သိရအောင် မေးကြည့်ရတာပေါ့'

'လိမ်တော့ကော ဘာဖြစ်မှာမို့လဲ'

'လိမ်ကြည့်ပါလား၊ အန်တီမေနဲ့ လာတိုင်မှာပေါ့'

'မာမီနဲ့လည်း ခင်နေတာပဲ'

'ခင်ခင် မခင်ခင် နှင်နှာမည်ကြီး စာရေးဆရာဆိုပြီး ဟိုပွေဒီပွေ ပွေမယ်လို့ စိတ်မကူးနဲ့နော်၊ ဒါပဲ'



'မာမီတောင် ငါ့ကို အဲဒီလောက် မချုပ်ချယ်ဘူး'

'အန်တီမေ မချုပ်ချယ်ပေမယ့် ငါ ချုပ်ချယ်တယ်'

စီးကရက် ငွေ့တွေကို သက်ပြင်းနှင့်ရော၍ မှုတ်ထုတ်လိုက်မိသည်။

'ချုပ်ချယ်ပိုင်ခွင့်ကို နှင်ဘယ်တုန်းက ရလိုက်တာလဲ'

'ငယ်ငယ်ကတည်းက ရထားတာလေ၊ ဒါပေမဲ့ အခုလို အရွယ်ရောက်လာတဲ့အခါကျမှ အဲဒီအခွင့်အရေးကို ထုတ်သုံးတာ'

'အေးလေ၊ နှင်နဲ့ငါနဲ့က ငယ်သူငယ်ချင်းပဲ၊ သူစိမ်းတစ်ယောက်ထက်စာရင် နှင့်မှာ အဲဒီအခွင့်အရေးရှိတာပေါ့၊ ဒါပေမဲ့ ချုပ်ချယ်လို့ မရနိုင်မယ့် ကိစ္စမျိုးကိုတော့ နှင်တားပိုင်ခွင့်မရှိဘူး၊ တားလို့ရမှာလည်း မဟုတ်ဘူး'

'ဘာလို့မရရမှာလဲ၊ နှင့်မာမီက ငါ့ကိုအာဏာကုန်လွှဲထားတာ'

'ပြန်ရုပ်သိမ်းဖို့ မာမီ့ကို မရမကပြောမယ်'

ထိုစကားကြောင့် မညွှမျက်နှာ ညှိုးသွားသည်ကို သတိပြုမိ၏။

'နှင် မရိုးတော့ဘူး မဟုတ်လား နေမျိုး'

တသသ် မကင်းသော လေအယူ။

'ငါ့အနေအထိုင်က အဲဒီလောက်တောင် သိသာနေလို့လား'

www.burmeseclassic.com

www.burmeseclassic.com



'တခြားသူတွေ မသိသာနိုင်ပေမယ့် ငါ သိသာတယ်၊ ငါ ရိပ်မိနေတယ်'

စကားသံတိတ်ဝင်သွား၏။

အလှမျက်နှာထားသည် နေသင့်သွားသော ပွင့်ဖတ်ကဲ့သို့ ရှိချေ၏။ သို့သော် အလှမပြယ်လွင့်ချေ။

'နင့်ရင်ထဲမှာ တစ်ယောက်ယောက်ရှိနေတယ်ဆိုတာ ငါ ရိပ်မိတာ ကြာပြီ နေမျိုး၊ စိတ်ကူးမယဉ်ချင်စမ်းပါနဲ့ဟာ'

'ရှိတယ် မရှိဘူးဆိုတာကို ငါ မငြင်းပါဘူး မဥ္ဇူ၊ ဒါပေမဲ့ စိတ်ကူးမယဉ်ချင်စမ်းပါနဲ့ဆိုတာကိုတော့ ငါ လက်မခံဘူး'

မဥ္ဇူ ခေါင်းယမ်းသည်။

'နင် ဘယ်သူ့ကို စိတ်ဝင်စား ဝင်စား ဖြစ်နိုင်မှာ မဟုတ်ဘူး'

'ဘာကြောင့် မဖြစ်နိုင်ရမှာလဲ'

အကြည့်ဆုံသော်လည်း မျက်နှာမလွဲဖြစ်။

'ဘာကြောင့်မဖြစ်နိုင်တာလဲဆိုတာကို တစ်ချိန်ချိန်မှာ နင် သိမှာပေါ့'

'မသိချင်ဘူး'ဟု ပြောချင်သော်လည်း စကားသံမထွက်။

'နင့်ရင်ထဲက နှင်းသင်္ဂြာကို ထုတ်ပစ်လိုက်ပါဟာ'

'နင် ဘာတွေလျှောက်ပြောနေတာလဲ၊ နင်ပြောတာတွေ



တစ်ခုမှ မဟုတ်ဘူး၊ နှင်းသင်္ဂြာက ငါ့ရဲ့စာပေမိတ်ဆွေပဲ၊ ငါ့ပရိသတ်ပဲ၊ ငါကပဲဖြစ်ဖြစ် သူကပဲဖြစ်ဖြစ် မရိုးသားတဲ့စိတ် လုံးဝ မရှိဘူး၊ အဲဒါကို ငါ တာဝန်ယူတယ်'

မဥ္ဇူက အသံထွက်သည်အထိ ရယ်မော၏။ ထိုင်ရာမှထသည်။ သူ့ကို ကျောပေးလျက်...

'အဲဒါဆိုရင် နင့်ရင်ထဲမှာ ဘယ်သူရှိနေသလဲ'

သူ့ဘက်သို့ ခေါင်းကိုဆတ်ခနဲ လှည့်ပြီး...

'ပြောလေ နေမျိုး၊ နင့်ရင်ထဲမှာ ဘယ်သူလဲ'

ခေါင်းကို တွင်တွင်ယမ်းပစ်လိုက်သည်။ အလွမ်းတို့ ရင်တွင် တရစ်ရစ်တက်၏။ လွင့်ပြေးစေရန် နှင်ထုတ်ဖို့ မစွမ်းသာသော အလွမ်းနာ။

ဏ ဏ ဏ

( ခက်ပြီ ကလေးရယ်။ ရင်ထဲကို တခြားသူတွေ မြင်ကုန်ပြီ။ ရင်ထဲမှာ ရှိနေသူကို မင်းကလေးရော သိရဲ့လား။ )

ရင်တွင်းစကားတွေကို သိမ်းထားလို့ရတဲ့ ကာလတွေအထိ သိမ်းထားချင်ပါတယ်။ မပြောဘဲလည်း သိစေချင်တယ် ကလေးရယ်။ ပြောရမှာလည်း သိပ်ခက်တယ်။(ချစ်တတ်စ နှလုံးသည်ခြ... ထဲမှာ မင်းလေးတစ်ယောက်တည်း အမြဲနေပါတော့လား။) ...လမ်းဖွင့်

www.burmeseclassic.com

www.burmeseclassic.com



ပေးထားပါလျက် လွမ်းချင့်လေး ဝေးသွားမှာကို စိုးရိမ်တယ်။

( မြတ်နိုးလွန်းလို့ အလုကြည့်နေချင်တယ်။ ကြည့်နေစဉ်တိုင်း ပိုပြီးလှလာလို့ ပိုပြီးမြတ်နိုးနေမိတယ်။) ရင်ထဲက အကြောင်းကို ရင်ထဲမှာပဲ ပုံသဏ္ဌာန်မပျက် ကွယ်ဝှက်ထားနိုင်ရင်လည်း အကောင်းသားပေါ့ ကလေးရယ်။

အရိုးသားဆုံး ပြောမယ့် ချစ်တယ်ဆိုတဲ့ စကားဟာ တို့နှစ်ယောက်ကြားမှာ မရိုးသားဆုံး ဝေါဟာရတစ်ခုပေပဲ။ အတန်တန်ဝေခွဲနေသမျှ ကိုယ့်ကိုယ်ကိုယ် နွံထဲမှာ ရပ်နေရသူလို့ ခံစားရပါတယ်။

( ကိုယ့်အမှန်တရားတွေကို မင်း နင်းချေပစ်မှာ စိုးရိမ်ပြန်သေးတယ်။ )

'ချစ်တယ်'လို့ အားမနာတမ်း ပြောဝံ့နိုင်ရင်လည်း အကောင်းသား။

ဖြစ်နိုင်မယ် မထင်ပါဘူးလေဆိုတဲ့ အခြေအနေဟာ ကိုယ့်ရှေ့က အကြီးမားဆုံး မဟာတံတိုင်းကြီးပဲ။ အဲသည်တံတိုင်းကြီးကို ဘယ်လိုချိုးဖျက်ရမှာလဲဟင်။ တစ်ခါတစ်ခါ လိုချင်တဲ့အရာဟာ ချင့်ချိန်တွက်ဆခြင်းဆိုတဲ့ ပဝါပါးပါးလေး တစ်ချပ်ကြောင့် အဝေးကြီးကို ရောက်နေသလိုမျိုး ကြုံတွေ့တတ်စမြဲပဲ။

ကိုယ်လည်း လှုပဲ ကလေးရယ်၊ လိုချင်တာကို ရအောင်ယူ



ချင်တာပေါ့။ ပြောချင်တာကို သိအောင် ကြိုးစားချင်တာပေါ့။ ဒါပေမဲ့ ကိုယ့်ဘယ်လို ပြောရမှာလဲ။

( တန်ဖိုးထားတတ်သူအဖို့ အလွယ်ဆုံး စကားတစ်ခွန်းဟာ အခက်အခဲဆုံး ရင်ဆိုင်တိုက်ပွဲတစ်ခုပေါ့။ )

ပြောလိုက်ရင် ဖြစ်ပေမယ့် မပြောမဖြစ်တဲ့အခါ ကာလမျိုး ရောက်တော့မှ ဖွင့်ပြောပါရစေ ကလေးရယ်။ ပေါက်ကွဲလုလု မီးတောင်တစ်ခုဟာ အခြေအနေကြောင့် မီးတောင်သေ ဖြစ်သွားရင်လည်း ကိုယ့်ကံပဲပေါ့လေ။

( အော်ဟစ်လိုက်လို့ သက်သောင့်သက်သာ ဖြစ်သွားမယ့် ဝေဒနာမျိုးဆိုရင်လည်း စကြဝဠာရဲ့ နံရံတွေ ပဲ့ကြွေသွားတဲ့အထိ အော်ဟစ်ပစ်လိုက်ချင်တယ်။ )

( မျက်ရည်တွေ ထုတ်ပစ်လိုက်မှ ရုပ်အသစ် နာမ်အသစ် ပြန်ဖြစ်သွားမယ်ဆိုရင်လည်း အရှက်နည်းစွာနဲ့ ရက်စွဲတစ်ရာမက မျက်ရည်မိုးတွေ ရွာချလိုက်ချင်ပါတယ်။ )

ကွယ်...

( အခုတော့ အောင့်အည်းမျိုသိပ်ရမယ့် အဖြစ်မို့ အချစ်လို့လည်း မခေါ်ဝံ့ပါဘူး။ )

( မခေါ်သင့်တဲ့ဘဝမှာ မျှော်လင့်ခဲ့သမျှဟာ ကံကြမ္မာရဲ့ခြေကြားမှာ ကြွေရင်း...

www.burmeseclassic.com

www.burmeseclassic.com



ကြွေရင်း…

ကြွေရင်း… နဲ့ပဲ။

❀ ❀ ❀

'ကိုကို့မှတ်တမ်းစာအုပ်ကလည်း ဘာတွေရေးထားမှန်း မသိဘူး၊ ရည်းစားစာတွေနဲ့ တူတယ်'

ရင်မှာ ဒိန်းခနဲ ဖြစ်သည်။ မြတ်သစ္စာခိုင်၏ လက်ထဲတွင် နေမျိုး၏ မှတ်တမ်းစာအုပ်ကို တွေ့သည်။ မျက်လုံးဝိုင်းသွားရချေ၏။

'ဒီ… ဒီစာအုပ်ကို ညီမလေး ဘယ်ကတွေ့တာလဲ'

မြတ်သစ္စာခိုင်က စာအုပ်ကို ဆက်တီပေါ်တွင် တင်လျက်

'ကိုကို့ခေါင်းအုံးအောက်က တွေ့တာလေ'

အိပ်ရာခြင်ထောင် မသိမ်းခဲ့မိသည်ကို အခုမှ သတိရသည်။ အမည်နာမတွေ တိတိကျကျ မရေးမှတ်ထားသဖြင့် တော်သေး၏။ ရင်ပေါ်ရှိသက်သက်သာ ဖွင့်ဟခွန်းချေထားသော မှတ်တမ်းစာအုပ် ဖြစ်သည်။

'ဘာဖြစ်လို့ ဖတ်ရတာလဲ၊ ညီမလေးက ဆိုးတယ်ကွာ'

'ကိုကို့အကြောင်းတွေ သိချင်လို့ပေါ့'

'အခု သိပြီလား'



ခေါင်းညိတ်လျက်…

'သိတော့ သိပြီ၊ ဒါပေမဲ့ သေသေချာချာတော့ မသိသေးဘူး၊ ကိုကို့ကောင်မလေးက ဘယ်သူလဲပြော၊ ဘယ်ကလဲ'

စိတ်ကို တည်ငြိမ်အောင် ထားရသည်။

'မသိချင်ပါနဲ့ ညီမလေးရယ်'

'ဟင့်အင်း… မရဘူး၊ ပြောမပြရင် မာမိနဲ့ တိုင်ပြောမယ်၊ ကိုကို ကောင်မလေးတစ်ယောက်ကို ကျိတ်ပိုးနေတယ်လို့'

'ရော်… ခက်ပြီ'

မြတ်သစ္စာခိုင်က သူ့မျက်နှာကို အသေအချာကြည့်သည်။ ပြီးမှ…

'ကိုကို မပြောလည်းနေ၊ ညီမလေး သိတယ်၊ ကိုကို နှင်းသစ္စာကို ပိုးနေတာ မဟုတ်လား'

မျက်လုံးကို စုံမှိတ်ပစ်လိုက်ရသည်။ ခန္ဓာတစ်ခုလုံး ဗျာလပတ်ယမ်းသွားသည်သို့ ခံစားရချေ၏။

'ဟာ… မဟုတ်ဘူး ညီမလေး၊ မဟုတ်ဘူး၊ လုံးဝ မဟုတ်ဘူး'

'ဒါဆိုရင်…'

စဉ်းစားဟန်ပြုသည်။ မျက်လုံးထောင့်ကပ်လျက် သူ့ကို ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



'မမ မညျုကိုပဲ ဖြစ်ရမယ်'

ဦးခေါင်းတစ်ခုလုံးကို ထိုးဖွမိသည်။ မှတ်တမ်းစာအုပ်ကို လှမ်းယူပြီး ထိုင်ရာမှ ထ၏။ မြတ်သစ္စာနိုင်ကို တွေဝေစွာ ကြည့်လိုက်မိသည်။

အရောင် လျော့ပါးသွားသော အပြုံးမျက်နှာကို တွေ့မြင်သည်။ မျက်နှာလွှဲလျက် ကျောခိုင်းလှည့်ထွက်ခဲ့သည်။

ငြိမ်သက်စွာ ကျန်ရစ်ခဲ့သူ၏ ရင်တွင်းကို မည်သို့ခန့်မှန်းရမည်မသိ။

❦ ❦ ❦

(၈)

မော်တော်ပေါ်မှ ဆင်းလျှင်ဆင်းချင်း အလွမ်းရနံ့ကို ရသည်။

အထုပ်အပိုးတွေ မနိုင်မနင်းဖြင့် ရွာဦးကျောင်းသို့ လှမ်းခဲ့သည်။ ကျောင်းထိုင်ဆရာတော် ဘဘုန်းသည် အနည်းငယ် ပိန်လိုသွားသည်မှအပ အိုမင်းမစွမ်း မဖြစ်သေး။

ဆရာတော် ဘုရား၏ ဆုံးမစကား သတိတရစကားတွေကို ကြားနာပြီးမှ ရွာထဲသို့ ထွက်ခဲ့သည်။

ငွေခနဲ တိုးဝှေ့လိုက်သော မိုးဦးလေပြည်သည် ဝုက်ကာ …းသော သတိတရစိတ်ကို ဖွင့်လှစ်လိုက်သည်နှင့် တူ၏။ ရန်ကုန်နှင့် ဝေးခဲ့သော်လည်း လွမ်းစိတ် မပြေသေး။ ခရီးရောက်မဆိုက် ခေါင်းထဲသို့ ဝင်လာသော ပေးပြီဟူသည့် အသိသည် အိမ်ပြန်ချင်စိတ်ကို ရုတ်ခြည်းဖြစ်စေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယဉ်သူငယ်ချင်းတွေနဲ့ တွေ့ရမှာပဲလေဟု စိတ်ကိုဖော့၍ တွေးသည်။

ခင်တွယ်ခဲ့သော မွေးရပ်မြေဟု သိပါလျက် ပြည့်ဝစွာ မကြည်နူးမိချေ။

ကြည်နူးချင်စိတ်တွေ တစ်နေရာရာမှာ ကျန်ရစ်ခဲ့ပြီမှန်း ကိုယ့်ကိုယ်ကိုယ် သိသည်။

စံလွင်က ရေတွင်းပေါင်ပေါ်တွင် တင်ပါးလွှဲထိုင်ရင်း…

'ဘာတွေ တွေးနေတာလဲ နေမျိုး' ဟု မေးသည်။ နေမျိုးက သဲ့သဲ့ပြုံးလျက် ခေါင်းယမ်းပြ၏။

ပေါက်တိုးက…

'ရွာကိုပေါ်မလာတာ ဆယ်တန်းအောင်ပြီးကတည်းက လာပြန်တော့လည်း ညှဉ်းသိုးသိုးနဲ့ ရန်ကုန်မှာ တစ်ခုခုဖြစ်လာသလား နေမျိုး'

'မဖြစ်ပါဘူးကွာ'

'မင်းကို ကြည့်ရတာ တစ်ခုခုကို မျိုသိပ်ထားသလိုပဲ။ ဒါနဲ့ မင်းမာမီကော နေကောင်းရဲ့လား'

'ကောင်းပါတယ်'

'မြတ်သစ္စာခိုင်က တက္ကသိုလ်ကျောင်းသူကြီး ဖြစ်နေပြီပေါ့'

'အင်း'



'မင်းတို့မောင်နှမနှစ်ယောက်စလုံး ကံကောင်းပါတယ်ကွာ'

စကားမတုံ့ပြန်မိ။

သား ရွာကို ခဏပြန်ချင်တယ်ဟု ပြောစဉ်က မာမီမျက်နှာသည် တအံ့တဩ။ ဘဘုန်းနှင့်လည်းကောင်း၊ ရွာမှ သူငယ်ချင်းတွေနှင့်လည်းကောင်း လူချင်းမတွေ့ဖြစ်ဘဲ စာအဆက်အသွယ်သာ ရှိခဲ့သည့် ကာလမှာ သုံးလေးနှစ်မက…။

'အနည်းဆုံး တစ်နှစ်ကို တစ်ခေါက်လောက်တော့ သွားသင့်တာပေါ့ သားရယ်၊ သားက ကျောင်းစာတွေက တစ်ဖက်၊ စာရေးတဲ့ ကိစ္စတွေက တစ်ဖက်နဲ့ အလုပ်တွေရှုပ်နေတာကိုး၊ အခုမှ သားက သွားချင်တယ်ဆိုတော့ မာမီတောင် ရုတ်တရက် အံ့ဩတယ်၊ ရွာကို မသွားဖြစ်တာ ကြာလှပြီပဲ'

ဟု မာမီပြောသည်။

သူ နှုတ်ဆိတ်နေလေ၏။

မြတ်သစ္စာခိုင်ကလည်း ရွာကို လိုက်ချင်ကြောင်း ပြော၏။

သူ အကြောက်အကန် ငြင်းသည်။ ငြင်းမရသည့်အဆုံး ရွာကို စာသွားရေးမှာမို့ တစ်ယောက်တည်းပဲ သွားချင်တယ်ဟု ပြောလိုက်ရသည်။

ရင်ဝေဒနာသည် နေသာဖြေသာရန် ခက်ခဲလွန်းလှ၏။ ဦးတစ်ယောက် ရိပ်စားမိမည်ကိုလည်း စိုးရိမ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာကို ပြန့်ပွားဖြစ်တည်စေသူအား ထားရစ်စွန့်ခွာလျက် ဝေးရာသို့ လှမ်းလာခဲ့ခြင်းသည် အမှန်တကယ်တော့ အချည်းအနှီး။ ရုပ်ခန္ဓာချင်း ဝေးကွာခဲ့သည် မှန်သော်လည်း နှလုံးသည်းခြေထဲတွင် ခိုတွယ်ကပ်ပါလာခဲ့လေသည်ကော။

'မင်းလည်း စာရေးဆရာကြီး ဖြစ်နေပြီနော်၊ မဂ္ဂဇင်းတွေ စာစောင်တွေထဲမှာ မင်းရေးတဲ့စာတွေ၊ မင်းရဲ့ ရုပ်ပုံတွေကို ခဏခဏ တွေ့တယ်'

စံလွင့်စကားဆုံးသည်အထိ မည်သို့သော နှုတ်စကားမှ မတုံ့ပြန်မိချေသေး။

'ဟေ့ကောင်… နေမျိုး'

'ဟင်'

စံလွင်က စေ့စေ့ကြည့်လျက်…

'မင်း တစ်ခုခုဖြစ်လာပါတယ်ကွာ၊ ငါ့ကို မလိမ်နဲ့'

'ဘာမှ မဖြစ်ပါဘူးကွာ၊ မင်း ထင်လို့ပါ'

ပေါက်တိုးက…

'ထင်တာ မဟုတ်ဘူး၊ မြင်တာ၊ ကောင့် ရည်းစားပူမိလ သလားပဲ'

'မဟုတ်ပါဘူးကွာ'ဟု သူပြောသည်။ မျက်ဝန်းနှစ်စုံ မယုံကြည်သော စကားတွေကို အသံမဲ့စွာ ပြောနေသယောင် ရှိ



ဖြေရှင်းချက် မပေးမိသကဲ့သို့ ဝန်ခံဖို့လည်း နှောင့်နှေးနေချေသည်။ ထားရစ်ခဲ့သူ ကိုယ်တိုင်က ကျန်ရစ်သူကို မခွဲနိုင်မှန်း ဝေးသောကာလတွေက တရွေ့ရွေ့ တိုးလာကာမှ ပိုမို၍ သတိရလာ၏။

ကိုယ့်ကိုယ်ကိုယ် လိမ်ညာဟန်ဆောင်နိုင်စွမ်းလည်း ကင်းမဲ့နည်းပါးနေလေသည်။

'ကဲ… ဟုတ်တာ မဟုတ်တာ အသာထား၊ ဒီည ငါ့ရည်းစားနဲ့ ချိန်းထားတယ်၊ အဲဒါ မင်းရော စံလွင်ရော လိုက်ခဲ့ရမယ်'

မျက်ခုံးတွန့်လျက်…

'မင်းက ရည်းစားနဲ့ ဟုတ်လား'

ပေါက်တိုး ခေါင်းညိတ်သည်။

'ကြိုက်မယ့်သူ ရှိသေးတာကိုး'ဟု နေမျိုးပြော၏။

ပေါက်တိုးက…

'တော်ရာ တော်ရာတော့ ရမှာပေါ့ကွ'ဟု ပြောသည်။

စံလွင်က…

'တန်ရာ တန်ရာလို့ ပြောပါကွာ၊ မင်းကလည်း တော်ရာ တော်ရာတဲ့၊ စကားအသုံးကလည်း မနိပ်လိုက်တာ'

ပေါက်တိုးက ဟဲခနဲ ရယ်၏။ ရယ်ပြီး…

'လိုက်ခဲ့မယ် မဟုတ်လား နေမျိုး'

www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းယမ်းသည်။

'မနက်ဖြန် ထန်းရည်တိုက်မယ်လေ'

'ဟင့်အင်း'

'အမြည်းပါ ကျွေးမယ်လေ၊ ကြွက်ကြော်နဲ့'

စဉ်းစားဟန်ပြုလျက်…

'အဲဒါဆိုရင် စဉ်းစားပေးပါ့မယ်'

'ခွေးကောင်'

ဟု ပေါက်တိုးခေါ်သည်။

စံလွင်က…

'ဖားကရစ် ဘုရားဘက် သွားရအောင်'

ဟု ပြောသည်။

'ကျုန်စစ်သားတည်ခဲ့တယ်ဆိုတဲ့ ဘုရားလား'

ဟု သူ မေးသည်။

'ဟုတ်တယ်' ဟု စံလွင်ပြော၏။

'သွားမယ်လေ'

ဟု နေမျိုးပြောသည်။

စံလွင်က ရေတွင်းပေါင်ပေါ်မှ ခွေ့ခနဲ ခုန်ဆင်း၏။ မိုးလေ ပြည်နှ ရင်သို့စုသည်။ သမုဒယ နှောင်တွယ်ခြင်းတွေ ဟင်းလင်း ပြင်မြေ ဖြစ်စေချင်၏။



ရင်တွင်းနွေသည်… လေပြည်မတိုး…။

❦ ❦ ❦

လရောင်သည် ဖျောက်ဖျောက်မျှ မလင်းလှဲ့။ ကြယ်ပျောက် တွေ၏ အလင်းအားသည်လည်း ရွာလမ်းပေါ်သို့ မထိရောက်ချေ။

ခြံစည်းရိုးကို ကျောမှီထားသဖြင့်သာ အိမ်ဝင်းဟု သိရ၏။ ဟုတ်လျှင် မည်သည့်အဝန်းအဝိုင်းမှန်း မသိသာနိုင်ချေ။

နှစ်ဦးသား ဆောင့်ကြောင့်ထိုင်လျက် ငြိမ်ကုပ်နေကြရ၏။ သက်ရှူဖို့ပင် မဝံ့ရဲ။ စံလွင်က လေသံသဲ့သဲ့ဖြင့်…

'နေမျိုး'

'ဘာလဲ'

'ဆေးလိပ်သောက်ချင်တယ်ကွာ'

'မလုပ်ပါနဲ့ကွာ၊ မီးတရဲရဲနဲ့ အလိုလိုမှ ရင်ထိတ်ရတဲ့အထဲ'

အိမ်အတွင်းသို့ လည်ပြန်ကြည့်ရင်း…

'ဟိုကောင် ပေါက်တိုးက သူ့ကောင်မလေး အိပ်ခန်း ဝင်းပေါက်မှာ တွယ်တက်ပြီး ဘာလုပ်တာလဲ'

'ဘာလုပ်ရမှာလဲ၊ စကားပြောတာပေါ့ကွ'

'စကားပဲကွာ၊ နေ့လယ်ခင်းပြောလည်း ရပါတယ်။ အခု သူများအိမ်ထဲ ညကြီးမင်းကြီး'

www.burmeseclassic.com

www.burmeseclassic.com



'ညပြောတာနဲ့ နေ့ပြောတာ တူမလားကွ၊ မင်းကလည်း'

'ဘာကွာလို့လဲ'

ဟု နေမျိုးမေးသည်။

စံလွင်က···

"နေ့ပြောတော့ မြင်မြင်ထင်ထင် ညပြောတော့ ဟိုစမ်း ဒီစမ်း မမြင်မကန်းပေါ့ကွ'

'ပြဿနာတက်ရင် ငါတော့ဒုက္ခပဲ၊ ဘာဘုန်းနဲ့ ထိပ်တိုက် တိုးမှာပဲ'

'မတက်ပါဘူးကွာ၊ အခုလိုပဲ ချိန်းတွေ့နေကျပါ၊ ခါတိုင်း ဆို ငါတစ်ယောက်တည်းရယ်'

'ကောင်မလေးရဲ့ အဖေနဲ့ အမေ လာတာလှမ်းမြင်နေရရင် လက်ခုပ်ငါးချက်တိတိ တီးလိုက်ရုံပဲ၊ ပေါက်တိုးက သူ့ဘာသာ ခွေးတိုးပေါက်က တိုးထွက်ပြီးပြန်၊ ဒါပဲ'

နေမျိုးက စံလွင့်နံဘေးသို့ တိုးကပ်လျက် လေသံဖြင့်···

'ကောင်မလေး မိဘတွေက ဘယ်သွားလို့လဲ'

'ရွာလယ်ထဲက အိမ်မှာ ရုပ်မြင်သံကြား သွားကြည့်တယ်'

'သြော်'

နေမျိုးက လက်မှနာရီကို ကြည့်သည်။ ၉ နာရီထိုးပြီ ကြောင်း သိ၏။ နာရီလက်တံတွေသည် အမှောင်ထဲတွင် ထင်း···



'ဟာ'

စံလွင်သည် ဆောင့်ကြောင့်ထိုင်နေရာမှ ကုန်းကွကွဖြစ်သွား၏။

'ဘာဖြစ်တာလဲ စံလွင်'

စံလွင်က မြေကြီးပေါ်သို့ နီးကပ်စွာ ကြည့်လျက်···

'ဘာကြီးလဲ မသိဘူး'

အသေအချာ ကြည့်ပြီးမှ

'ဟာ··· လိပ်··· လိပ်'

ရွေ့လျားနေသော မည်းမည်းအရိပ်ကို မြင်သည်။ စံလွင် ကောက်ယူလိုက်သည်ကို တွေ့၏။

'ဘာလုပ်ဖို့လဲကွာ၊ လွှတ်လိုက်စမ်းပါ'

'အိမ်မှာ မွေးထားမလို့'

စံလွင်က လက်ထဲမှ လိပ်ကို ပက်လက်လှန်ပြီး မြေကြီး ပေါ်သို့ ချထား၏။ ယက်ကန် ယက်ကန်ဖြစ်နေသည်ကို နီးကပ်စွာ တွေ့သည်။

'ဟိုးလို့ပက်လက် မထားစမ်းပါနဲ့ကွာ၊ ဝင့်လိုက်နေဦးမယ်'

'ဒါဆို လုံချည်ထဲ ထည့်ထားမယ်'

ပြောပြီး စံလွင်က လိပ်ကို လုံချည်ထဲသို့ ထည့်ထားသည်။ ···က်အောင့်မျှကြာသောအခါ စံလွင်က လိပ်ကိုကိုင်မြှောက်လျက်···

www.burmeseclassic.com

www.burmeseclassic.com



'မရဘူးကွ၊ ရှန်းလိုက် ကန်လိုက်နဲ့'

'အဲဒါဆို ဘယ်လိုလုပ်မလဲ'

စကားသံကို ရုတ်ခြည်းမကြားရ။ တစ်ခုခုလုပ်ဖို့ စဉ်းစားနေဟန်တူ၏။

ပြီးမှ…

'နေမျိုး'

'ပြော'

'မင်း ဒီမှာ ခဏနေခဲ့၊ ငါ အိမ်ပြန်ပြီး လိပ်ကို စဉ့်အိုးထဲ သွားထည့်ထားလိုက်မယ်'

'ဟာ… ငါတစ်ယောက်တည်း မနေခဲ့ရဲဘူး၊ တော်ကြာ တစ်ယောက်ယောက်က တွေ့သွားလို့ သူခိုးသူဂုက် ထင်နေဦးမယ်'

'ဒါဆို အိမ်ကို အပြေးပြန်လိုက်မယ် လာ'

သူ့ကိုဆွဲပြီး စံလွင် ထိုင်ရာမှ ထသည်။ လိပ်ကိုမြေကြီးပေါ်တွင် ပက်လက်ချသည်။ လုံချည်ကို ပြင်ဝတ်သည်။ ပြီးမှ လိပ်ကို လက်နှစ်ဖက်ဖြင့် ကောက်ကိုင်၏။

'ငါတို့သွားနေတုန်း ကောင်မလေးရဲ့ အဖေအမေ ပြန်ရောက်လာရင် ဘယ်လိုလုပ်မလဲ'

နေမျိုးက စိုးရိမ်စကားဆိုသည်။

'မရောက်နိုင်ပါဘူးကွာ၊ လာစမ်းပါ'



ပြောပြီး ခြေလှမ်းကျဲတွေဖြင့် ထွက်ခဲ့ကြ၏။ ပေါက်တိုးရှိမည်ထင်သည့်ဘက်သို့ သူ ငဲ့ကြည့်မိသေးသည်။

❀ ❀ ❀

ရေတစ်ဝက်ခန့်ရှိသည့် ရာဝင်အိုးထဲသို့ လိပ်ကို ပစ်ထည့်လိုက်သည်။ ပြီးပြီးချင်း ပေါက်တိုးရှိရာသို့ တစ်ဟုန်ထိုး လှမ်းခဲ့ကြရ၏။

စောစောက သူတို့နှစ်ယောက် ထိုင်နေခဲ့သော အနီးအပါးတွင် လူရိပ်နှစ်ခုကို တွေ့သည်။ တစ်ယောက်က လက်နှိပ်ဓာတ်မီးကို ဖွင့်ချည်ပိတ်ချည် ပြုလုပ်လျက် အိမ်ဝင်းထဲသို့ ခြေဦးလှည့်နေချေ၏။

'ဟာ'

'အဲဒါ ပေါက်တိုးကောင်မလေးရဲ့ အဖေနဲ့ အမေ'

စံလွင်က အလန့်တကြား ပြောလျက် အိမ်ဝင်းတံခါးသို့ အရောက်ပြေး၏။ နေမျိုးလည်း ဘာမသိ ဘမသိနဲ့ ရောပြေးသည်။

အိမ်ဝင်းတံခါးဝသို့ ရောက်သောအခါ စောစောက မြင်နေရသော လူရိပ်နှစ်ခုနှင့် ဆုံသည်။

'ဦး… ဦးလေး'

စံလွင်က မောဟိုက်သံနှင့် ခေါ်၏။ နေမျိုးလည်း ဘာလုပ်ရမည်မှန်း မသိ။

www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲကွ၊ ဘယ်သူလဲ'

စံလွင့်မျက်နှာကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးရင်းမေးသည်။ မေးမြန်းသံမှာ ကြောက်ခမန်းလိ။

'ကျွန်… ကျွန်တော်ပါ၊ စံလွင်… စံလွင်'

'ဩော်… ဘာလုပ်မလို့လဲကွ၊ ငါ့ဆီကို အမောတကော နဲ့ ပြေးလိုက်လာတာ အာပြောစရာရှိလို့လဲ'

'ဟို… ဦးလေးတို့ လင်မယား ဘယ်ကပြန်လာတာလဲလို့ လာမေးတာ'

ထိုစကားကြောင့် အနီးရှိ အဒေါ်ကြီးက…

'အံမယ်လေး… ဒါများ ရေးကြီးသုတ်ပျာနဲ့'

ပြောပြီး အိမ်ထဲသို့ ခြေရှေ့လေ၏။

'အဒေါ်… အဒေါ် ခဏနေပါဦး၊ အိမ်ထဲမဝင်ပါနဲ့ဦး'

ပေါက်တိုးတစ်ယောက်တော့ အိမ်အပြင်က အဖြစ်အပျက် ကို သိနိုင်လိမ့်မည်မထင်ချေ။ မည်သို့အချက်ပေးရမည်ကို ရုတ်တရက် မတွေးတတ်။ ထို့ကြောင့် နေမျိုးက စံလွင့်နံဘေးသို့ ကပ်ပြီး…

'ငါ လက်ခုပ်ငါးချက် တီးလိုက်ရမလား'

စံလွင့်ထံမှ တုံ့ပြန်သံ မကြားရဘဲ ဦးလေးကြီးက…

'နေစမ်းပါဦးကွ၊ မင်းတို့နှစ်ယောက်က ငါတို့ကို ရပ်ခိုင်းပြီး



လက်ခုပ်ငါးချက်တီးမယ်လေး ဘာလေးနဲ့ လူကြီးတွေကို ပြောင်စရာ လှောင်စရာများ မှတ်နေသလား'

နေမျိုး ဇက်ပုသွား၏။

'မဟုတ်ပါဘူး၊ ကျွန်တော်တို့ကိစ္စနဲ့ ကျွန်တော်တို့ တီးမှာ ပါ'

'ဘယ်သူ့ကိစ္စနဲ့တီးတီး ငါ့အိမ်ရှေ့မှာလာပြီး လက်ခုပ် လက်ဝါးတီးစရာ မလိုဘူး'

'ဗျာ'

'တီးဝှံတီးကြည့် ရဝတ ဥက္ကဋ္ဌဆီ တန်းပို့ပစ်လိုက်မယ် ဒါပဲ'

ပြောပြီး အိမ်ထဲသို့ သုတ်ခနဲ လှည့်ဝင်သွားကြသည်။ ရင်ထဲတွင် တဒိန်းဒိန်း။

'စံလွင် ဘယ်လိုလုပ်မလဲကွ၊ ဟိုမှာ အိမ်ထဲရောက်တော့ မယ်၊ လက်ခုပ်ပဲ တီးလိုက်တော့မယ်ကွာ'

'ဟာ… မတီးနဲ့၊ မတီးနဲ့၊ ကဲ… မင်းလည်း ပြေးဖို့ ပြင်တော့၊ မထူးတော့ဘူး'

စံလွင်က လုံချည်ကို တိုတိုဝတ်သည်။

ပေါက်တိုးရှိနိုင် မည့်နေရာသို့ ခေါင်းလှည့်ပြီး ပါးစပ်ကို လက်ဝါးနှစ်ဖက်ရုံလျက်…

www.burmeseclassic.com

www.burmeseclassic.com



'ပေါက်တိုးရေ ပြေးတော့ကွာ၊ ပြေးတော့၊ ပြေးတော့၊ ပြန်လာကုန်ပြီ၊ ပြေးတော့'

အိမ်နံဘေး ပြတင်းပေါက်နံဘေးရှိ ဝင်းနံရံများမှ ဝုန်းခနဲ အသံတစ်သံကို ကြားလိုက်ရသည်။ နေမျိုးလည်း ကြောက်ကြောက်လန့်လန့်နဲ့ မာရသွန်ပွဲကို ဆင်နွှဲလိုက်ရ၏။

နောက်တစ်နေ့တွင် ပေါက်တိုး၏ခြေဖနောင့် အသားကြေသွားသည်မှအပ မည်သို့သော ပြဿနာ တစ်စုံတစ်ရာမျှ မရှိချေ။

ထိုညက ချစ်သူကို လွမ်းချိန်မရခဲ့။

ဣ ဣ ဣ

(၉)

'နောက်နောင် ဘဘုန်းဆီကို လာရင် ဘာမှယူမလာပါနဲ့ကွာ၊ ဒီမှာ အားလုံးပြည့်စုံတယ်လို့ မင်း မာမီကို ပြောလိုက် ကြားလား'

'တင်ပါ့ဘုရား'

'ကိုယ့်ကျေးဇူးရှင် အမေကိုလည်း အလုပ်အကျွေးပြု စိတ်ချမ်းသာအောင်ထား။ ဘဝမမေ့နဲ့'

'ဘဝ မမေ့နဲ့'ဟူသော စကားသံသည် နားထဲသို့ ပဲ့တင်ဖိတ်လျှံသွားချေ၏။

'မင်းကို နေမျိုးလို့ ဘဘုန်းနာမည်ပေးထားတာ ဘာကြောင့်လဲ မင်း အသိ မဟုတ်လား၊ ရှေးတုန်းက ဘုရင့်အမှုထမ်း၊ သူရဲကောင်းတွေအနက်က မင်းမျိုး မင်းနွယ်ထဲက သူရဲကောင်းဆိုရင် နာမည်ရှေ့က သတိုးလို့ တပ်တယ်၊ သာမန်အရပ်သားထဲကဆိုရင် နာမည်ရှေ့က နေမျိုးလို့ တပ်တယ်'

www.burmeseclassic.com

www.burmeseclassic.com



'နေမျိုးဆိုတဲ့ မင်းဟာ သာမန်လူတန်းစားပဲ၊ အဲဒီဘဝကို ဘယ်တော့မှ မမေ့စေချင်လို့ နာမည်ပေးထားတာ၊ မင်းက ကျေးဇူး ကန်းမယ့်သူ၊ ဘဝမေ့မယ့်သူ မဟုတ်ဘူးလို့ ဘဘုန်း ယုံကြည်တယ်၊ ယုံကြည်တဲ့အတိုင်းလည်း လိမ်လိမ်မာမာနေ ကြားလား'

'စိတ်ချပါ ဘုရား'

'အေး… သွားတော့ သွားတော့၊ ဘဘုန်းအတွက် ဘာမှ မပူနဲ့၊ အကြောင်းထူးရှိမှ စာရေး၊ ကဲ… မော်တော်မမီဘဲ နေဦးမယ်'

'မိနစ်လေးဆယ်လောက်တောင် လိုသေးတာပဲ'ဟု ပေါက် တိုးပြောသည်။ စံလွင်က…

'မင်း အထုပ်အပိုးတွေတော့ မော်တော်ဦးပိုင်းမှာ'

သူ ခေါင်းညိတ်သည်။ မော်တော်ထွက်ချိန် လိုသေးသဖြင့် လက်ဖက်ရည်ဆိုင်ထဲတွင် လူစိပ်စိပ်ရှိ၏။ တချို့မော်တော်ပေါ်တွင် ရောက်နှင့်နေကြသည်။ စီးကရက်ကို မီးညှိဖွာရှိုက်ပြီး…

'ငါ မင်းတို့နှစ်ယောက်ကို တစ်ဝက်လောက် ဝန်ခံချင် တယ်ကွာ'

ကြေကွဲစွာသော ရင်နှင့်သံ။ စံလွင်က မျက်မှောင်ကြုတ် လျက်…

'ဝန်ခံတာပဲ တစ်ဝက်တွေ တစ်စိတ်တွေ ရှိသေးသလား ကွ'



'ခံစားချက်အကုန်အစင်ကို မပြောသင့်လို့ တစ်ဝက်လောက် ပဲ ပြောမယ်လို့ ဆိုလိုတာပါကွာ'

'ကဲ… ဒါဆို အဲဒီတစ်ဝက်ကိုပဲ ပြောကွာ'ဟု ပေါက်တိုး ဝင်ထောက်၏။ စီးကရက်ကို ဖွာရှိုက်သည်။ ပြီးမှ…

'ငါ ကောင်မလေးတစ်ယောက်ကို တစ်ဖက်သတ် ချစ်နေ ပါတယ်ကွာ'

'ဘယ်သူ့ကိုလဲ'ဟု ပေါက်တိုးက ကမန်းကတန်း မေး သည်။

'ဘယ်သူ့ကိုလဲဆိုတာကို ငါ့ရင်ထဲမှာ သိမ်းထားရမယ် လေ၊ ကျန်တဲ့တစ်ဝက်ပဲ မင်းတို့ သိထားပေါ့'

ပေါက်တိုးမျက်နှာ တမင်မဲ့သည်။

'ဘယ်ကလဲ ရန်ကုန်ကပဲလား'

စံလွင့်ကို သူ ခေါင်းညိတ်ပြသည်။

'ငါ အဲဒီမိန်းကလေးကို မချစ်လည်း မချစ်သင့်ဘူး၊ မချစ် လည်း မနေနိုင်ဘူး၊ ဖွင့်ပြောဖို့ဆိုတာ မဖြစ်နိုင်ဆုံးကိစ္စ၊ နောက်ဆုံး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ဘူး၊ အဲဒါနဲ့ပဲ မီးဝေးရင် ဝေးမှာပဲလို့ ထင်ပြီး ဒီကိုလာတာ၊ အထင်နဲ့တလွဲစီပဲကွာ၊ တော့မှ ပိုပြီးခံစားရတယ်'

ပေါက်တိုးက…

www.burmeseclassic.com

www.burmeseclassic.com



'စိတ်တော့မကောင်းပါဘူးကွာ၊ ဒါပေမဲ့ မင်း ချစ်သူက ဘယ်သူဘယ်ဝါရယ်လို့ ပြောမပြတော့ ငါ့စိတ်ထဲမှာ မိန်းမတစ်ယောက်ကို လည့်ပင်းဖြတ်ပြီး လက်ထပ်ရသလိုပဲ'

'မင်းကတော့ ပေါက်ကရ ပြောတော့မယ်'

စံလွင်က ဆေးလိပ်ကို တစ်ဖွာဖွာပြီး…

'ဒါဆို မင်းက ကျိတ်ပိုး ပိုးနေတာပေါ့ ဟုတ်လား နေမျိုး'

'အဲဒီလိုပဲ ဆိုရမှာပေါ့ကွာ၊ မရိုးသားတဲ့အရိပ်ကို မျက်လုံးနဲ့တောင် မပြခဲ့ဖူးဘူး'

'ဒါဆို မင်းက တစ်သက်လုံး ဖွင့်မပြောတော့ဘူးပေါ့'

'ဖွင့်မပြောဖြစ်အောင် ကြိုးစားနေတာပဲကွာ၊ ဖွင့်ပြောမိမယ့်နေ့အတွက် အခုကတည်းက ငါ နောင်တကြိုရနေမိတယ်'

ရင်မောစွာ ပြောမိသည်။

ကမ်းစပ်သို့ ရေလှိုင်းရိုက်သံ ကြားရ၏။

❀ ❀ ❀

# အခိုင်း(၁၃)

www.burmeseclassic.com

www.burmeseclassic.com

သီတာဒေဝီက ဒဿဂီရိကို
ပြန်မချစ်ပေမယ့်
ဒဿဂရိ
ဘယ်လောက်ချစ်တယ်ဆိုတာ
သီတာ သိပါတယ်

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ကြိတ်မှိတ်ခံစားခြင်းဟူသည် တော်ရုံတန်ရုံ ဝေဒနာအတွက် သာ ဖြစ်နိုင်လိမ့်မည်ထင်၏။ မနိုင်ဝန်ကို ထမ်းပိုးနေရသူဟူသာ ကိုယ့်ကိုယ်ကိုယ် ယူဆမိသည်။ အနည်းဆုံးတော့ လူသူကင်းမဲ့သော ဟစ်နေရာရာတွင် အော်ဟစ်ဖော်ထုတ်ပစ်လိုက်ချင်သည်။ မျိုသိပ် နိုင်စွမ်း နည်းပါးသောအခါကာလ၌ နှလုံးသည်းခြေသည် ဆောက် တည်ရာမရ။

အရာရာကို ယှဉ်တွေးတွက်ဆရခြင်းသည် ပွင့်ထွက်လုလု ခန်းတံခါးကို ရင်ခွင်ပိုက်လျက် တွေးပွေ့ထားသည်နှင့်တူ၏။ ပါက်ကွဲခြင်းသို့ မရောက်မီစပ်ကြား၌ အနည်းငယ်ချင်း စိတ်ထွက် ကျူပါးစေလိုသည့် အသံတို့ကို ပဲ့တင်စေခြင်း ကင်းသော နံ့ရုံချပ် ား လိုချင်သည်။ ဆိတ်ကွယ်ရာအရပ်တွင် ရင်တွင်းစကားမွေ့ :ခြွေချင်၏။ ထိုအရပ်တွင် ချစ်သူမရှိပါစေနှင့်။

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ညစ်တိုင်း ခရီးသွားတတ်တာ မင်းရဲ့အလေ့အထ၊ အဲဒီတော့ မင်းရွာကို သွားတာလည်း စိတ်ညစ်စရာ တစ်ခုခု သယ်သွားတာပဲ ဖြစ်ရမယ်'

သက်နိုင်က မျက်နှာကို စေ့စေ့ကြည့်လျက် ပြောသည်။

'မငြင်းတော့ပါဘူးကွာ'

'ငြင်းလို့မှ မရတာ၊ ဘယ်ငြင်းမလဲ၊ ကဲ… မငြင်းဘူးဆိုရင်လည်း ဘယ်သူဘယ်ဝါကြောင့် စိတ်ညစ်နေရသလဲဆိုတာကို ဝန်ခံစမ်းပါဦး'

'ဘယ်သူ့ကြောင့်လို့ မင်း ထင်သလဲ'

ညိုအေးက ငါ သိတယ်ဟု ဝင်ပြောသည်။

ပြီးမှ…

'မညွှန့်ကြောင့် မဟုတ်လား'

သူ ခေါင်းယမ်းသည်။

'ဒါဆို နှင်းသန္တာကြောင့်'

'ဟာကွာ မဆိုင်လိုက်တာ'

'မင်းနဲ့ ပတ်သက်ဆက်နွှယ်တဲ့ မိန်းကလေးဆိုလို့ ဒါအကုန်ပဲလေ'

မည်သို့မျှ စကားမတုံ့ပြန်။

နွေသစ်က…



'ဘာလဲ မိတ်ဆက်စာတွေရေးတဲ့ ပရိသတ်တစ်ယောက်ယောက်များလား'

မျက်နှာကို ရှုံ့မဲ့ပစ်လိုက်မိသည်။

'ဟော့ကောင်… နွေသစ် ပရိသတ်ကို မစော်ကားနဲ့ကွာ'

'စော်ကားတာ မဟုတ်ပါဘူး၊ ဘယ်သူဘယ်ဝါဆိုတာ တွေးလို့ တောလို့မှ မရတော့ဘဲ'

ရင်ကို ပွင့်ထုတ်ပစ်လိုက်ချင်သည်။ ရင်ပွင့်မတတ် ခံစားမျိုသိပ်ထားရသည့်တိုင် ရင်ဖွင့်ရန် ခက်ခဲသော ကာလဟု ကိုယ့်ကိုယ်ကိုယ် သိ၏။

'ငါ ပြောချင်တယ်ကွာ'

ညိုအေးက…

'ဟောဗျာ၊ ပြောပါဆိုမှ ပြောချင်တယ်ကွာတဲ့၊ တော်တော်ဖောက်တဲ့ ကောင်ပဲ'

'မဟုတ်ဘူး ညိုအေး၊ ပြောပြချင်ပေမယ့် ပြောသင့် မပြောသင့် စဉ်းစားနေရတယ်'

'ဒီလောက်တောင်ပဲလားကွာ'

'ဟုတ်တယ် ညိုအေး၊ ငါ့ကိုယ်ငါ ခွင့်မလွှတ်နိုင်အောင်ဖြစ်တည်နေတဲ့ ကိစ္စပဲ'

စကားသံ တိမ်ဝင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ဝင်စားစရာပဲ၊ ဖြစ်နိုင်ရင် ပြောပြပါကွာ၊ ငါတို့လည်း ကူညီနိုင်ရင် ကူညီရတာပေါ့'

သက်နိုင်က မျက်နှာတည့်ဖြင့် ပြောသည်။

'တစ်ခုပဲ ကူညီကြပါကွာ'

'ဘာကူညီရမလဲ ပြော'

'တခြားတော့ မဟုတ်ပါဘူး၊ အခု ငါပြောပြမယ့်အကြောင်း ကိစ္စကို မင်းတို့သုံးယောက်ကလွဲပြီး တခြား ဘယ်သူ့ကိုမှ အသိမပေးမိဖို့ပဲ'

'အဲဒီအတွက်တော့ စိတ်ချ၊ ငါတို့ ကတိပေးတယ်'

ခေါင်းတွေကိုယ်စီ ညိတ်၏။

ရှည်ကြာစွာ ငေးမောပြီးမှ…

'ငါ့ကို အပြစ်လည်းမတင်ကြပါနဲ့ကွာ၊ ငါ ငါ့ညီမလေး မြတ်သစ္စာခိုင်ကို ချစ်နေမိတယ်'

မိုးပြိုသည်လို့ ခံစားရ၏။

အံ့ဩမျက်နှာတွေကို ကိုယ်စီ တွေ့သည်။

'ဘယ်လို နေမျိုး၊ မြတ်သစ္စာခိုင်ကို ဟုတ်… ဟုတ်လား'

အံ့ဩစွာ မေးမြန်းနေသော မျက်နှာတွေကို ဝံ့စားစွာ ရင်မဆိုင်မိ။ ဟိုသည်ရွေ့လျားသော မျက်ဝန်းအကြည့်တို့သည် အရပ်ရှပ် မျက်နှာသို့ ယောက်ယက်ခတ်နေချေ၏။



'မင်းတို့က မောင်နှမတွေ မဟုတ်ဘူးလား'

ညီ့အေး၏ မေးမြန်းသံသည် တုန်ယင်လျက်ရှိ၏။ တိုတောင်းသောလက်ရှိကာလအတွင်း နားလည်အောင် ရှင်းပြဖို့ အချိန်အခါသည် မလုံလောက်။ ဘဝ၏ အစသို့ ခဏပြန်သွားရမည်မှန်း သိသည်။

'ပြောလေ နေမျိုး၊ မြတ်သစ္စာခိုင်နဲ့ မင်းနဲ့က မောင်နှမ မဟုတ်ဘူးလား'

ခေါင်းကို ညင်သာစွာ ခါယမ်းမိ၏။

ဝင်ရိုးစွန်းနှစ်ခုအကွာဝေးသို့ ဦးခေါင်းကို ရွေ့လျားနေရသည်ဟု ခံစားရ၏။ ချားရဟတ်ပမာ လည်ပတ်သွားသော နှလုံးသည်းခြေကြောင့် ရင်ဆို့မွန်းကျပ်ရချေသည်။

'ညီမလေးနဲ့ ငါက မောင်နှမအရင်းတွေ မဟုတ်ကြဘူး၊ ပြီးတော့ ငါတို့နှစ်ယောက်နဲ့ မာမီနဲ့ကလည်း သားအမိအရင်းတွေ မဟုတ်ကြဘူး'

'ငါ မှားပြီလား မသိဘူး သူငယ်ချင်းရာ၊ ဆက်မမှားဖြစ်အောင် ကိုယ်တွင်းစိတ်ကို ကိုယ်တွင်းမှာပဲ ထားထားခဲ့ပါ၊ မာမီပါအဝင် အားလုံးကို ငါမျက်နှာပူတယ်၊ တကယ်တော့ ငါဟာ တောကျီးကန်းလေးတစ်ကောင်ပါ'

www.burmeseclassic.com

www.burmeseclassic.com



ဦးဖေမောင်သည် တုတ်တုတ်မျှ မလှုပ်။ ဒေါသခိုးတွေဝေနေသော မျက်နှာထားဖြင့် ကုလားထိုင်တွင် ဘောင့်တင်းစွာ ထိုင်နေ၏။

ဦးဖေမောင်၏ ဇနီး ဒေါ်မြင့်မေသည် မျက်ရည်စက်လက်နှင့်။ အနီးအပါးတွင် သမီးအကြီး မထားမေကလည်း မိဘနှစ်ပါး၏ မျက်နှာကို ငေးမောလျက် စိတ်မကောင်းဖြစ်နေချေသည်။

'အမိုက်မ'

ဦးဖေမောင်၏ နာကြည်းသံကို နီးကပ်စွာ ကြားရ၏။

'ကျွန်မ ရင်နာလိုက်တာ ကိုဖေမောင်ရယ်၊ ကျွန်မ ရင်နာလိုက်တာ၊ ဒရိုင်ဘာနဲ့မှ လိုက်ပြေးရတယ်လို့ ဟီး... ဟီး'

မငိုပါနဲ့တော့ မေမေရယ်ဟု မထားမေ ပြောချင်သည်။ ပြောမထွက် မပြောရက်သဖြင့် နှုတ်ဆိတ်၍သာ နေရ၏။ နှုတ်ဆိတ်နေလျက်က ညီမငယ်ဖြစ်သူ မထားဝေ၏ မျက်နှာလေးကို မြင်ယောင်သည်။ တစ်ဆက်တည်းတွင် ဒရိုင်ဘာ ကိုထွန်းရွှေ၏ မျက်နှာကိုပါ မြင်ယောင်၏။

'ညီမလေးတို့ နှစ်ယောက် ဘယ်ဆီကိုများ ရောက်နေပါလိမ့်'

ဟု စိုးရိမ်တကြီး တွေးသည်။ မှန်းဆရခက်ခဲသော အခါကာလ။



'ညီမလေးတို့ကို လိုက်မရှာဘူးလား ဖေဖေ'

စိုးရိမ်လွန်ကဲ၍ လွှတ်ခနဲ ထွက်သွားရသော စကား။

'ဘာ... လိုက်ရှာရမယ် ဟုတ်လား၊ ထွီ... ခွေးစာတင်းတဲ့ အမိုက်မ၊ ခွေးလိုပဲ နေပါစေ၊ ဘယ်တော့မှလည်း မရှာဘူး၊ အိမ်ရိပ်ကိုလည်း ဘယ်တော့မှ မနင်းစေနဲ့'

'အို... ဖေဖေရယ်'

'သမီးကြီး သမီး ဘာမှဝင်မစွက်နဲ့ ကြားလား'

ခေါင်းကို မငုံ့မရဲ ညိတ်မိသည်။

'မမြင့်မေ... ခင်ဗျားလည်း ငိုမနေနဲ့တော့၊ ငိုစရာမလိုဘူး၊ ဒင်းထိုက်နဲ့ ဒင်းကံအတိုင်းပဲ ပစ်ထားလိုက်၊ လုံးဝ လာမပတ်သက်စေနဲ့'

ဦးဖေမောင်၏ စကားကြောင့် ဒေါ်မြင့်မေက စီးကျနေသော မျက်ရည်တွေကို ခြုံပဝါငယ်ဖြင့် ဖယ်သုတ်ပစ်လိုက်သည်။

ကြီးမားသော နှယ်ကြိုးတစ်မျှင် တင်းမာပြတ်တောက်သွားပြီဟု သဘောပိုက်လိုက်၏။

❦ ❦ ❦

ဦးဖေမောင်သည် ရန်ကုန်မြို့တွင် ထိတ်ထိတ်ကြဲသူဌေးကြီး တစ်ဦးဖြစ်၏။ မျိုးရိုးစဉ်ဆက် ကြွယ်ဝခဲ့သူဖြစ်သည်။ ဦးဖေမောင်

www.burmeseclassic.com

www.burmeseclassic.com



ညီမငယ်ရှိရာအရပ်ကို မိဘနှစ်ပါးမသိအောင် နည်းအမျိုးမျိုးဖြင့် ကြိုးစားစုံစမ်းသည်။ လေးငါးခြောက်လကြာသည်အထိ မည်သို့သော သတင်းအစအနမျှ မရခဲ့။

သည်အတောအတွင်း ညီမငယ်ကလည်း ဆက်သွယ်ရဲမည် မဟုတ်မှန်း သိသည်။ ကြောင်းလမ်းဖို့စကား ကမ်းသည်ကိုပင် ဖခင်နှင့်မိခင်က အားတုံ့မနာဘဲ ပြောဆိုကြသည်။ ငြင်းပယ်ကြသည်။ ကြာတော့လည်း ညီမလေး မထားဝေတစ်ယောက် မိသားစု၏ သူစိမ်းတစ်ယောက်အဖြစ်သို့ ရောက်ရှိသွားရရှာသည်။

ညီမငယ်ကို လွမ်းသောအလွမ်းကြောင့်လည်းကောင်း၊ မထားမေတစ်ယောက် မိဘတွေ၏ မမြင်ကွယ်ရာတွင် မျက်ရည်ပေါက်တွေ ကြွေခဲ့ရသည်။ မိဘတွေ၏ စိတ်ကို ဖျောင်းဖျဖို့ အခါခါ ကြိုးပမ်းခဲ့သော်လည်း စကားစပြောခွင့်ပင် မရ။

တစ်နှစ်နီးပါးခန့်ကြာလျှင် ကိုထွန်းရွှေနှင့် ညီမငယ် ထားဝေတို့ နေထိုင်ရာအရပ်ကို သိရှိခဲ့ရသည်။ ထိုသို့သိသည်ကို မထားမေတစ်ယောက် မည်သူ့ကိုမျှ မဖွင့်ဟ။

နေထိုင်ရာ ဒေသကို သိကြသော်လည်း ကူးလူးဆက်သွယ်ဖို့ လူကြုံသူကြုံပင် မရှိခဲ့။ ရှိနေသည်ဟူသော အရပ်သို့သာ ရည်မှန်း၍ လွမ်းရချေသည်။ မထားဝေ ကိုယ်တိုင်ကလည်း မည်သို့မျှ မဆက်သွယ်ခဲ့။



'နေနိုင်တတ်ရန်ကော ညီမလေးရယ်'

* * *

တစ်နှစ်ကျော်ခန့်အကြာတွင် အိမ်သို့စာတစ်စောင်ရောက်လာသည်။ မည်သူမည်ဝါ၏ စာဟု ရုတ်ခြည်းမသိ။ စာကိုဖွင့်ဖတ်သောအခါမှ ညီမငယ်၏ စာဟု သိသည်။ သိသိချင်း ဖခင်နှင့်မိခင်အနားသို့ ကပ်သည်။ အရဲစွန့်လျက် စာကို အသံထွက်ဖတ်သည်။ ဝါကျတိုင်းသည် ရင်တွင်းမြား...။

* * *

*ဖေဖေနှင့်မေမေ...*

*သမီးမိုက်ကို ခွင့်လွှတ်ပါရန် တောင်းပန်ရင်း ဒီစာကို ရေးလိုက်ပါတယ်။ မမလည်း ညီမလေးကို ခွင့်လွှတ်ပါ။*

*မိဘရဲ့မေတ္တာတရားကို သမီးတစ်စတစ်စ နားလည်လာပါပြီ။ သမီးကို ခွင့်လွှတ်ကြပါရှင်။ မကြာမီမှာ သမီးရဲ့ရင်သွေးလေးတို့ ဖူးမြင်တော့မှာမို့ အနားမှာ ဖေဖေတို့ မေမေတို့ မမတို့ ရှိစေချင်တာ အမှန်ပါ။ ဖေဖေတို့ဆီကို သမီး စာခဏခဏရေးပါတယ်။ ဒါပေမဲ့ ရေးပြီးတိုင်း ပြန်သိမ်းထားမိပါတယ်။ သမီးစာကြောင့် ဖေဖေတို့ မေမေတို့ ဒေါသတွေပိုကြီးသွားပြီး ကျန်းမာရေးထိခိုက်မှာ စိုးရိမ်မိလို့ပါ။*

www.burmeseclassic.com

www.burmeseclassic.com



*အခုတော့...*

*သမီးမခံစားနိုင်တော့လွန်းလို့ ဒီစာကို ရေးရတာပါ။ သမီးကို ခွင့်လွှတ်တဲ့စာကြောင်းလေးတစ်ကြောင်း တွေ့ပါရစေဖေဖေရယ်။ ပစ္စည်းဥစ္စာ အမွေကို မမက်မောပေမယ့် မိဘရဲ့မေတ္တာအမွေကိုတော့ သမီးတောင်းခံပါရစေ။*

*မေမေ...*

*သမီးကို မေတ္တာအမွေတွေပေးပါ။ မိဘတွေ ရှုံ့မှုန်းနေတဲ့ သမီးမိုက်အဖြစ်နဲ့ သမီး မီးမဖွားပါရစေနဲ့။ သမီးအတွက် မိဘမေတ္တာ အလိုအပ်ဆုံးအချိန်ကို ရောက်နေလို့ပါ မေမေရယ်။ သမီး ရှိခိုးပြီး တောင်းပန်လိုက်ပါတယ်။ သမီးကို ခွင့်လွှတ်ပေးကြပါ။*

*သမီးမိုက်*

*ထားဝေ*

စာကြောင်းတွေဆုံးသည်နှင့် မထားမေ ငိုချလိုက်လေ၏။ မိခင်၏ မျက်ဝန်းတွင် မျက်ရည်တွေ စို့နေသည်။ ပုတ်ခတ်ထုတ်နေသည့်မှန်း သိသာ၏။ ဖခင်သည်လည်း အိမ်၏ ပြင်ပသို့ မျက်နှာလွှဲထားသည်။ မြင်းမိုရ်တောင်၏ ထုထည်သည် သိမ်ငယ်လျော့ပါးသွားသည်ဟူ၍ မရှိ။

ဖ ဖ ဖ

## (၂)

ရွာထဲသို့ ရောက်ရောက်ချင်း ရွာလမ်းပေါ်တွင် ရွာသား ာစ်ယောက်ကို တွေ့သည်။ ထိုရွာသားကို မထားမေက စာထဲတွင် ါသော လိပ်စာကို ထုတ်ကြည့်ပြီး မထားဝေတို့အိမ်က ဘယ်နားမှာ ရှင်ဟု မေးသည်။

'အိမ်ကတော့ ဟိုနားကအိမ်ပဲဗျ'

တဲအိမ်တစ်အိမ်ကို လက်ညှိုးညွှန်ပြရင်း ပြောသည်။

'မထားဝေတစ်ယောက်တော့ မီးဖွားရင်း ဆုံးပါးသွားပြီ၊ ေနက ရက်လည်၊ အစ်မကြီးက အသုဘကို လာတာထင်တယ်'

'ရှင်'

ရင်တစ်ခုလုံး ဟုန်းဟုန်းတောက်သွားရသည်။

'ထားဝေ ဆုံးပြီ ဟုတ်လား'

'ဟုတ်တယ်ဗျ၊ ကလေးကတော့ အဖတ်တင်ပါတယ်၊ ကလေး မွေးတယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်… ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ရှင်'

တူရှုတွင် မြင်နေရသော တဲအိမ်သို့ ခြေလှမ်းကို အဟုန်မြှင့်သည်။ လမ်းတစ်လျှောက် မျက်ရည်ပေါက်တွေ စီးကျ၏။

အိမ်ဝင်းရှေ့သို့ အရောက်တွင် ကလေးငိုသံသဲ့သဲ့ကို ကြားရသည်။ အိမ်အတွင်းရှိ ကိုထွန်းရွှေကို လှမ်းမြင်နေရသည်။ ကိုထွန်းရွှေကလည်း မထားမေကို လှမ်းတွေ့သည်။ အိမ်ထဲမှ အပြေးဆင်းလာသည်ကို တွေ့၏။ ယိမ်းယိုင်နေသော ခြေလှမ်းတွေကို ကြိုးစား၍ သယ်ဆောင်လိုက်ရသည်။

❀ ❀ ❀

BURMESE CLASSIC .com

ညီမဖြစ်သူ မထားဝေရှိသည့် ရွာသို့ လာရောက်ရန်အတွက် မိဘနှစ်ပါးကို သိပ်ပြီးအတိုက်အခံ မပြောခဲ့ရ။

'ညီမလေးကို သမီး သွားတွေ့မယ်'ဟု သူပြောစဉ်က ကနှုတ်ဆိတ်နေချေ၏။ မိခင်ကမူ ခေါင်းတစ်ချက်ညိတ်သည်။ မ…သည် ကိုထွန်းရွှေနောက်သို့ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် လိုက်သွားခြင်းဖြစ်သည်။ ထို့ကြောင့် ညီမဖြစ်သူကို ထောက်ပံ့ဖို့အတွက် ငွေတွေများစွာ ယူလာသည်။ မိခင်၏ ခွင့်ပြုချက်ဖြင့် လက်ဝတ်လက်စား စိန်တစ်…င်စာကိုလည်း ယူခဲ့၏။ ညီမလေး သိလျှင် ဝမ်းသာကြည်နူးပေလိမ့်မည်။



ယခုမူ ဖန်တီးရည်ရွယ်ခဲ့သမျှတွေ အချည်းနှီး။

'ကျွန်တော့်သမီးလေးနဲ့ မခွဲပါရစေနဲ့ မမရယ်'

ကိုထွန်းရွှေ၏ ဝမ်းပန်းတနည်း တောင်းပန်သံကြောင့် စာနာရင်နင့်ရသည်။ အနီးအပါးတွင် ကျေးရွာ၏ တာဝန်ရှိသူတွေ၊ အိမ်နီးချင်း ရွာသူရွာသားတချို့ ရှိနေကြ၏။ ကိုထွန်းရွှေ၏ ရှေ့တည့်တည့်တွင် ငွေသားတွေ အထပ်လိုက်။

'ကျွန်မ ကိုယ်ချင်းစာပါတယ် ကိုထွန်းရွှေ၊ ဒါပေမဲ့ ကျွန်မ တူမလေးကို ဒီရွာမှာ မထားခဲ့နိုင်ဘူး၊ ကလေးရဲ့ နောင်ရေးအတွက် ကျွန်မ ပြောနေတာပါ'

'ကလေးကို ငွေနဲ့ဝယ်တာ မဟုတ်ပါဘူး၊ ဒီငွေတွေက ကိုထွန်းရွှေအတွက် တမင်ပေးတာပါ၊ ကျွန်မ တူမလေးကို ကျွန်မ သမီးအရင်းလို မွေးစားမယ်၊ ကျွန်မ ညီမလေး မရှိတော့တဲ့အတွက် ကျွန်မမှာ တာဝန်အပြည့်ရှိတယ်၊ ကျွန်မ ပြောတာကို နားလည်ပေးပါ'

စကားသံ တုန်ယင်သွားမှန်း ကိုယ့်ကိုယ်ကိုယ် သိ၏။ ကိုထွန်းရွှေက မျက်ရည်စက်လက်ဖြင့်…

'ကျွန်တော်က အဖေအရင်းပါ မမရယ်၊ ကျွန်တော်သာ တာဝန်အရှိဆုံးပါ'

အနီးတွင် အိပ်ပျော်နေသော သမီးလေးကို ငုံ့ကြည့်ရင်း…

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကို ကျွန်မ နားလည်ပါတယ်၊ ဒါပေမဲ့ ကိုထွန်းရွှေ စဉ်းစားကြည့်ပါ၊ သမီးလေးဘ၀ တင့်တယ်လှပဖို့အတွက် လောလောဆယ် ကိုထွန်းရွှေ ဆောင်ကြဉ်းနိုင်လို့လား၊ ကျွန်မ နှိမ်တာ မဟုတ်ပါဘူးနော်၊ အခြေအနေကို ပြောပြတာပါ'

အနီးရှိ ရွာသူရွာသားတွေက ခေါင်းတဆတ်ဆတ်ညိတ်ကြသည်။

'စာချုပ်စာတမ်းနဲ့ ကတိခံဝန်ချက်နဲ့ ကျွန်မ မွေးစားမှာ မဟုတ်ပါဘူး၊ ဒီအတိုင်း ခေါ်သွားမှာပါ၊ ကလေးရဲ့ တစ်သက်လုံး အထိ ကိုထွန်းရွှေရဲ့သမီးပဲ ဖြစ်စေရပါမယ်နော် ကိုထွန်းရွှေ'

တုံ့ပြန်သံ မကြားရချေ။

အခြေအနေကို ကြားနာနေရသော ရွာသူကြီးက…

'ဟုတ်သားပဲ မောင်ရွှေရယ်၊ ဒီက သူငယ်မပြောတာ သဘာ၀ကျပါတယ်၊ မင်းတို့ သားအဖကိုခွဲတာမှ မဟုတ်ဘဲ'

'ကလေးရဲ့ ရှေ့ရေးအတွက် ပြောနေတာပဲလေ၊ ငါကတော့ လိုက်လျောလိုက်စေချင်တယ်ကွာ'

မထားမေက…

'ဖြစ်နိုင်ရင် ကိုထွန်းရွှေကိုပါ ကျွန်မ ခေါ်သွားချင်ပါတယ်၊ ဖေဖေက စိတ်ဆိုးမပြေသေးလို့သာပါ၊ ပြီးတော့ ညီမလေးဆုံးတာ ဖေဖေတို့ မေမေတို့မှ မသိကြသေးဘဲ၊ သိအောင်ပြောမယ့်အချိ



ကိုထွန်းရွှေ မျက်နှာကို မြင်ရင် အခြေအနေ ဆိုးသွားလိမ့်မယ်၊ မြေးမလေးကိုပြပြီး ပြောတော့ သောကသက်သာတာပေါ့ရှင်'

ထိန်းထားသည့်ကြားက မျက်ရည်တွေ စီးကျလာရသည်။ လက်ပွေ့အိတ်ကိုဖွင့်လျက် မျက်ရည်သုတ်ဖို့ လက်ကိုင်ပ၀ါကိုထုတ်ယူသည်။ လက်ကိုင်ပ၀ါဖြင့် မျက်ရည်တွေကိုသုတ်ပြီး လက်ပွေ့အိတ်ထဲသို့ အသေအချာ ပြန်ငုံ့ကြည့်သည်။

အရာ၀တ္ထုတစ်ခု လျော့ပါးနေသည်ဟု သိလိုက်၏။ ညီမလေး မထားဝေအတွက် ယူဆောင်လာသော လက်၀တ်လက်စား အထုပ်ကလေးကို ရှာ၍မတွေ့တော့ချေ။ ဘယ်နေရာမှာ ကျခဲ့ပါလိမ့်ဟု အပြေးအလွှား စဉ်းစား၏။ စဉ်းစား၍မရ။

လောလောဆယ် လက်၀တ်လက်စားထက် အရေးကြီးသော ကိစ္စကို ဆွေးနွေးနေရသဖြင့် လက်ပွေ့အိတ်ကို တည်ငြိမ်စွာ ပြန်ပိတ်လိုက်သည်။

'ကျွန်တော့်သမီးလေးကို ကျွန်တော် မမနဲ့ ထည့်လိုက်ပါ့ မယ်၊ ဒီငွေတွေကိုတော့ ပြန်ယူသွားပါ'

'အို… မဟုတ်တာရှင်၊ ကျွန်မ စေတနာအပြည့်နဲ့ပေးတာပါ၊ မယူလို့မဖြစ်ဘူး ကိုထွန်းရွှေ'

'ဒီတစ်ခုတော့ ကျွန်တော် ငြင်းပါရစေ မမရယ်'

စိတ်မကောင်းစွာ ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးလေး လူးလွန့်လာသည်ကို မြင်၏။

ဖွဖွလေး ကောက်ချီလိုက်သည်။ ဖေဖေနှင့်မေမေ့ကို မြင်ယောင်သည်။

ညီမလေးကို တမ်းတမိ၏။

❀ ❀ ❀

BURMESE CLASSIC .com

(၃)

ရွာဦးကျောင်းမှ ကျောင်းထိုင်ဘုန်းကြီးက ကိုရင်တစ်ပါး လွှတ်၍ ခေါ်ခိုင်းသည်။ ဘာကိစ္စလဲဟု မထားမေ တွေးသည်။

ကျောင်းပေါ်သို့ ရောက်သောအခါ ဘုန်းကြီးကို ဝတ်ပြုသည်။

'ဘုန်းကြီးတို့ရွာမှာ အသင့်အတင့် ချမ်းသာတဲ့လူတွေ ရှိတော့ရှိပါတယ်။ အဲဒီလူတွေ လက်ထဲမှာတောင် မရှိနိုင်တဲ့ တန်ဖိုးကြီး ပစ္စည်းတွေ ဘုန်းကြီးဆီမှာ ရောက်နေတယ်'

'မှန်ပါ့ဘုရား'

'ဒီရွာကို ရောက်နေတဲ့ ဒါယိကာမကြီးက ကြွယ်ဝချမ်းသာသူလို့ ဘုန်းကြီး သိရတယ်၊ ဘုန်းကြီးလက်ထဲကို ရောက်နေတဲ့ ...ရာတွေဟာ ဒါယိကာမကြီးရဲ့ ပစ္စည်းတွေပဲလို့ ယူဆတယ်၊ အဲဒါ ...ါယိကာမကြီးများ ပစ္စည်းဥစ္စာတစ်ခုခု ပျောက်ရှသလားလို့ မေး...ပေးတာ'

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးကို မော်ဖူးလျက်…

'တင်ပါ့ဘုရား၊ တပည့်တော်မ ပျောက်တဲ့ပစ္စည်းတွေက စိန်ထည်ပစ္စည်းတွေပါ ဘုရား၊ ညီမလေးအတွက် ရည်ရွယ်ပြီး ယူလာတာပါ၊ ပျောက်တယ် ရှုတယ်လို့ ပြောရမှာ ရွာသူရွာသား တွေကို အားနာလို့ ဘာမှမပြောဘဲ ဒီအတိုင်း နှုတ်ဆိတ်နေမိတာပါ'

ဘုန်းတော်ကြီး လက်ထဲတွင် အထုပ်ငယ်တစ်ထုပ်ကို မြင် ရသည်။ မိမိကိုင်နေကျ လက်ကိုင်ပဝါဖြင့် ထုပ်ထားသည်မှန်း သိ၏။

'ကဲ… ဒီလောက်ဆို ဒါယိကာမကြီးရဲ့ ပစ္စည်းတွေ ဟုတ် လောက်ပါပြီ၊ ဒီလောက်တန်ဖိုးကြီးတဲ့ ပစ္စည်းဥစ္စာပျောက်တာတောင် ရေငုံနှုတ်ပိတ်နေနိုင်တာ ဒါယိကာမကြီးကို ချီးကျူးစရာပဲ'

ဘုန်းကြီးက အထုပ်ငယ်ကို ဖြေလျက် စစ်ဆေးကြည့်ပါဦး ဟု ပြောပြီး လှမ်းပေးသည်။ တရိုတသေ ယူပြီး…

'မစစ်တော့ပါဘူး ဘုရား၊ ဘုန်းဘုန်းကို တပည့်တော် ကျေးဇူးတင်ပါတယ်'

ဘုန်းကြီးက ညင်သာစွာ ပြုံးလျက်…

'ကျုပ်ကို ကျေးဇူးမတင်နဲ့၊ ကျုပ် ကောက်ရတာ မဟုတ် ဘူး'

အံ့ဩရလေသည်။



'ဘယ်သူ ကောက်ရတာလဲ ဘုရား၊ တပည့်တော် သိပါရ စေ'

ဘုန်းတော်ကြီးက အနီးတွင် တံမြက်လှည်းနေသော ကိုရင် ငယ်ဘက်သို့ လှည့်လျက်…

'ဟဲ့… ကိုရင် နေမျိုးကို သွားခေါ်စမ်း'

'တင်ပါ့ဘုရား'

ကိုရင်လေးက ကျောင်းပေါ်မှ ဆင်းသွားသည်။ ခဏ ကြာတွင် ကိုရင်လေးနှင့်အတူ လေးငါးနှစ်အရွယ် ကောင်လေး တစ်ယောက် ပါလာ၏။

'သူ့နာမည်က နေမျိုးတဲ့၊ မိဘနှစ်ပါး မရှိကြတော့လို့ ဘုန်းကြီး ခေါ်မွေးစားထားတာ'

ကလေးငယ်က ဘုန်းကြီးကို ဝတ်ပြုပြီး အနီးတွင် ကျုံ့ကျုံ့ လေး ထိုင်နေရှာသည်။ ချစ်စရာလေးဟု မြင်မြင်ချင်း တွေးမိ၏။

'နေမျိုး'

'ဘုရား' ထူးလျက် လက်အုပ်ကလေး ချီသည်။

'ဒီအထုပ်ကို ဘယ်ကကောက်ရတာတုန်း၊ ဒါယိကာမကြီး ကို ပြောပြလိုက်လေ'

ကလေးငယ်က မထားမေကို ကြည့်ရင်း ဘုန်းကြီးဘက်သို့ လက်အုပ်ချီလျက်…

www.burmeseclassic.com

www.burmeseclassic.com



'ဦးထွန်းချေတို့ အိမ်နားက ကောက်ရတာ'

မထားမေက…

'ဟုတ်လား၊ သားက ကောက်ရရချင်း ဘုန်းဘုန်းကို ဘာလို့ပေးတာလဲ'

'ဘုန်းဘုန်းက ကျောထားတယ်၊ ကိုယ့်ဥစ္စာမဟုတ်ရင် ကိုင်တောင် ကိုင်မကြည့်ရဘူးတဲ့၊ အနော်က ချွမ်းချိုင့်သွားယူရင်း ကောက်ရတော့ ဘာလုပ်ရမှန်း မသိတာနဲ့ ဘုန်းဘုန်းကို ပေးလိုက်တာ၊ အနော့်ဥစ္စာ မဟုတ်ဘဲ ကိုင်ကြည့်မိလို့ ငရဲကြီးမှာတောင် ကြောက်သွားတယ်'

မထားမေက သဘောကျစွာ ပြုံးသည်။

'သားက ကျောင်းမနေဘူးလား'

'ဘုန်းဘုန်းက နောင်နှစ်မှာ ကျောင်းထားပေးမယ်လို့ ပြောထားတယ်'

'သားက ကျောင်းနေချင်လို့လား'

ခေါင်းညိတ်လျက်…

'နေချင်တယ်'

'ဘာလို့နေချင်တာလဲ'

'စာတွေအများကြီးဖတ်တတ်ချင်လို့'

သနားစိတ် ဝင်သည်။



တူရှိ ဘုန်းတော်ကြီးကို ဖူးလျက်…

'ဘုန်းဘုန်းဘုရား တပည့်တော် ဒီကလေးကို မွေးစားပါရစေ'

ဘုန်းကြီးက မျက်မှောင်ကြုတ်လျက်…

'ဖြစ်ပါ့မလား ဒါယိကာမကြီးရဲ့၊ တူမ ပေါက်စလေးကို လည်း မွေးရဦးမယ်၊ ဒီကောင် နေမျိုးကိုလည်း မွေးစားဦးမယ်ဆို တော့ တာဝန်တွေ ကြီးလွန်းပါတယ်'

'တာဝန်မကြီးပါဘူး ဘုရား၊ တပည့်တော် ကုသိုလ်ယူ တာလည်း ပါပါတယ်၊ ပြီးတော့ ဒီကလေးကို မြင်မြင်ချင်း သံယောဇဉ် ဖြစ်မိလို့ပါ၊ တပည့်တော်ရဲ့ တူမလေးနဲ့လည်း တစ်သက် လုံး အဖော်ရတာပေါ့၊ သားအရင်းလို မွေးမှာပါ ဘုရား'

ဘုန်းကြီးက ခေါင်းတညိတ်ညိတ်…

'နေမျိုး'

'ဘုရှ'

'ဒီဒါယိကာမကြီးနဲ့ လိုက်သွားမလား၊ ရန်ကုန်ကို'

'ဘုန်းဘုန်းထည့်ရင် လိုက်သွားချင်တယ် ဘုရား'

'ဘာဖြစ်လို့ လိုက်သွားချင်တာတုန်း'

'ကိုရင်ကြီးတွေက ကျောတယ်၊ ရန်ကုန်မှာ တက္ကသိုလ် ကျောင်းကြီးတွေရှိတယ်တဲ့၊ အဲဒီတက္ကသိုလ်ကျောင်းကြီးတွေမှာ တက်ချင်လို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းဘုန်းကြီးက ပြုံးတော်မူ၏။

'ကဲ… ဒါယိကာမကြီးနဲ့ ဒီကောင်နေမျိုးတို့ရဲ့ ရေးရေစက်လို့ပဲ ဆိုရမှာပဲ'

'မှန်ပါ့ဘုရား'

'တစ်ခု ပြောလိုက်မယ် ဒါယိကာမကြီး၊ ဒီကလေးဟာ တော်ရုံတန်ရုံ လူသာမန်တွေထက် အများကြီးသာလိမ့်မယ်၊ လိမ္မာရေးခြားလည်း ရှိလိမ့်မယ်၊ အကျင့်စာရိတ္တအတွက်လည်း ကျုပ်တာဝန်ယူတယ် ဒါယိကာမကြီး'

နေမျိုးလေး၏ မျက်နှာ ကြည်လင်ဝင်းပသွားလေသည်။ အားရပမ်းသာ ပြုံးလိုက်သည်ကို နီးကပ်စွာ တွေ့၏။ အပြစ်ကင်းစင်လွန်းပေစွ။

❀ ❀ ❀

(၄)

အရှင်မွေး နေချင်းကြီးဟု နောင်မှ ကိုယ့်ကိုယ်ကိုယ် သုံးသပ်ပါသည်။ ရန်ကုန်ကို ရောက်ရောက်ချင်း နေမျိုးကို မထားမေက ...ခေါ်အဝေါ် အနေအထိုင် အသွားအလာ အပြောအဆို စသည်ဖြင့် ...ရာရာ ပြုပြင်သင်ကြားသည်။ ရက်ပိုင်း လပိုင်းအတွင်း သားအရင်းနှင့် မိခင်အရင်းပမာ ဖြစ်သွားကြ၏။

ရန်ကုန်သို့ ရောက်စကတည်းက မထားမေကို မာမီဟု ...နေမျိုး ခေါ်တွင်သည်။ ထိုသို့ခေါ်ဝေါ်ရန် အတိုး အဘွား (မထားမေ၏ မိဘ)တွေက သင်ကြားပေးကြသည်။ မာမီဟု နေမျိုးခေါ်လိုက်...ိုင်း ကိုယ့်ကိုယ်ကိုယ် မိခင်အရင်းပမာ ခံစားကြည်နူးရသည်။

မထားမေကို မိဘနှစ်ပါးက အိမ်ထောင်ပြုဖို့ ပြောစဉ်တိုင်း ...သားလေးနေမျိုးနှင့် သမီးလေးမြတ်သစ္စာခိုင်လေးတို့ နှစ်ယောက်ကို ...ယ်ညှိုးညှုန်လျက် ငြင်းပယ်တတ်စမြဲ။

www.burmeseclassic.com

www.burmeseclassic.com



'တဖြည်းဖြည်းနဲ့ မာမီလည်း ကလေးနှစ်ယောက်နဲ့ အပျိုကြီးကနေ နောက်ပိုင်း ကလေးနှစ်ယောက်အမေ ဖြစ်သွားရတော့တာပေါ့'

သူငယ်ချင်းတွေက ခေါင်းတညိတ်ညိတ်ဖြင့် စိတ်ဝင်တစား နားထောင်နေကြလေသည်။

'အဘိုးနဲ့အဘွား ဆုံးသွားပြီးကတည်းက ငါတို့မိသားစု မဉ္ဇူတို့အိမ်ဘေးကို ပြောင်းလာကြတာ၊ အဲဒီကို ပြောင်းမလာခင်ကတည်းက မာမီက အတာန်တန်မှာတယ်၊ ဘယ်သူ့ကိုပဲဖြစ်ဖြစ် ငါတို့နှစ်ယောက်ဟာ သူ့သားသမီး၊ သူဟာ ငါတို့နှစ်ယောက်ရဲ့အမေလို့ ပြောရမယ်တဲ့'

'အခုလက်ရှိ ဝန်းကျင်တစ်ခုလုံးက ငါတို့ကို တကယ့်သားသမီးအရင်းတွေလို့ပဲ မြင်ကြတယ်၊ ဘယ်သူမှ မသိဘူး၊ အခင်မင်အရင်းနှီးဆုံးဖြစ်တဲ့ မဉ္ဇူတို့ မိသားစုက အစပေါ့'

အဓိပတိလမ်းတွင် လူသွားလူလာ သိပ်မရှိ။ ကျောင်းပိတ်ရက်ဖြစ်သဖြင့် လူသွားလူလာ ကင်းရှင်းသည်။ ညိုအေးက မြက်ခင်းနပေါ်တွင် တင်ထားမိသော ဖိနပ်ကို ပလက်ဖောင်းအနား တွင် ထောင့်ရင်း…

'မြတ်သစ္စာခိုင်ကရော မင်းသိသလို သိသလား၊ မောင်နှမ မဟုတ်ဘူးဆိုတာကို'



'အရွယ်မရောက်တရောက်မှာပဲ အကုန်အစင်သိနေတယ်၊ ငါ ဆယ်တန်းဖြေပြီးတဲ့နှစ်အထိ ရွာကိုခဏခဏ ရောက်တယ်၊ သူက သူ့အဖေ ဦးထွန်းရွှေဆီ သွားတာ၊ ငါက ငါ့ဘဘုန်းဆီသွားတာ၊ သွားပါလာပါများတော့ မသိချင်လည်း သိနေကြရတာပေါ့၊ ဦးထွန်းရွှေ ဆုံးပြီးတဲ့နောက်ပိုင်း သိပ်မရောက်ဖြစ်ကြတော့ဘူး၊ ရောက်ခဲ့ရင်လည်း ငါတို့မောင်နှမနှစ်ယောက်တည်းပဲ၊ မာမီ မလိုက်တော့ဘူး၊ ဘဘုန်းနဲ့ ရွာမှာ သိကျွမ်းရင်းနှီးဖူးသူတွေအတွက် လက်ဆောင်တွေဘာတွေ ထည့်ပေးရုံပဲ၊ ငယ်ငယ်တုန်းကတော့ တစ်ပါတည်းလိုက်တာ'

သက်နိုင်၏ သက်ပြင်းချသံကို နီးကပ်စွာ ကြားရသည်။

'မင်းရဲ့နှလုံးသား အရေးကိစ္စက မလွယ်ပါလားကွာ၊ ရင်မောစရာပဲ၊ ရေငုံနှုတ်ပိတ်နေမှ သင့်လျော်မယ့် အခြေအနေမျိုး'

'အဲဒါကြောင့် ငါပြောတာပေါ့၊ ချစ်ခြင်းမေတ္တာဆိုတဲ့ အရာဟာ ဒီဘဝမှာ ငါ့အတွက် မဖြစ်နိုင်တော့ဘူးလို့'

စကားပွင့်တစ်ပွင့် ကြွေသွားသည်ကို လှမ်းတွေ့သည်။ ပင်အောက်ရှိ ခုံပေါ်တွင် တင်မလိုလိုဖြစ်ပြီးမှ မြေသို့ ကျ၏။ ကြွေပြီးသားပန်းပွင့်တွေ၏ အဖြစ်သနစ်ကို သတိတမူ မရှိခဲ့ဖူးခဲ့။ မျက်မြင်တွေ့လိုက်ရသော ပန်းအကြွေ၏ အဖြစ်သနစ်ကြောင့် နှမြော ကသစိတ် ဝင်သည်။ ပင်စည်အကိုင်းအခက်တို့က တမင်ရှုပ်ခါ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်း မဟုတ်မှန်းတော့ အသေအချာ သိ၏။ လေပြည်ကိုလည်း အပြစ်မတင်စကောင်း။

နွေသစ်က…

'ဖူးစာမှန်ရင်တော့ မင်းဖြစ်ချင်သလို ဖြစ်မှာပေါ့ကွာ၊ မင်းမာမီသိရင်တော့ စိတ်မကောင်းဖြစ်မှာ အမှန်ပဲ'

နေမျိုးက…

'အံ့ဩမှုလည်း ပါလိမ့်မယ်၊ ဆိုးဆိုးရွားရွားကြီးတော့ ငါ့ကို အပြစ်ဖို့မှာ မဟုတ်ဘူး၊ မာမီက ငါ့ကို သိပ်ချစ်တာ'

'အဲဒီလိုအပြစ်မယူမှန်း သိပေမယ့် ငါကိုယ်တိုင်က ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိတယ်လို့ ယူဆပြီးသား'

သက်နိုင်က စီးကရက်တစ်လိပ် လှမ်းပေးသည်။ နေမျိုးက လှမ်းယူပြီး မီးညှိဖွာရှိုက်၏။ နေမျိုးလက်ထဲမှ မီးခြစ်ကို လှမ်းယူပြီး သက်နိုင်က…

'ရှေ့ဘယ်လို စခန်းသွားမယ် စိတ်ကူးသလဲ'ဟု မေးသည်။

'ဒီအတိုင်းပဲ နေရမှာပေါ့၊ ဖွင့်ပြောလို့ သင့်တော်မယ့် အခြေအနေမျိုးမှ မဟုတ်တာ၊ အတတ်နိုင်ဆုံးအထိ မျိုသိပ်ထားချင်တယ်'

'တစ်သက်လုံး မျိုသိပ်ထားမိမှာပေါ့ကွာ၊ အခု မင်းတို့ကို



ပြောပြမိတာ ရင်ဖွင့်ရုံသက်သက်၊ ငါ့ရင်ဖွင့်ဇာတ်လမ်းက ဗာရာဏသီချဲ့ပြီး ပြောမှုဖြစ်မှာမို့ အိတ်သွန်ဖာမှောက် အကုန်ထည့်ပြောလိုက်ရတာ'

'စိတ်ချပါကွာ၊ ငါတို့ ဘယ်သူ့ကိုမှ မပြောပါဘူး'ဟု ညိုအေးက ကတိပေး၏။ ပြီးနောက် ညိုအေးက…

'မေးပါရစေဦး နေမျိုးရာ၊ အဲဒီလိုစိတ်မျိုး ဘာဖြစ်လို့ ဝင်လာတာလဲ၊ အနေနီးလို့လား'

'ဟာ… အနေနီးတိုင်း ဒီလိုစိတ်မျိုး ဖြစ်ပါ့မလားကွ၊ ကျွန်ုပ်တို့ ချစ်သောသူနှင့်အတူ နေထိုင်ခွင့်ရဖို့ရန် ခဲယဉ်းလှ၏၊ ထို့အတူ ကျွန်ုပ်တို့နှင့်အတူ နေသော လူတစ်ယောက်ကိုလည်း ချစ်ဖို့ရန် ခဲယဉ်းလှပေသည်ဆိုတဲ့ အက်(ဒ)မန်ရိုစတန်ရဲ့ အဆိုတစ်ခုကို မင်း ကြားဖူးသားပဲ၊ အနေနီးလို့ ချစ်မိတယ်ဆိုတဲ့ စကားဟာ ချစ်ခြင်းမေတ္တာကို အစော်ကားဆုံးပဲလို့ ငါ ယူဆတယ်'

သက်နိုင်က စီးကရက်ပြာကို အခ်ပတီလမ်းမပေါ်သို့ ခြွေ ပြီး…

'ကဲ… ဒါဆိုလည်း ပြောစမ်းပါဦး၊ ဘာကြောင့်ချစ်မိ ရသလဲဆိုတာ၊ ဘယ်ကစလို့ ဘယ်လိုစိတ်ဖောက်ပြန်ရသလဲ'

သက်နိုင်ပခုံးကို နေမျိုး လှမ်းပုတ်သည်။

သက်နိုင်က ကိုယ်ကို ရှိုလျက် ရှောင်၏။ ပြီးမှ နွေသစ်က

www.burmeseclassic.com

www.burmeseclassic.com



'ပြောလေကွာ နေမျိုး'

'မပြောလို့ မဖြစ်ဘူးလား'ဟု နေမျိုး မေးသည်။

ညိုအေးက…

'နိဂုံးရယ်၊ စာကိုယ်ရယ် ပြောပြီးမှတော့ နိဒါန်းကို ချန်မထားပါနဲ့တော့ကွာ၊ ပြောမှာသာ ပြောစမ်းပါ'

'ညီမလေး လွယ်အိတ်ထဲမှာ ရည်းစားစာတွေ စတွေ့တဲ့နေ့က နမြောဝန်တိုစိတ် စဝင်တာ'ဟု နေမျိုးစကားစသည်။

'ရည်းစား ရှိနေပြီလား'ဟု ညိုအေးက အံ့သြဟန်ဖြင့် မေး၏။

နေမျိုးက ခေါင်းယမ်းလျက်…

'မိန်းကလေးချင်း အပေးခံရတဲ့ စာတွေ'

'အချစ်တော်စာတွေပေါ့'ဟု ညိုအေးက စကားထောက်သည်။ နေမျိုးက ခေါင်းညိတ်ပြီး…

'တွေ့တွေ့ချင်းတော့ မိန်းကလေးချင်းပေးတဲ့စာတွေမှန်း မသိသေးဘူး'

'မသိချင်ဟန်ဆောင်ပြီး ဒေါသကလည်း ကျိတ်ဖြစ် နမြောလည်းနမြော၊ နောက်ဆုံး မအောင့်အည်းနိုင်တော့တာနဲ့ ညီမလေးရဲ့ စာအုပ်နောက်ကျောမှာ သိပ်ချစ်တယ် သစ္စာရယ်လို့ ရေးပစ်လိုက်တယ်'

သက်နိုင်က မျက်လုံးဝိုင်းလျက်…



'အဲဒီလိုရေးလိုက်တော့ မင်းကို မြတ်သစ္စာခိုင်က ဘာမှမပြောဘူးလား'

မွဲခနဲ ပြုံးမိသည်။

'သူက ဘာမှမပြောခင် ငါက ဦးအောင် ဟောက်တာပေါ့၊ အဲဒီတော့ ညီမလေးက သူ့စာအုပ်ထဲမှာ သူငယ်ချင်းတစ်ယောက်ယောက် ရေးသွားတာဖြစ်မယ်တဲ့၊ ငါရေးထားမှန်း လုံးဝမသိဘူး၊ လက်ရေးကိုဖျက်ရေးထားတာလေ'

'နောက်ဆုံး စစ်လား ဆေးလား မာန်လား မဲလား လုပ်ရင်းနဲ့ သူ့လွယ်အိတ်ထဲက စာတွေကို တရားဝင် စစ်ဆေးတော့တာပဲ၊ အဲဒီတော့မှ အချစ်တော်စာတွေမှန်း သိတာ'

ပြောရင်း ရင်မောလာသည်ဟု ခံစားရ၏။

'ရည်းစားသန့် မရှိဘူးဆိုတာ သေသေချာချာ သိရတော့ ရင်တစ်ဝက်ပေါ့ရတာပေါ့'

'ငါ့ခံစားချက်တွေတော့ ဘယ်အချိန်ပေါက်ကွဲမလဲ မသိပါဘူးကွာ၊ အခုအချိန်အထိ မျိုသိပ်နိုင်စွမ်းရှိနေတုန်းပဲ၊ ဒါတောင် ဖိုထွက်ချင်နေပြီ'

'မင်းတို့သုံးယောက်ဆီကနေ တခြားကို ပြန့်မထွက်ဖို့ ငါ တောင်းပန်ချင်ပါရစေ'

ဖွေသစ်က…

www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချပါ၊ ဒီနေ့အဖို့ ဘယ်သူ့ကိုမှ မပြောဘူး၊ မနက်ဖြန်မှ တွေ့တဲ့လူတိုင်းလောက်ပဲ ပြောမယ်'

'အင်း… အားရစရာပဲ'ဟု နေမျိုးပြော၏။

'ရာသက်ပန်တို့အဆောင်ဘက် သွားရအောင်'ဟု ညိုအေးပြောသည်။

'ရာသက်ပန်က ဘာဖြစ်လို့ အပြင်ဆောင်မှာ နေရတာလဲ၊ နယ်ကကျောင်းသူဖြစ်ပြီးတော့'ဟု နေမျိုးမေး၏။ 'နယ်ကကျောင်းသူကျောင်းသားတိုင်း အဆောင်ရတယ်လို့ မင်းကို ဘယ်သူပြောလဲ'ဟု သက်နိုင်ပြော၏။

နှုတ်ဆိတ်နေလိုက်သည်။ ပြိုင်တူမတ်တပ်ရပ်၏။ အဓိပတိလမ်းကို ညင်ညင်သာသာ ဖွဖွနင်းလျှောက်သည်။ စကားဖြူပွင့်လေးကို လှမ်းကြည့်မိသေးသည်။

❦ ❦ ❦

## (၅)

'ငါတို့အကုန်လုံး ညံ့တယ်'ဟု နေမျိုး ပြောသည်။

အားလုံးက တအံ့တသြ ကြည့်ကြ၏။ ခပ်လှမ်းလှမ်းစားပွဲ[...]ိုင်းမှ ကဗျာဆရာတစ်စု၏ ရယ်သံကို သဲ့သဲ့ကြားသည်။

မြတ်သူစံ၏ မျက်နှာ၊ စိုးရယ်၏မျက်နှာ၊ နွေသစ်၏[...]မျက်နှာ၊ သက်နိုင်နှင့် ညိုအေး၏မျက်နှာ၊ ကိုးလ်နှင့် ခိုင်ဦးဝေ၏[...]မျက်နှာ၊ ရာသက်ပန်နှင့်ဝေရည်ကျော်၏ မျက်နှာတွေကို တစ်လှည့်[...]စီ ကြည့်သည်။

ပြီးမှ…

'အဲဒီနေ့က ရာသက်ပန် မလာဘူး၊ နွေသစ်လည်း မလာ[...]ဘူး။ မလာတဲ့သူ ကံကောင်းတယ်လို့ ဆိုရမှာပဲ'

ပြောပြီး ရေနွေးကြမ်း ငုံသောက်သည်။

'အန္တရာယ်ကို ကြိုမြင်လို့ မလာတာလား၊ မအားလပ်လို့ [...]တာပဲလား၊ ဒါမှမဟုတ် အင်တာဗျူးဆိုရင် ရှောင်ရမယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ပုံသေမှတ်ထားတာကြောင့်လားတော့ မသိဘူး၊ ငါတို့လေးငါးခြောက်ယောက်ပဲ တရားခံဖြစ်သွားတယ်'

'ငါ မအားလို့ မလာတာပါနော်'

ဟု ဝင်ပြောသည်။ ခွေသစ်က ဘာမှမပြောဘဲ ရယ်နေ၏။

'ဘာပဲဖြစ်ဖြစ်လေ၊ မလာတဲ့သူတွေက မှန်ပါတယ်၊ ဘာမဟုတ်တဲ့ သူကို အရေးတယူလုပ်ပြီး တွေ့လိုက်မိတာကိုက ငါတို့မှားတာ'

ခေါင်းတညိတ်ညိတ်နှင့် နားထောင်ကြ၏။

'အတွေ့အကြုံ နုသေးတဲ့ ငါတို့ကိုခေါ်ပြီး ပညာပေးလိုက်တာပဲ'

ဟု ညိုအေး ပြောသည်။

နေမျိုးက စီးကရက် မီးညှိဖွာပြီး…

'ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်ဖို့စမ်းပါ ညိုအေးရာ၊ မင်းတို့ငါတို့ကိုယ်တိုင်က ကိုယ်နဲ့တွေ့ရမယ့် သူကိုလေ့လာသင့်တယ်'

'ကိုယ်နဲ့တွေ့ရမယ့် အင်တာဗျူးဆရာဟာ စာပေသဘောတရားတွေကို တကယ်နားလည်တဲ့သူလား၊ မဂ္ဂဇင်းလောကမှာကျရာနေရာကနေ နာမည်အမျိုးမျိုးခံပြီး လုပ်စားနေတဲ့သူလားဆိုတာကို စမ်းစစ်မိဖို့ ကောင်းတယ်'

'အခုတော့ ရုပ်ရှင်မင်းသား မင်းသမီးတွေရဲ့ လင်…



သားမွေးကိစ္စ၊ မွေးနေ့မင်္ဂလာကိစ္စတွေကို လက်မလည်အောင် ရေးတတ်တဲ့ သူနဲ့မှ အင်တာဗျူး လုပ်ခဲ့မိတယ်'

'ဒီအဖြစ်အပျက်ကို ခြုံငုံကြည့်လိုက်ရင် ငါတို့အားလုံးမှားတာ၊ တခြား ဘယ်သူမှ မမှားဘူး'

စီးကရက်ကို မီးခိုးမွှန်အောင် ဖွာပစ်လိုက်သည်။

ဝေရည်ကျော်က…

'အဲဒီလူက ငါတို့ကို စင်တင်ပေးခဲ့တဲ့ မဂ္ဂဇင်းအပေါ်ထိခိုက်အောင် ဝေဖန်ပုတ်ခတ်စေချင်ပုံပဲ'

'ဘယ်သူက ပုတ်ခတ်မှာလဲဟ၊ ကိုယ့်ကို စင်တင်ပေးတဲ့မဂ္ဂဇင်းပဲ ဥစ္စာ'ဟု ရာသက်ပန် ပြောသည်။

နိုင်ဦးဝေက…

'ဘာပဲဖြစ်ဖြစ် အဲဒီမဂ္ဂဇင်းက ငါတို့ကို အထင်လွဲသွားပြီ'

စိုးရယ်က…

'ဟုတ်တယ်၊ အပျော်ဖတ်မဂ္ဂဇင်းလို့ ငါပြောလိုက်မိတယ်'

စိတ်မကောင်းသံဖြင့် ဆို၏။

ညိုအေးက…

'စိတ်မကောင်း မဖြစ်ပါနဲ့ဗျာ၊ ခင်ဗျား အဲဒီလိုပြောလိုက်လို့ခင်ဗျားကိုတင်မကဘူး ကျွန်တော်တို့ အကုန်လုံးကို အဲဒီမဂ္ဂဇင်းဖက်ကကျူးရူးကန်းသူတွေလို့ ယူလိုက်မှာ အမှန်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



နေမျိုးက…

'စိတ်မကောင်းမဖြစ်ပါနဲ့ ကိုမိုးရယ်၊ ကျွန်တော်တို့ ကုသိုလ်ရပါတယ်၊ ခင်ဗျား အဲဒီမှာ စကားများပြီးတဲ့နောက် ကျွန်တော်တို့ကို အင်တာဗျူးလုပ်တဲ့ လူက အဲဒီမဂ္ဂဇင်းမှာ အယ်ဒီတာဆိုတဲ့အလုပ်ကို အတည်တကျ ရသွားပြီဗျ၊ လူတစ်ယောက်ကို အလုပ်အကိုင် အတည်တကျရအောင် ကူညီလိုက်ကြတယ်လို့ပဲ သဘောပိုက်လိုက်ပေါ့ဗျာ၊ မဟုတ်ဘူးလား'

တဟားဟား ရယ်လေ၏။

ရယ်သံတွေ လေထန်ကုန်းတစ်ခုလုံး ပျံ့နှံ့သွားသည်။ ကဗျာရပ်ဝန်းတွင် ထိုကဲ့သို့ မရယ်စကောင်း။

❀ ❀ ❀

## (၆)

'တောက ပြန်လာလာချင်း ငါ နင့်အိမ်ကို ရောက်သေးတယ်၊ နင် အိမ်မှာ မရှိဘူး' ဟု မဥ္ဇူကို သူ ပြော၏။

မဥ္ဇူက…

'ကိစ္စမရှိပါဘူး၊ ရပါတယ်၊ အခုလို အိမ်အလည်လာတာကိုပဲ ကျွန်မက ကျေးဇူးတင်နေတာပါ'

အခနဲ့ စကား။

'ငါ တကယ်မအားလို့ လာမလည်တာပါ မဥ္ဇူ၊ အလုပ်တွေ သိပ်ရှုပ်နေတယ်'

မဲ့ခနဲ ပြုံးသည်ကို မကြည့်ဘဲနှင့် မြင်၏။

'အလုပ်တွေ ရှုပ်နေတာလား၊ စိတ်တွေ ရှုပ်နေတာလား ဟင်း'

'ဘာ'

www.burmeseclassic.com

www.burmeseclassic.com



နေမျိုးက…

'စိတ်မကောင်းမဖြစ်ပါနဲ့ ကိုရိုးရယ်၊ ကျွန်တော်တို့ ကုသိုလ်ရပါတယ်၊ ခင်ဗျား အဲဒီမှာ စကားများပြီးတဲ့နောက် ကျွန်တော်တို့ကို အင်တာဗျူးလုပ်တဲ့ လူက အဲဒီမဂ္ဂဇင်းမှာ အယ်ဒီတာဆိုတဲ့အလုပ်ကို အတည်တကျ ရသွားပြီဗျ၊ လူတစ်ယောက်ကို အလုပ်အကိုင် အတည်တကျရအောင် ကူညီလိုက်ကြတယ်လို့ပဲ သဘောပိုက်လိုက်ပေါ့ဗျာ၊ မဟုတ်ဘူးလား'

တဟားဟား ရယ်လေ၏။

ရယ်သံတွေ လေထန်ကုန်းတစ်ခုလုံး ပျံ့နှံ့သွားသည်။ ကဗျာရပ်ဝန်းတွင် ထိုကဲ့သို့ မရယ်စကောင်း။

❦ ❦ ❦

(၆)

'တောက ပြန်လာလာချင်း ငါ နင့်အိမ်ကို ရောက်သေးတယ်၊ နင် အိမ်မှာ မရှိဘူး' ဟု မဥ္ဇူကို သူ ပြော၏။

မဥ္ဇူက…

'ကိစ္စမရှိပါဘူး၊ ရပါတယ်၊ အခုလို အိမ်အလည်လာတာကိုပဲ ကျွန်မက ကျေးဇူးတင်နေတာပါ'

အခန့် စကား။

'ငါ တကယ်မအားလို့ လာမလည်တာပါ မဥ္ဇူ၊ အလုပ်တွေ သိပ်ရှုပ်နေတယ်'

မဲ့ခနဲ ပြုံးသည်ကို မကြည့်ဘဲနှင့် မြင်၏။

'အလုပ်တွေ ရှုပ်နေတာလား၊ စိတ်တွေ ရှုပ်နေတာလား မျိုး'

'ဘာ'

www.burmeseclassic.com

www.burmeseclassic.com



'ငါကတော့ နင့်စိတ်တွေ ရှုပ်နေတယ် ထင်တာပဲ'

ကိုယ့်ကိုယ်ကိုယ်တင်မက ဝန်းကျင်ကပင်လျှင် ရင်စိတ်အတွင်းသို့ ထွင်းဖောက်ရိပ်စားမိနေပြီလားဟု တွေးမိ၏။

'မြတ်သစ္စာနိုင်ကလည်း ပြောတယ်၊ ကိုကို့ကို ကြည့်ရတာ တစ်မျိုးပဲတဲ့၊ မှိုင်တိုင်တိုင်နဲ့ ရည်းစားပူမိနေတာ အမှန်ပဲတဲ့'

နေမျိုးက…

'ဘယ်ကလာ ရည်းစားပူမိရမှာလဲဟာ၊ လုံးချင်းဝတ္ထုရော၊ မဂ္ဂဇင်းဝတ္ထုရော၊ ကဗျာရော၊ အချိန်ရရင် ရသလို ရေးနေရတော့ လူရော စိတ်ရော ပန်းတာပေါ့ဟ'

မဥ္ဇူက နေမျိုး၏ ထုတ်ဝေပြီးသား ဝတ္ထုစာအုပ်ကိုစားပွဲပေါ်မှ လှမ်းယူရင်း…

'မဆိုးပါဘူး၊ ပိပိရိရိ ဖုံးနိုင်သားပဲ'

ဟု ပြော၏။

နေမျိုးက…

'ဘာကိုပြောတာလဲ မဥ္ဇူ'ဟု နားမလည်စွာ မေးသည်။

မဥ္ဇူက ရယ်လျက်…

'ဩော်… ဒီစာအုပ်အဖုံး ပြောပါတယ်၊ ဖုံးထားတာ သေသေသပ်သပ် ပိပိရိရိရှိတယ်လို့'

နေမျိုး သက်ပြင်းချသည်။



မျက်နှာကို မည်သည့်ဘက်သို့ လှည့်ထားရမည် မသိ။

❀ ❀ ❀

ပြုံးပန်းတစ်ရာ လက်ဖက်ရည်ဆိုင်မှ အထွက်တွင် နှင်းသန္တာကို တွေ့သည်။ နှင်းသန္တာ၏ ခြေလှမ်းတွေက ထော့နင်းထော့နင်းဖြစ်နေ၏။ သတိပြုကြည့်သောအခါ ညာဘက်ခြေမတွင် ပတ်တီးစီးထားသည်ကို တွေ့၏။

'ခြေထောက်က ဘာဖြစ်တာလဲ'ဟု နေမျိုး မေးသည်။

နှင်းသန္တာက…

'ခလုတ်တိုက်ထားတာ'ဟု ဖြေ၏။

'ဆရာနဲ့ တွေ့ချင်နေတာနဲ့ အတော်ပဲ'

ပလက်ဖောင်းအတိုင်း လမ်းလျှောက်ရင်း စကားပြောသည်။ လှည်းတန်း၏ ညနေခင်းသည် ယခင်အတိုင်း စည်ကားလျက်ရှိ၏။ လူသွားလူလာတွေကို ရှောင်ရင်း စကားပြောနေရသည်။ လမ်းလျှောက်သည်လည်း မလွတ်လပ်။ နှင်းသန္တာ၏ခြေထောက်မှာ ထော့နင်း။

'ကျွန်မ ကဗျာတစ်ပုဒ်ကို ရှုမဝ မဂ္ဂဇင်းက ရွေးထားတယ်'

ငုံ့ကြည့်လျက် ပြုံးရင်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား၊ ဝမ်းသာစရာပဲ'

နှင်းသန္တာက ပြုံးလျက်ဖြင့်…

'အဲဒါ ဆရာ့ကိုကျေးဇူးတင်စကား ပြောမလို့'

'ကျွန်တော့်ကို ကျေးဇူးတင်စရာ မလိုဘူး ထင်တယ်'

'လိုတာပေါ့၊ ကျွန်မရေးသမျှ တွေးသမျှတွေဟာ ဆရာ့ပညာတွေချည်းပဲ'

'ကိုယ့်ကိုယ်ကိုယ်တောင် အထင်ကြီးချင်လာပြီ'ဟု နေမျိုးပြောသည်။

'ဆရာက တကယ်တော်တာပါ'ဟု နှင်းသန္တာ ဆို၏။

ပလက်ဖောင်း၏ အဆင်းတွင် နှင်းသန္တာက လမ်းသွားသူတစ်ယောက်ကိုရှောင်သည်။ ခြေတစ်ဖက် နာနေသဖြင့် ယိုင်လဲမတတ် ဖြစ်သွား၏။

နေမျိုးက နှင်းသန္တာ၏ လက်မောင်းကို လှမ်းဆွဲလိုက်သည်။ နောက်ထပ် ပလက်ဖောင်းတစ်ခုပေါ်သို့ ကူးပြီးမှ နေမျိုးလက်လွှတ်၏။ ထိုစဉ် ခပ်လှမ်းလှမ်းမှ ဖြတ်မောင်းသွားသော ကားတစ်စီးကို သတိမထားလိုက်မိကြ။

'ခြေထောက်အနာနဲ့ အပြင်မထွက်ရင် ကောင်းမယ်၊ နို့မို့ အနာကို ညှာနေရတာနဲ့ ခရီးမတွင်ဘူး'

နေမျိုး စကားကို နှင်းသန္တာ ခေါင်းညိတ်သည်။



'ဆေးခန်းက ပြန်လာတာ၊ တစ်နေ့လုံး ဘယ်မှမထွက်ဘူး'

နေမျိုးက…

'စာမေးပွဲဖြေပြီးမှ ဖြစ်တာလား၊ ခြေထောက်က'

'ဟုတ်တယ်'

'တော်သေးတာပေါ့၊ စာမေးပွဲပြီးမှဖြစ်လို့၊ ဖြေနိုင်တယ် မဟုတ်လား၊ စာမေးပွဲ'

ခေါင်းညိတ်လျက် 'ဟုတ်ကဲ့'သည်။

'ဆရာ အိမ်လိုက်လည်ပါဦးလား'

'မလည်တော့ဘူး၊ နောက်မှ၊ သူငယ်ချင်းတစ်ယောက်ဆီ ဝင်စရာရှိလို့'

ဧယျာဒသီရိလမ်းထိပ်သို့ ရောက်လာသည်။ နှင်းသန္တာက လှပစွာ ပြုံး၍ နှုတ်ဆက်သည်။ ညနေစောင်းစ ဖြစ်သဖြင့် စိုးရယ်တို့ ရှိနေကျ ဘူတာရုံလမ်းသို့ အပြေးလှမ်းခဲ့၏။ 'နောက်မှ အိမ်လာလည်မယ်လို့ မြတ်သစ္စာခိုင်ကို ပြောလိုက်ပါ'ဟု နှင်းသန္တာ လှမ်းပြောသည်။ သူ ခေါင်းညိတ်ပြ၏။

❀ ❀ ❀

အိမ်ထဲသို့ ရောက်ရောက်ချင်း ညီမလေး မြတ်သစ္စာခိုင်ကို တွေ့သည်။ နေမျိုးကို မြင်သောအခါ မြတ်သစ္စာခိုင် ထိုင်ရာမှထ၏။

www.burmeseclassic.com

www.burmeseclassic.com



မမြင်ဟန် မတွေ့ဟန် ပြုလျက် လှေကားအတိုင်း အပေါ်ထပ်သို့ တက်သွားသည်။ အကြောင်းမဲ့ ပြုမူခြင်းမဟုတ်မှန်းတော့ သိသည်။

ချစ်ကြောက်ရိုသေလေ့ရှိသော ညီမငယ်၏ အမူအရာသည် ချစ်မြဲချစ်လျက်၊ ရိုသေမြဲ ရိုသေလျက်က တစ်ခုခုကို မကျေမနပ် ဖြစ်နေသည့် ပုံသဏ္ဌာန်။ ဟိုစဉ်ကဆိုလျှင် အော်ငေါက်၍ မေးမြန်း မိပေလိမ့်မည်။

နားမလည်စွာ တွေးတောရင်း ဆက်တီပေါ်တွင် ခြေပစ် လက်ပစ်ထိုင်ချလိုက်သည်။ တစ်ဒေါင့်မျှ ကြာသောအခါ ဘာလုပ် ရမည်မှန်း ကိုယ့်ကိုယ်ကိုယ် မသိ။ ထိုင်နေ၍ မရမှန်း ကိုယ့်ကိုယ် ကိုယ် သိသည်။ နေမထိ ထိုင်မသာ ဖြစ်နေရသူဟုလည်း ကိုယ့်ကိုယ် ကိုယ် နားလည်၏။ မျက်နှာသုန်မှုန်နေသော ညီမလေးကို ပြုံးရွှင် ကြည်လင်နေစေချင်သည်။

အပြစ်တစ်စုံတစ်ရာ ရှိသည်ဟု ဆိုငြားအံ့၊ ထိုအပြစ်ကို တောင်းပန်ချင်သည်။ ဘာအပြစ်ကို ကျူးလွန်ထားသလဲဟု ကိုယ့် ကိုယ်ကိုယ် အရင်စမ်းစစ်ကြည့်သည်။ မည်သည့်ပြစ်မှုကိုမျှ ရှာမွေ့ မတွေ့။

ထိုင်ရာမှ ထသည်။ လှေကားရင်းသို့ ပြေးမည်ပြင်၏။ ခြေလှမ်းရွေ့စတွင်...

'သား'



မာမီ့ခေါ်သံကို ကြားသည်။ ငဲ့အကြည့်တွင် မာမီ့ကို တွေ့ သည်။

မီးဖိုဆောင်ထဲမှ ထွက်လာဟန်တူ၏။

'သား ဘယ်ကပြန်လာတာလဲ'

မာမီက အနီးတွင် ထိုင်လျက်မေးသည်။ မာမီ့တူရှုတွင် ပြုံးမျိုး ပြန်ထိုင်သည်။ စေ့စေ့ကြည့်နေသော မာမီ့အကြည့်ကို ရင်ဆိုင် လျက်...

'လှည်းတန်းက ပြန်လာတာ မာမီ'

အဖြေစကားကို ကြားလျှင် မာမီပြုံးသည်။

သဲ့သဲ့မျှ မြင်သာထင်သာသောအပြုံး။

'သားက အမှန်အတိုင်းတော့ ပြောတတ်သားပဲ'

နားမရှင်းသဖြင့်...

'ဘာကိုဆိုလိုတာလဲ မာမီ၊ သား နားမရှင်းဘူး၊ သား သူငယ်ချင်းတွေဆီ သွားတာပါ၊ လှည်းတန်းက ပြုံးပန်းတစ်ရာ လက်ဖက်ရည်ဆိုင်မှာ မတွေ့လို့ ဘူတာရုံလမ်းက အရက်ဆိုင်ဘက် သွားရှာကြည့်တာပါ'

'ဟင်း... ဟင်း'

မာမီက အသံထွက်၍ ရယ်၏။

'သား အရက်မသောက်ပါဘူး မာမီ'

www.burmeseclassic.com

www.burmeseclassic.com



အပြစ်တစ်ခုခုကို မြင်နေပြီမှန်းသိသဖြင့် ပြစ်မှုတင်နိုင်စရာ မှန်သမျှကို အကာအကွယ်ပြုထားရသည်။

မာမီက နေမျိုးဘက် ငဲ့မကြည့်ဘဲ…

'သား သူငယ်ချင်းတွေဆီကို သွားတာ တခြားဘယ်သူတွေနဲ့ တွေ့သေးလဲ လမ်းမှာ'

ထင်းခနဲ မြင်ယောင်မိသူမှာ နှင်းသန္တာမှ တစ်ပါး တခြားသူ မရှိ။ ထို့ကြောင့် ပြုံးလျက်…

'ဪ… ညီမလေးရဲ့သူငယ်ချင်း နှင်းသန္တာနဲ့ တွေ့တယ် မာမီ'

မာမီက သူ့ကိုအသေအချာကြည့်နေသဖြင့် အပြုံးတို့လျော့ပါးရ၏။

'မာမီမေးရင် သား အမှန်အတိုင်း ဖြေမှာလား'

'ဘာကိုလဲ မာမီ'

'ဘာကိုပဲဖြစ်ဖြစ်ပေါ့'

မေးမည့်မေးခွန်းကို ခန့်မှန်းတွက်ဆကြည့်သည်။ မှန်းဆ… ခက်ချေ၏။ မည်သည့်အမေးစကားပင်ဖြစ်စေ မာမီ့ကို လိမ်ညာ… အကြောင်းမရှိ။

'သား အမှန်အတိုင်း ဖြေပါ့မယ် မာမီ၊ မာမီ မေးချင်တာ… သာ မေးပါ'



မာမီက ကိုယ်ကို ရှေ့သို့ရှိသည်။

'နှင်းသန္တာနဲ့ သားနဲ့ ချစ်ကြိုက်နေကြသလား'

'ဗျာ'

တအံ့တသြ ဖြစ်သွားသော သူ့ကို မာမီက တည်ကြည်စွာ ကြည့်နေ၏။

မာမီ့အကြည့်ကြောင့် မျက်နှာပင် မထားတတ်။

'ဖြေရခက်နေသလား သား'

'ဖြေရမခက်ပါဘူး မာမီရယ်၊ တွေးရခက်နေတာပါ၊ ဘယ်… ပို ဘယ်အကြောင်းကြောင့် မာမီ ဒီအမေးမျိုး မေးနေရသလဲဆိုတာ… ား တကယ်မတွေးတတ်တော့ဘူး'

'ဒါဆို မာမီထင်တာ မဟုတ်ဘူးပေါ့'

'မဟုတ်ပါဘူး မာမီရယ်၊ ထင်တောင်မထင်ကောင်းပါဘူး'

တစ်ဖက်သားအတွက် အားနာစိတ်ဝင်သည်။

'မာမီတို့ သားအမိနှစ်ယောက် သားနဲ့ နှင်းသန္တာကို ကား… ပါကနေ မြင်လိုက်တယ်၊ သမီးပြလို့ ကြည့်လိုက်တော့ သားက… င်းသန္တာကို လက်တွဲထားတယ်လေ'

ဖြေရှင်းစေလို၍ ပြောမှန်းသိသည်။

'လမ်းမှာတွေ့လို့ နှုတ်ဆက်ရင်း ဟိုအကြောင်း သည်… ကြောင်း စကားပြောလာတာ၊ နှင်းသန္တာ ခြေထောက်မှာ …နဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ပလက်ဖောင်းအဆင်းလဲတော့မလိုဖြစ်သွားလို့ သားက လှမ်းဆွဲထားတာ၊ အဲဒီအချိန် မာမီတို့ မြင်တာနေမှာပေါ့'

နားထောင်လျက် ခေါင်းညိတ်သည်။

'ဘာပဲဖြစ်ဖြစ်ပေါ့ သားရယ်၊ အနေအထိုင် အသွားအလာ သတိထားပါ၊ သားက သာမန်လူမဟုတ်ဘူး'

'အာ… မာမီကလည်း သာမန်လူမဟုတ်ဘူးဆိုတဲ့ အသုံးမျိုးတော့ မသုံးပါနဲ့၊ သားက လူထဲက လူတစ်ယောက်ပါ'

'မာမီ သိပါတယ်၊ မာမီဆိုလိုတာက နိုင်ငံသိစာရေးဆရာတစ်ယောက်အနေနဲ့ လက်လွတ်စပယ် မနေဖို့ ပြောတာ'

ခေါင်းညိတ်လိုက်ရသည်။

'ကဲ… ညီမလေးကို သွားချော့လိုက်ဦး'

ရင်တွင် စိမ့်ခနဲ ဖြစ်ရသည်။

'ညီမလေးက သားကို စိတ်ဆိုးနေလို့လား'

'စိတ်ကောက်နေတာလေ၊ သူ့သူငယ်ချင်းနဲ့ကြိုက်ရမလားဆိုပြီး သားကို စိတ်ကောက်ပြနေတာ၊ သွားချော့လိုက်၊ မာမို့ပါကူချော့မယ်၊ မာမို့ဆီ ခေါ်လာခဲ့'

'ဟုတ်ကဲ့ မာမီ'ဟု ပြောပြီး အပေါ်ထပ်သို့ ပြေးတက်သွားသည်။ မြတ် သစ္စာခိုင်က ဝရန်တာတွင် ရပ်နေပါလျက် သူ့ကိုတွေ့တစ်ဖက် လှည့်သွားသည်။ အနားသို့ရောက်သော် မရယ်မပြုံးဖြစ်။

❦ ❦ ❦



'ညီမလေး'

ငဲ့မကြည့်သော်လည်း မျက်ဝန်းရွှေသည်ကိုသတိပြုမိသည်။

'မာမီ ခေါ်နေတယ်'

မျက်နှာထားကို တမင်တင်းလျက်…

'ဘာလုပ်မလို့လဲ'

'ကိုကို့အပေါ် အထင်လွဲပြီး စိတ်မကောက်ဖို့ ပြောမလို့တဲ့'

'အထင်လည်း မလွဲဘူး၊ အမြင်လည်း မလွဲဘူး၊ ထင်တဲ့အတိုင်း မြင်တာ'

'အဲဒါကိုက မှားနေတာ'ဟု နေမျိုး ပြောသည်။

'ကိုကို ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားဘူး'

မကြားဟန်ပြုထားသည်။

'ကိုကို ညီမလေးကိုပဲ ချစ်တယ်'

တသစ္စာ ပြောမိသောအသံမဲ့ စကား…။

မြတ်သစ္စာခိုင်က နေမျိုးဘက်သို့ ဆတ်ခနဲလှည့်ပြီး…

'နှင်းသစ္စာကို ပိုးနေသလားဆိုတော့ မဟုတ်ဘူးတဲ့၊ ကိုကို ညာတယ်'

'ဟုတ်မှမဟုတ်တာ မဟုတ်ဘူးဘဲ ပြောရမှာပေါ့'

'အခုထိ မဟုတ်ဘူးလို့ ငြင်းနေတုန်းပဲလား ကိုကို'

စိတ်မောရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'မငြင်းတော့ဘူး ညီမလေး၊ ညီမလေး ထင်ချင်သလို ထင်တော့'

ရင်နင့်စွာ ပြောလိုက်မိသည်။

လှည့်ထွက်ဖို့ ခြေလှမ်းပြင်၏။ မြတ်သစ္စာခိုင်က လှမ်းဆွဲထားသည်။

'ကိုကို စိတ်ဆိုးသွားတာလားဟင်'

မေးမြန်းသူ၏ စကားသံသည် တုန်ယင်နေ၏။ အရည်လဲ့ မျက်ဝန်းစုံကို နီးကပ်စွာ မြင်နေရသည်။ ရင်ထဲရှိသမျှ ဖွင့်ဟလိုက်လျှင် ကောင်းလေမလား။ ပေါက်ကွဲချိန် မတန်သေးဟု နားလည်၏။

'စိတ်ဆိုးတာ မဟုတ်ဘူး ညီမလေး၊ ကိုကိုပြောသမျှကို ယုံကြည်စိတ်ကင်းမဲ့ခံရလို့ စိတ်မကောင်းဖြစ်တာ'

မြတ်သစ္စာခိုင်က မျက်ဝန်းကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း

'ဒါဆို ညီမလေးတို့ ထင်တာ အမှားပေါ့၊ ဟုတ်လား ကိုကို'

ခေါင်းညိတ်ရုံသာ ညိတ်ပြလိုက်သည်။

အနီးသို့ မာမိရောက်လာသည်။ မာမိက နေမျိုး၏ အဖြစ်ကို တစ်လုံးမချန် ပြောပြ၏။ မာမိစကားဆုံးသွားသောအခါ မြတ်သစ္စာခိုင်က…



'အဲဒါမှ ဒုက္ခပဲ'

'ဘာဒုက္ခလဲ' ဟု မာမိ မေးသည်။

'မမမညှုကိုပါ အဲဒီအကြောင်း ဖုန်းဆက်ပြီး ပြောထားလို့'

'ဟောတော်'

ဟု မာမိ ဆို၏။ နေမျိုးက…

'ရှင်းပြမနေနဲ့၊ ညီမလေးနဲ့ မာမိနဲ့ ယုံရင် ပြီးရော၊ တခြားသူက အရေးသာကြီး'

မာမိက…

'ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ သားရယ်၊ ခင်ရာမင်ရာ မျိုးသားချင်းလို သဘောထားရတာပဲ မဟုတ်လား'

နေမျိုးက ဝရန်တာကို ကျောမှီလျက်…

'မညှုက ညီမလေးထက် ပိုဆိုးတယ်၊ ရှင်းပြရင်း ရှင်းပြရင်း စကားနဲ့ရန်ဖြစ်မှာ ကျိန်းသေ'

'ဒါဆို ညီမလေးပဲ ရှင်းပြလိုက်မယ်'

ဟု ပြောပြီး တယ်လီဖုန်းရှိရာသို့ သွား၏။ မာမိက နေမျိုးကို ပြုံး၍ ကြည့်နေသည်။ မာမို့ကို ကြိုးစား၍ ပြုံးပြလိုက်၏။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



'ဒါ ငါ့ညီမလေးပဲ၊ မြတ်သစ္စာခိုင်တဲ့'

ဝေရည်ကျော်က ခေါင်းညိတ်၏။ နေမျိုးက နှင်းသန္တာ ဘက်သို့ လက်ညှိုးညွှန်ပြီး…

'သူကတော့ ညီမလေးရဲ့ သူငယ်ချင်းနှင်းသန္တာတဲ့၊ သူ လည်း စာတွေကဗျာတွေ ရေးတယ်'

တောင်ငူဆောင်၏ရှေ့ မြေကွက်လပ်တွင် ကားတွေစီရ ရပ်ထားသည်။ ကျောင်းဖွင့်စဖြစ်သဖြင့် စာသင်ခန်းတွေ၏ ပြင် တွင် ပိုမိုစည်ကားနေ၏။ တောင်ငူဆောင် အပေါ်ဆုံးထပ် ဝရန်တ မှ ရယ်သံတွေကိုပင် ပီပီသသ ကြားရသည်။

ဦးချစ် လက်ဖက်ရည်ဆိုင်သည် ပိတောက်ရိပ်၊ သရက် ပင်ရိပ်ကြောင့် နေပြောက်ပင်မထိုး။

'သူက စာရေးဆရာမ ဝေရည်ကျော်တဲ့၊ ညီမလေး မေဂျာမတူပေမယ့် ခင်မင်ရင်းနှီးအောင် မိတ်ဆက်ပေးထားတာ'

မြတ်သစ္စာခိုင်က ခေါင်းညိတ်သည်။

စာရေးဆရာမနှင့် မိတ်ဆက်ပေးလိုက်သဖြင့် နှင်းသ ပို၍စိတ်ဝင်စားနေဟန် တူ၏။

'ကျွန်မကတော့ ခဏခဏလာလည်မှာနော် ဆရာ'

ဟု ဝေရည်ကျော်ကို ပြောသည်။

ဝေရည်ကျော်က ပြုံးလျက်…



'လာလည်ပါ၊ ဧည့်ဝတ်ပြုပါ့မယ်'

အသံသာသာဖြင့် ပြောသည်။

'ငါက ကျောင်းနဲ့ကင်းကွာသွားပြီ၊ ခရီးသွားဟန်လွှဲလောက် ပဲ လာနိုင်သွားနိုင်မှာ၊ ငါ့ညီမလေးကို နင်တို့ ရာသက်ပန်တို့ပဲ စောင့်ရှောက်ထိန်းသိမ်းပေးပါ'

ဝေရည်ကျော်က…

'နေမျိုးရယ်… နှင့်ညီမလေးက အခုမှမူကြိုတက်မှာ မဟုတ်ပါဘူး၊ တက္ကသိုလ်ကျောင်းတက်မှာပါ၊ တကတဲ သည်းနေ လိုက်တာ'

မြတ်သစ္စာခိုင်က လှပစွာပြုံးသည်။

နေမျိုးက…

'ရည်းစားတွေဘာတွေထားမှာစိုးလို့ ပြောနေတာဟ၊ ရှင်း ပြီလား'

ဝေရည်ကျော်က အသံထွက်အောင်ပင် ရယ်မောမိချေ သည်။ ရယ်နေရင်းက…

'ဟဲ့… တက္ကသိုလ်ကျောင်းသူ ရည်းစားထားတာ ဘာဖြစ် သလဲ၊ တော်ကြာ ကျောင်းသာပြီးသွားတယ်၊ ရည်းစားတစ်ယောက်မှ မရဘူးဆိုရင် ကိုယ့်ကိုယ်ကိုယ် အားနာစရာ၊ နင်က ကိုယ်မစွံရင် ကိုယ့်ဘာသာ အေးအေးမနေဘူး၊ ညီမကို လိုက်ချုပ်ချယ်နေတယ်'

www.burmeseclassic.com

www.burmeseclassic.com



အပျော်အပျက်ပြောမှန်း သိသော်လည်း စိုးရိမ်စိတ်က လျော့ပါးမသွားချေ။ တစ်ယောက်ယောက်ကို ညီမလေး ချစ်သွားမှာစိုး၏။ တစ်ယောက်ယောက်က ညီမလေးကို ချစ်မှာစိုး၏။ အရာရာအတွက် စိတ်မချမ်းမြေ့။

❀ ❀ ❀

(၇)

'တတိယနှစ်ကျောင်းသူ ဖြစ်နေပြီပဲ၊ ကျောင်းပို့ကျောင်းကြို လုပ်ရတော့ သားလည်း ပင်ပန်းတာပေါ့'ဟု ဒေါ်ထားမေ ပြောသဖြင့် နေမျိုး ငြိမ်နေလိုက်ရသည်။ မြတ်သစ္စာခိုင်ကို ခရီးသွားဟန်လွှဲ ကြိုပို့သည်မှတစ်ပါး အခြားသောကာလတွင် မာဓီကသာ ကျောင်းပို့ကျောင်းကြိုလုပ်သည်။ နေ့စဉ်နှင့်အမျှ ပို့ချင်ကြိုချင်သော်လည်း ...ဒ္ဓကိုဆင်ခြင်ရ၏

❀ ❀ ❀

ကျောင်းတက်ရက် သုံးလေးလအတွင်း ညီမလေး၏ အနေ ...ထိုင်တွေ ပြောင်းလဲနေသည်ဟု ထင်၏။ ခေတ်ရေစီးသို့ မပြေးလွန်း ...သော်လည်း အရင်ကထက်စာလျှင် ပိုမိုခြယ်သလွန်းသည်။ ဆိုဆုံးမ ...သော်လည်း နှုတ်ဆွံ့ရချေ၏။ 'မိန်းမသားပဲလေ'ဟု ဖြည့်တွေး ...းလည်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



သဲ့သဲ့ကြားသော သတင်းကို မပျောက်ပါစေနဲ့ဟု ဆုတောင်းမိ၏။ နှင်းသန္တာကို မေးမြန်းကြည့်ချင်သည်။ မေးမြန်းစုံစမ်းသည်ကို မြတ်သစ္စာခိုင် ပြန်ကြားမှာလည်း စိုးရိမ်၏။ မာမွိကို အသိပေးချင်သော်လည်း သတင်းစကားသာ ရှိသေးသဖြင့် မပြောဖြစ်။

ကိစ္စအဝဝဖြင့် မအားလပ်သည့်တိုင် တက္ကသိုလ်ကျောင်းထဲသို့ အချိန်လု၍ ဝင်စမြဲ။ တက္ကသိုလ်ဝင်းထဲသို့ ဝင်ရောက်သွားလာမိစဉ်တိုင်း မိခင်၏ အိမ်သို့ အလည်အပတ်လာရောက်ရသည်ကဲ့သို့ ကိုယ့်ကိုယ်ကိုယ် ခံစားရသည်။ မည်သည့်ဘဝတွေမှာ ကျင်လည်နေစေဦး အချိန်ရလျှင် တက္ကသိုလ်ရိပ်တွင် ခေတ္တအိပ်ချင်သော ဆန္ဒသည် ကျောင်းသားဟောင်းတွေ၏ နှလုံးသားတိုင်းတွင် တည်ဖွဲ့နေစမြဲ ဖြစ်၏။

မချူကြ တက္ကသိုလ်ကျောင်းထဲတွင် ကျူတာအဖြစ် ဆက်လက်နေထိုင်ခွင့်ရသည်။ 'ကျူတာလုပ်တာ ဂုဏ်ရှိတယ်'ဟု ပြောဖူးသော ဟိုစဉ်က မချူစကားကို ပြန်လည်ကြားယောင်၏။

နွေသစ်က မဂ္ဂဇင်းတိုက် တစ်ခုတွင် စာပြင်ဆရာ ဝင်လုပ်ပြီး ကဗျာတွေ ဝတ္ထုတွေကို ဆက်ရေးသည်။ စိုးရယ်က အစိုးရဌာနတစ်ခုတွင် အရာရှိငယ်တစ်ဦးအဖြစ် အမှုထမ်းရင်း ဝတ္ထုတွေဆက်ရေးသည်။

သက်နိုင်က အပြင်စီးပွားရေးသမား။ အမြတ်အစွန်းရမှ



အလုပ်ဆိုလျှင် အကုန်လုပ်သည်။ မည်သည့်မဂ္ဂဇင်းတိုက်ကိုမျှ စာမူတွေ မပေးတော့ဘဲ လုံးချင်းဝတ္ထုတွေ အချိန်အားတိုင်း ရေးသည်။ ခုနစ်အုပ်ရှစ်အုပ် ပြီးသွားပြီဟု နေမျိုးကို ပြောဖူး၏။

ညီအေးက အလုပ်လက်မဲ့။ အေးအေးဆေးဆေးသမား။ မည်သည့်အလုပ်ကိုမျှ အသည်းအသန်မလုပ်။ ကဗျာရေးတော့လည်း အေးအေးဆေးဆေး၊ ဝတ္ထုရေးပြန်တော့လည်း ခပ်ဖြည်းဖြည်း။ ဌာနတစ်ခုခုမှာ အလုပ်ဝင်ဖို့ သူငယ်ချင်းတွေ ပြောကြသည်။ ညီအေးက နှာခေါင်းရှုံ့၏။ ဒါဆိုလည်း စာကို ဖိဖိစီးစီးရေးဟု ပြောပြန်တော့လည်း 'အေးအေးဆေးဆေးပေါ့'ဟု ပြောသည်။ 'ဒါဆို မင်းအဖေလို ရှေ့နေလုပ်ပေါ့'ဟု နေမျိုး ပြောဖူးသည်။

ညီအေးက 'ရှေ့နေတော့ လုပ်ချင်တယ်၊ ဒါပေမဲ့ ငါ့အဖေလို ငါ တမင်မလုပ်တာ'ဟု ပြော၏။ 'မင်းအဖေနဲ့ မင်းနဲ့ မတည့်ဘူးလား'ဟု နေမျိုး မေးသောအခါ ညီအေးက 'တည့်တာ မတည့်တာ မသိဘူး၊ ငါ့အဖေက တရားခံအကျိုးဆောင်လုပ်ရင် ငါက အလိုလိုနေရင်း တရားလိုအကျိုးဆောင် လုပ်ချင်နေတာ'ဟု ပြော၏။ 'မင်းကိုကြည့်ရတာ အားမရဘူး'ဟု သူငယ်ချင်းတွေ ပြောသည်။ ထိုသို့ပြောသည့်တိုင် ညီအေးက ခပ်အေးအေး။

ညီအေး ပြောနေကျ စကားတစ်ခွန်း ရှိသည်။ 'လုပ်ရဲရင် ခံရဲတယ်'ဟူသော စကား။ ထိုစကားကို အမြဲတမ်း ပြောလေ့ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘာတွေတွေးနေတာလဲ'

စကားသံကြားမှ ငဲ့ကြည့်မိသည်။ အနီးတွင် ဝင်ထိုင်နေသော သက်နိုင်ကို တွေ့၏။

'ကျောင်းသွား ကျောင်းပြန်တွေကို ကြည့်ပြီး မင်းတို့ အကြောင်းတွေးနေတာ၊ လက်ဖက်ရည်တောင် အေးသွားပြီ၊ မင်းလည်း တစ်ခွက်မှာလေ'

'မှာပြီးပြီ၊ ဒါနဲ့ မင်း ကားမပါဘူးလား'

နေမျိုး ခေါင်းညိတ်၏။ စီးကရက် တစ်လိပ်ကို မီးညှိသည်။ စီးကရက်ဘူးကို သက်နိုင်ရှေ့သို့ ချရင်း…

'ကားကို ဆိုင်ရှေ့မှာ ရပ်ထားရင် ညီမလေး လှမ်းတွေ့သွားမှာစိုးလို့'

နာရီကို ကြည့်လျက်…

'လာချိန်နီးပြီလား သက်နိုင်'

'နီးပါပြီ၊ လာရင် ဟိုနားက မီးပွိုင့်ကို ကူးမှာ၊ ဒီကနေ မြင်နေလိမ့်မယ်၊ ငါနဲ့ကြုံတာ လေးငါးခါ၊ ငါ့ကိုတော့ မြတ်သစ္စာနိုင် မတွေ့ပါဘူး၊ ငါက တွေ့တာ'

ကြားပြီးသား ကိစ္စကို ပြန်ကြားရသဖြင့် ရင်တွင် ပို၍ဆို့နင့်သည်။

'သူ့ရည်းစားကော ဖြစ်နိုင်ပါ့မလား၊ သူငယ်ချင်းတွေ ဘာတွေများလား'



ဝေဒနာကို ပေါ့ပါးစေလို၍ မေးမြန်းမိသော စကား။

သက်နိုင်က··

'ရည်းစား ဟုတ်မဟုတ်တော့ မသိဘူး၊ ကားလမ်းကူးတိုင်း လက်တွဲပြီးကူးတာ'

သက်နိုင်ရှေ့သို့ လက်ဖက်ရည်တစ်ခွက် လာချသည်။ လက်ဖက်ရည်၏ အပူငွေ့သည် နေမျိုးထံ ပျံ့လွင့်နေချေ၏။

'မင်းကိုငါ အသိပေးတာ ညီမတစ်ယောက်ရဲ့ အစ်ကိုကို အသိပေးတာမျိုး မဟုတ်ဘူး၊ မင်းမြတ်နိုးနေတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အခြေအနေကို သိမြင်စေချင်တဲ့ သဘောပဲ'

စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ယူသည်။ ··ခြစ်နှင့် စီးကရက်ကိုကိုင်လျက် မီးမညှိသေးဘဲ စကားဆက်၏။

'အဲဒီတော့ကွာ အစ်ကိုတစ်ယောက်က ညီမတစ်ယောက် ··ရဲ့ အခြေအနေကိုမြင်ပြီး ဖြစ်လေ့ရှိတဲ့ ဒေါသမျိုး မင်းမဖြစ်အောင် ··ခုကတည်းက စိတ်ကို လျှော့ထားစေချင်တယ်'

'ပြီးတော့ မင်း ချစ်မြတ်နိုးနေတဲ့ မိန်းကလေးတစ်ယောက် ··ရဲ့ အခြေအနေကိုမြင်ပြီး သောကဖြစ်မှာကိုလည်း ငါ မလိုလားဘူး၊ ··င်း သိသင့်တယ်ထင်လို့ ငါ ဒီဆိုင်ကို ချိန်းလိုက်တာ၊ မြင်တဲ့ ··တိုင်းပဲ ကြည့်နေစေချင်တယ်၊ ဒီမှာထိုင်နေရာကနေ ဘယ်လို··· ··လှုပ်ရှားစေချင်ဘူး၊ စိတ်ရောလူရောပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး စီးကရက်ကို မီးညှိသည်။

'နော်… သူငယ်ချင်း'

ခေါင်းကို လှုပ်ရုံသာ ညိတ်ပြမိ၏။

❀ ❀ ❀

ရှုပ်ယှက်ခတ်နေသော လူတွေအကြားတွင် ပေါ်လွင်လွန်းသော စုံတွဲဟုပင် စိတ်ထဲက သတ်မှတ်မိ၏။ ပြုံးရယ်လာသော မြတ်သစ္စာခိုင်ကို ခပ်ဝေးဝေး တွေ့၏။

မြတ်သစ္စာခိုင်၏ ကေသာရှည်သည် လေတွင်တလွင့်လွင့်။ လှည်းတန်း၏ တိမ်းစောင်းစ ညနေခင်းအလှအပကိုပင် စိန်မခေါ်ဘဲ အနိုင်ယူဟန်တူသည်။ နံဘေးရှိ အမျိုးသားမှာ မြတ်သစ္စာခိုင်နှင့် လိုက်ဖက်လွန်း၏။ နေမျိုးထက် သုံးလေးနှစ်ခန့် ငယ်မည်ထင်သည်။

တွဲထားသော လက်နှစ်ဖက်ကို လှမ်းမြင်လိုက်ရသည်။ ကားလမ်း၏ သည်ဘက်ကမ်းသို့ အရောက်တွင် ထိုင်နေရာမှ ခပ်ခနဲ ထမိ၏။ သက်နိုင်က နေမျိုး ပခုံးကို လှမ်းဖိပြီး ပြန်ထိုင်စေသည်။

'စိတ်ကိုလျှော့လိုက်ပါကွာ၊ လူကြား သူကြားထဲ မင်း ညီမလေး အရှက်ရနေဦးမယ်'

မျက်ရည်ပင် ဝဲရချေသည်။ တစ်ခုခုကို ဝုန်းဒိုင်းကျဲ



စိတ် ပေါက်၏။ စားပွဲပေါ်သို့ ခေါင်းကိုငိုက်စိုက်ချထားမိလေသည်။ ပြန်အမော့တွင် တွေတွေဝေးကြည့်နေသော သက်နိုင်နှင့် အကြည့်ဆုံ၏။

သက်နိုင်ကို ကြည့်လျက်…

'ငါ ဘာလုပ်ရမလဲ သက်နိုင်'

ရင်မောသံ မကင်းသော စကားသံဟု ကိုယ့်ကိုယ်ကိုယ် သိ၏။

'မင်း ဘာလုပ်ချင်သလဲ နေမျိုး၊ မင်း လုပ်ချင်တာသာ ပြောပါ'

'ညီမလေးဘေးက ကောင်အကြောင်းကို ငါ သိချင်တယ်'

သက်နိုင်က လက်ကာလျက်…

'မင်း သိချင်ရင် ငါပြောပြမယ်၊ နာမည်က ရန့်နိုင်ဘိုတဲ့၊ စက်မှုတက္ကသိုလ်ကပဲ၊ တတိယနှစ်၊ နေတာက စံရိပ်ငြိမ်၊ မင်းတို့ နီးပါး ချမ်းသာတယ်၊ အမှန်အတိုင်းပြောရရင် စိတ်ဓာတ်ရော အနေအထိုင်ရော အဆင့်အတန်းရှိတဲ့ ကျောင်းသားတစ်ယောက်ဆိုပါတော့'

နားစွင့်ထားလျက် ဒေါသတို့ ငြိမ်းစပြုသည်။ သောကတွေမှာ မငြိမ်းသေး။

'မင်းက ဘာလုပ်ချင်လို့လဲ နေမျိုး'

'ငါ အဲဒီကောင်နဲ့သွားတွေ့ချင်တယ်ကွာ'

www.burmeseclassic.com

www.burmeseclassic.com



သက်နိုင်က အကြမ်းပန်းကန်ထဲသို့ ရေနွေးငှဲ့သည်။ ရေနွေးကရားကို စားပွဲပေါ်တင်ပြီး…

'သွားတွေ့ပြီးတော့…'

စကားမဆက်ဘဲ နေမျိုးစကားကို စောင့်သည်။

'သွားတွေ့ပြီးတော့ နောက်ဆုတ်ဖို့ ပြောမှာပေါ့'

'တစ်ကိုယ်ကောင်းဆန်နေလိမ့်မယ်လို့ ကိုယ့်ကိုယ်ကိုယ် မထင်ဘူးလား'

'ငါက အရင်ချစ်ခဲ့တာပဲ'

ဟု နေမျိုး ပြောသည်။

'မင်း အရင်ချစ်ခဲ့တာ တရားဝင်မှ မဟုတ်ဘဲ၊ စိတ်ထဲက ချစ်ခဲ့တာပဲ၊ တားရင်းတား၊ အစ်ကိုတစ်ယောက်အနေနဲ့ တားရင် မဆိုးဘူး၊ ဒါပေမဲ့ကွာ သိပ်ချစ်နေတဲ့သူတွေကို တားတာတို့၊ နောက်ဆုတ်ခိုင်းတာတို့က အမှန်တကယ်တော့ မလိုအပ်တဲ့ကိစ္စပဲ'

'ငါ သိပ်ချစ်တယ်ဆိုတာကိုရော ထည့်မတွေးတော့ဘူးလား သက်နိုင်ရာ'

'ထည့်တွေးပါတယ်ကွာ၊ တွေးရင်းနဲ့ မင်းလူကြမ်းဖြစ်သွားမှာကို ငါ စိုးရိမ်တယ်'

မဲ့ခနဲ ပြုံးမိသည်။

'ဖြစ်စမ်းပါစေကွာ လူကြမ်း၊ ဒသဂီရိက ဘယ်လောက်ကြမ်းကြမ်း သီတာဒေဝီကိုတော့ သိပ်ချစ်ခဲ့တာပဲ မဟုတ်လား၊



သီတာဒေဝီက ဒသဂီရိကို ပြန်မချစ်ပေမယ့် ဒသဂီရိ ဘယ်လောက်ချစ်တယ်ဆိုတာ သီတာဒေဝီ သိပါတယ်၊ ညီမလေးလည်း ငါ့အချစ်ကို အဲဒီလိုသိရင် သိပ်ကောင်းမှာပဲကွာ'

'ဖွင့်ပြောရုံအပြင် ဒီထက်ကျော်လို့ မကောင်းတဲ့ ဘဝခြေအနေမို့ နောက်ဆုတ်လို့ရရင် ဆုတ်လိုက်ပါလား နေမျိုးရာ'

ခေါင်းကိုတွင်တွင်ယမ်းမိသည်။

'အဲဆိပ်သိပ်တက်နေတဲ့ အချိန်မို့ ငါ့ကို နားလည်ပါ သက်နိုင်၊ အဆိပ်ပြေအောင်တော့ ငါ ကြိုးစားရမှာပေါ့'

စကားတန့်လျက်…

'ငါ အရက်သောက်ချင်တယ် သက်နိုင်'

ခေါင်းညိတ်သည်ကို တွေ့၏။ မသောက်ခင်က မူးချင်နေသည်။

※ ※ ※

အိမ်ထဲသို့ ဝင်လျှင် ဝင်ချင်း မြတ်သစ္စာခိုင် ထိုင်စောင့်နေသည်ကို တွေ့သည်။ မာမီ အိပ်ပျော်နေပြီမှန်း သိ၏။ တံခါးဖွင့်ပေးသော မြတ်သစ္စာခိုင်ကို လုံးဝမကြည့်ဘဲ အိမ်ထဲသို့ဝင်သည်။ ယိုင်ရဲ့နဲ့ ခြေလှမ်းကို ထိန်းမတ်နေရသေး၏။

'ကိုကို'

ကြားချင်သော အသံကို ကြားရပါလျက် မြင်ချင်သော မျက်နှာကို မြင်ရမှာစိုးသဖြင့် လှည့်မကြည့်ဖြစ်။ လက်မောင်းကို ဆုပ်ဆွဲသည်မှန်း သိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုကို… မိုးချုပ်လိုက်တာ ဘယ်ကိုသွားနေတာလဲ'

ပြောနေကျ စကား။ ကြားနေကျ အသံ။

တည်တည်ငြိမ်ငြိမ်သာ ကြည့်ပစ်လိုက်သည်။ စကားသံကို တစ်ခွန်းမျှ မခြေပြာ။

'ကိုကို အရက်တွေသောက်လာတယ် ဟုတ်လား'

ခေါင်းမညိတ်မိ။ ခေါင်းမခါမိ။ စကားမပြောဘူးဟု ဆုံးဖြတ်ထားခြင်း မဟုတ်။ ဆန္ဒကိုက ပြောချင်စိတ် မရှိခြင်းဖြစ်သည်။

'ကိုကို ညီမလေး မေးနေတယ်လေ'

တွန်းထုတ်ပစ်လိုက်ချင်သည်။

လွင့်ဝေးသွားမှာလည်း စိုးရိမ်၏။

'ညီမလေး တွဲပို့ရမလား၊ လမ်းလျှောက်နိုင်ရဲ့လား'

'တောက်'

တောက်ခေါက်မိသည်။ မြတ်သစ္စာခိုင် မျက်လုံးဝိုင်းသွား၏။ တစ်ခုခုမကျေမနပ်ဖြစ်နေသည်ဟု နားလည်လိုက်သည်။ ဆွဲကိုင်ထားသော လက်မောင်းကို အသာအယာလွှတ်လိုက်သည်။

မျက်ရည်ဝဲသွားသော ညီမလေး၏ မျက်ဝန်းကို မြင်လျှင် စိတ်မကောင်းဖြစ်ရသည်။

ခံစားရသော ဝေဒနာသည် တစ်ခွန်းတစ်ပါဒမျှ ဖွင့်ဟ… မသာသော ဘဝအခြေအနေမျိုးကြောင့် ပို၍နာကျင်စေလေ၏။ … တွင်းသို့ သိကြားမြင်တွေ့စေချင်သည်။

❀ ❀ ❀

(၈)

ကြို့ကုန်းပန်းခြံအတွင်းရှိ လက်ဖက်ရည်ဆိုင်တွင် ထိုင်ကြသည်။ ထိုင်နေသော လက်ဖက်ရည်စားပွဲယေမှနေ၍ စက်မှုတက္ကသိုလ်ကျောင်းဝင်းကို လှမ်းမြင်နေရသည်။

နေမျိုးက ကိုယ့်ကိုယ်ကိုယ် နေမျိုးဖြစ်ကြောင်း မိတ်ဆက်သည်။ ရန်နိုင်ဘိုက…

'ကျွန်တော် အစ်ကို့ကို မသိဘူး၊ ကျွန်တော်နဲ့ ပြောစရာကိစ္စရှိရင်တော့ ပြောပါ'

နေမျိုးက စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ထုတ်သည်။ ရန်နိုင်ဘိုအား စီးကရက်ဘူး လှမ်းပေး၏။

'ကျွန်တော် မသောက်တတ်ပါဘူး'ဟု ပြော၏။ စီးကရက်ဘူးကို စားပွဲပေါ်တွင် ဖွဖွတင်ရင်း…

နေမျိုးက…

www.burmeseclassic.com

www.burmeseclassic.com



'မြတ်သစ္စာခိုင်ရဲ့ အစ်ကိုတစ်ယောက်အနေနဲ့ မင်းကို စကားနည်းနည်း ပြောချင်လို့ပါ'

အံ့သြသွားဟန်ကို တွေ့ရ၏။ နေမျိုး စီးကရက်ကို ဖွာရှိုက်သည်။ ရန်နိုင်ဘိုကို စေ့စေ့ကြည့်လျက်…

'မင်းနဲ့ ကိုယ့်ညီမလေးနဲ့ ကိစ္စကို ကိုယ်သဘောမတူဘူး၊ နောက်ဆုတ်ဖို့ လာပြောတာ မင်းကို…'

ရန်နိုင်ဘိုက ပြည်ပဖြစ်နေကာမျက်မှန်ကို မျက်နှာမှဖြုတ်ယူသည်။ နေမျိုး၏ အကြည့်ကို ရင်ဆိုင်ရင်း…

'ဆောရီးဗျာ ကိုနေမျိုး၊ နောက်ဆုတ်ဖို့ မဆုတ်ဖို့ကိစ္စကို လောလောဆယ် ကျွန်တော် မဆုံးဖြတ်ချင်သေးဘူး'

ထောင်းခနဲ ဒေါသဖြစ်သည်။ 'အေးအေးဆေးဆေး ဆွေးနွေးပါ'ဟု မှာလိုက်သော သက်နိုင်၏ စကားသံကို ကြားယောင်သည်။

မကျေနပ်စွာ ကြည့်လျက်…

'ကိုယ်က မင်းရဲ့ဆုံးဖြတ်ချက်ကို ကြားရဖို့ လာတာမဟုတ်ဘူး၊ လုံးဝနောက်ဆုတ်ဖို့ကို အတိအလင်းလာပြောတာ၊ ဒါ… ကြိုတင်အကြောင်းကြားတယ်လို့ သဘောပေါက်ပါ၊ ကိုယ့်နာမည် နေမျိုး၊ ဒီထက်ရှေ့ [illegible] ဆောရီးတွေ ဖြစ်ကုန်လိမ့်မယ်'

ထိုင်ရာမှ ထသည်။ ထပြီးမှ လက်ဖက်ရည် မှာမသော[illegible]



ဖြစ်သည်ကို သတိရ၏။ ကားရပ်ထားရာသို့ ခြေလှမ်းမှန်မှန်ဖြင့် သွားသည်။ ကားတံခါးကို ဖွင့်သည်။ ကားထဲသို့ ဝင်ထိုင်သည်။ [illegible]ီးကရက်ကို ပါးစပ်တွင် တပ်လျက်က ရန်နိုင်ဘိုကို လှမ်းကြည့်[illegible]ပစ်လိုက်သည်။

ရန်နိုင်ဘို အကြည့်လွှဲသွားမှ ကားကိုမောင်းထွက်၏။ [illegible]လာတုန်းကထက် မိုင်နှုန်းပိုမြင့်သည်။

ရှိသမျှ အလုပ်ကိစ္စတွေကို မေ့ပစ်လိုက်သည်။ မြတ်သစ္စာ [illegible]ိုင်ကို ကိုယ်တိုင်ကျောင်းပို့ ကျောင်းကြိုလုပ်မည်ဟု မာမီကို နေမျိုး ပြောသည်။ မာမီက 'သားက အားလို့လား'ဟု မေး၏။ နောက်ဆုံး [illegible]ွက်ထားသည့် ဝတ္ထုစာအုပ်ဖြန့်ချိထားသည်မှာ သိပ်မကြာသေး[illegible]ကြောင်း၊ နောက်တစ်အုပ်ရေးဖို့ အချိန်ယူဦးမှာဖြစ်သဖြင့် အားလပ်[illegible]ကြောင်း နေမျိုး ပြော၏။ 'ဒါဆိုလည်း သားသဘောပဲ'ဟု [illegible]မီ ပြောသည်။

အဖြစ်အပျက် အလုံးစုံကို မာမီသိအောင် မပြောဖြစ်သေး။

❀ ❀ ❀

စီးပွားရေးတက္ကသိုလ်၏ အဝင်ဝ လေ့ကားထစ်တွေ၏ [illegible]ားတွင် အချိန်ပြည့်ထိုင်သည်။ ကားကို ခပ်လှမ်းလှမ်းတွင် [illegible]ထား၏။ နေမျိုး ရှိနေသည်ကို သိသောကြောင့်လား မပြော[illegible]တ်

www.burmeseclassic.com

www.burmeseclassic.com



မြတ်သစ္စာနိုင်သည် စာသင်ဆောင်၏ ပြင်ပသို့ တစ်ခါတစ်ခေါက်မျှပင် မထွက်။

သုံးလေးရက်မျှအတွင်း အခြေအနေ ထူးခြားမှုမရှိ။ နေမျိုးသည် လက်ဖက်ရည်ထွက်သောက်ချင်စိတ်ကိုပင် အောင့်အည်းထားလေသည်။ သက်နိုင်က သူ့ကိုကြည့်လျက် သက်ပြင်းတချချ။

'နိုင်ငံကျော်စာရေးဆရာ မောင်နေမျိုး တစ်ယောက် စီးပွားရေးတက္ကသိုလ်အဝင်အဝ လှေကားထစ်မှာ လုံခြုံရေးတာဝန်ကို ဘယ်သူမှ မပေးဘဲ ယူထားတယ်'

အနီးတွင် ဝင်ထိုင်ရင်း သက်နိုင်ပြောသည်။ စီးကရက်ကို ထုတ်သောက်ရင်း နေမျိုးက…

'ငါ ပေါက်ကွဲတော့မယ် သက်နိုင်၊ မခံစားနိုင်တော့ဘူး။ ညီမလေးကို ငါ စကားမပြောတာ လေးငါးရက်ရှိပြီ၊ စိတ်ကမပြော ချင်ပေမယ့် နှလုံးသားက မပြောဘဲ မနေနိုင်ဘူး'

'ဘာဖြစ်လို့ စကားမပြောတာလဲ'

'ဘာဖြစ်လို့မှန်းတော့ မသိဘူးကွာ၊ ညီမလေး ရင်ထဲမှာ တခြားသူတစ်ယောက် ရှိနေတယ်ဆိုတာ သိရတော့ ရင်ထဲမှာ ဆို့တယ်၊ စကားပြောလို့ မရဘူး'

စကားသံ တိမ်ဝင်သွားရ၏။

နှလုံးသည်းခြေသည် တစ်စစ ကြေမွနေရပြီဟု ခံစားမိ ပိုက်မိသည်။



အနားမှ လူတစ်ယောက်ဖြတ်သွားသည်ဟု သိလိုက်၏။ အတွင်းသို့ရောက်သွားမှ ရန်နိုင်ဘိုမှန်း သိသည်။ ထိုင်ရာမှ ငုန်းခနဲ ထပြီးအပြေးလိုက်သွား၏။ သက်နိုင်၏ အပြေးအလွှားခြေသံကိုလည်း ကြားရသည်။

လှေကားပေါ်သို့ တက်လုလုတွင် ရန်နိုင်ဘိုကို နေမျိုးက…

'ဟေ့ကောင် မင်း ဘာလာလုပ်တာလဲ'

ရန်နိုင်ဘိုက ဆတ်ခနဲ ငဲ့ကြည့်ပြီး…

'ခင်ဗျားနဲ့ ဘာဆိုင်လို့ မေးတာလဲ၊ ဒါ ခင်ဗျား အိမ်လား'

အနားသို့တိုးကပ်ဖို့ ခြေလှမ်းပြင်သည်။ သက်နိုင်က ပခုံးကို လှမ်းဆွဲထား၏။

'နေမျိုး စိတ်ကိုထိန်းကွာ၊ ကျောင်းထဲမှာ ရန်ဖြစ်လို့ မရဘူး၊ မင်းက ကလေးကျနေတာပဲ'

ပြောပြီး ရန်နိုင်ဘိုကို မော့ကြည့်လျက်…

'ဒီက ညီလေးကိုလည်း တောင်းပန်ပါတယ်ကွာ၊ စိတ်မရှိပါနဲ့'

ရန်နိုင်ဘိုက ဘာမှပြန်မပြောဘဲ အပေါ်ထပ်သို့ တက်သွားသည်။

'တောက်'

တောက်ခေါက်ပြီး အနီးရှိနံရံကို နေမျိုးက လက်သီးဖြင့် ထိုးပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဓိပ္ပာယ်မရှိတဲ့ အလုပ်ပျော့ မလုပ်နဲ့ နေမျိုးရာ၊ မင်း အဲဒီလိုလုပ်မှာစိုးလို့ ငါလိုက်လာတာ၊ ဘယ်နှယ် အသားလွတ်ကြီး သွားပြီးတော့'

'ဒီကောင် ငါ့ညီမဆီ သွားတာကွ'

'သွားတာ ဘာဖြစ်လဲ၊ မင်းညီမ ထွက်မလာစေချင်ရင် အခန်းဝမှာ မင်း သွားရပ်နေလိုက်ပေါ့၊ မင်းရပ်နေတာတောင်မှ မင်းညီမ ထွက်လာသေးတယ်ဆိုရင်တော့ မင်းညီမကို မင်း ပါးပိတ်ရိုက်၊ တခြားသူကို ပြဿနာရှာစရာ မလိုဘူး'

သက်နိုင် လေသံက မာလွန်း၏။

အသားတဆတ်ဆတ်တုန်ယင်နေသော နေမျိုးကို ကြည့် လျက် သနားမိသည်။ စာနာမိသော်လည်း သတိလက်လွတ်ဖြစ်မှာ စိုးရိမ်၏။

❀ ❀ ❀

မင်း…

ရက်စက်တယ် ကလေး။ ကိုကို့ဆန္ဒတွေကို မင်းခြေဖဝါး နဲ့ နင်းပစ်ရက်တယ်။ မင်းကို ကိုကိုချစ်နေတာ မသိဘူးလား ကလေးရယ်။

ဘယ်သိလိမ့်မလဲ။ ဝေဒနာသင့်တဲ့ ကိုကို့နှလုံးသည်းခြေ



ထဲမှာ ကြေညာခွင့်မဲ့တဲ့ အရှုံးပွဲတွေ ရင်ဆိုင်နေရတယ်ဆိုတာ မြင်သာ ိုင်အောင်မှ ဖွင့်ဟာမပြမိတဲ့။ ကြေညာမှ ဖြေသာရမယ့်ဘဝပါ ကလေး ရယ်။ ဒါပေမဲ့ အကြီးမားဆုံး မဟာတံတိုင်းကြီး ကိုကို့ရှေ့မှာ ကာ ထားတယ်။ အဲဒီတံတိုင်းကို ရိုက်ချိုးဖြိုဖျက်ဖို့ ကိုကို ခက်နေတယ်။

ထောက်ထားရမယ့် ဘဝဝန်းကျင်၊ ဆင်ခြင်ရမယ့် ဘဝ ာသိ။ အဲဒါတွေသာ မရှိရင် ကောင်းမယ် ကလေး။ ဘာကိုမှ ထောက်ထားချင်ဘူး။ ဘာကိုမှ ဆင်ခြင်မနေချင်ဘူး။ ရင်ခွင်ထဲမှာ ိုတဲ့ အရှိတိုင်း ကိုကို ဖွင့်ပြောလိုက်ချင်တယ်။ အော်ဟစ်လိုက်ချင် တယ်။ ရိုင်းစိုင်းမှုဖြစ်တော့မယ့် အခြေအနေကို ခိုင်းနှိုင်းပြဖို့အတွက် ွတွေ အများကြီးပဲ ရင်ထဲမှာ။ ရန်နိုင်ဘိုတဲ့။ လူရည်သန့်လေး ာစ်ယောက်ပါ။ ကလေး သူ့ကိုဘာဖြစ်လို့ ချစ်ရတာလဲ။ ကိုကို့ ဝမှာ မင်း။ မင်းရဲ့ဘဝမှာကိုကို။ ဒါပဲ ရှိစေချင်တယ်။ ကိုကိုက ပြီး မင်းကို ဘယ်သူမှ မချစ်စေချင်ဘူး။ မင်းကလွဲပြီး ကိုကို ယ်သူ့ကိုမှ မချစ်ဘူး။ သိလား ကလေး။

ညီမလေးရယ်… ရိုးသားဖြူစင်တဲ့ သံယောဇဉ်ကို ရိုင်းပျ ်ကားဖို့ ချစ်ခဲ့မိတာ မဟုတ်ပါဘူး။ ငယ်စဉ်အခြေခံခဲ့တဲ့ သံယော ုဟာ ကြီးပြင်းလာတော့ တစ်ပါးသူကို ခွဲပေးရမှာ စိုးရိမ်တတ် တယ်။ ချစ်ကြစတမ်းပျော့ဆိုရင် ညီမလေးကို အရင်ဆုံးချစ်တာ ကိုပါ။ ရန်နိုင်ဘိုဆိုတာ သူစိမ်းတစ်ရံဆံတွေအနက်က အရင်ဦးခဲ့ းမိုးသူပဲဖြစ်မှာပါ။

www.burmeseclassic.com

www.burmeseclassic.com



စာနာကြည့်ပါ ကလေးရယ်။ ခံစားနားလည်ကြည့်ပါ။ ဖွင့်ပြောရခက်လို့ လွင့်မျောညတွေ များခဲ့ရတယ်။ အခြေအနေကြောင့် ထိန်းသိမ်းမျိုသိပ်ထားရတဲ့ ကိုကို့အဖြစ်က တစ်လောကလုံးက အပြစ် ဆိုမှာလည်း စိုးရိမ်တယ်။ ကိုကို ဘာလုပ်ရမလဲ ကလေး။ ငဲ့ညှာ သနားနိုးနဲ့ အားကိုးရှာချင်ပြန်တော့လည်း ဘာကိုအားကိုးရမှာတဲ့ လဲဟင်။ မထူးတော့တဲ့အဆုံး မူးမိုက် မေ့မြောသွားရင်လည်း အကောင်းသား။ ဒါမှမဟုတ် ကိုကို့ကိုယ်စား စကားပြောတတ်မယ့် အရာတွေ ရှိနေရင်လည်း အကောင်းသား။

ယခုတော့လေ…

ပြေရာပြေကြောင်း၊ စာလုံးပေါင်းတွေနဲ့ တစ်ကိုယ်တည်း ရင်ဖွင့်နေရပြီ။ ရင်ပေါ့မသွားပေမယ့် ရင်ကော့ပြီး ခံနိုင်ရည်ရှိအောင် ကိုကို ကြိုးစားပါ့မယ်။ ဆိုးရွားတဲ့ ကိုကို့ကံကြမ္မာ သံသရာဘ လောက်အထိ တွယ်ငြိရှည်လျားနေဦးမှာပါလိမ့်။ ကိုယ့်ကိုယ်ကို နှစ်သိမ့်ရခက်နေပြီ ကလေးရယ်။

❦ ❦ ❦

(၉)

မြတ်သစ္စာခိုင်၏ လက်အတွင်းရှိ နေ့စဉ်မှတ်တမ်းစာအုပ် ကို ကြည့်လျက် နေမျိုး မျက်လုံးဝိုင်းသွားသည်။ မြတ်သစ္စာခိုင် သည် လေးပင်သော ခြေလှမ်းတွေဖြင့် သူ့ထံသို့ လှမ်းလာနေ၏။ ဖိုးသို့ရောက်သော မြတ်သစ္စာခိုင်၏ မျက်ဝန်းတွင် မျက်ရည်တွေ ရှိနေ၏။ ရင်နင့်ရချေ၏။

နေ့စဉ်မှတ်တမ်းစာအုပ်ကို လှမ်းပေးသည်။ ပေးသော လက်သည်လည်း တုန်ယင်လျက်ရှိ၏။ စာအုပ်လက်ထဲသို့ ရောက် သည်တိုင် နေမျိုးသည် မြတ်သစ္စာခိုင်ကို မော်မကြည့်။ မြတ်သစ္စာ ခိုင်၏ ပေါက်ခနဲကျသော မျက်ရည်စက်သည် သူ့ခြေဖမိုးပေါ်သို့ ကျင်၏။ ရှိုက်သံကို နီးကပ်စွာ ကြားရသည်။

'ကိုကို'

တုန်ယင်သော ရှိုက်သံဖြင့် ခေါ်၏။ မော့အကြည့်တွင်

www.burmeseclassic.com

www.burmeseclassic.com



ခင်တွယ်မျက်နှာကို ရင်နင့်စွာ မြင်သည်။ ချစ်သူ့ပါးပြင်၌ မျက်ရည်မြစ်နှစ်စင်း...။

'ကိုကို ဘာတွေလျှောက်ရေးထားတာလဲ'

သိလျက်နှင့်မေးသည်မှန်း သိသည်။

'ကိုကိုနဲ့ ညီမလေးက မောင်နှမလေ၊ ဘာဖြစ်လို့ အဲဒါမျိုးတွေ ရေးထားရတာလဲ ကိုကို'

အံတင်းကြိတ်ထားမိသည်။ မျက်နှာကို တမင်လွှဲမိသည်။ ငိုသူ၏ မျက်မှောက်၌ ငိုမိမည်ကို စိုး၏။

'ပြောလေ ကိုကို'

အနီးတွင် ဝင်ထိုင်သည်။ ပခုံးပေါ်သို့ တင်သော လက်သွယ်ကို ဖယ်ခါမထုတ်ပစ်မိ။

'ညီမလေး ကိုကို့အနားကို မလာပါနဲ့ကွာ၊ ပြီးတော့ ကိုကို့ကို စကားမပြောပါနဲ့၊ ကိုကို စကားပြောလို့ မရဘူး ညီမလေး'

လှမ်းမကြည့်ဘဲ ပြောသည်။

ပြင်းထန်သော ရှိုက်သံကို ပဲ့တင်ထပ်စွာ ကြားရ၏။ ရှိုက်သံသည် လွှဲထားသော မျက်နှာကို လည်ပြန်ကြည့်နိုင်စွမ်းစေ၏။ မျက်ရည်တွေကို ဖွဖွသုတ်ပေးမိသည်။

'မငိုပါနဲ့ ညီမလေးရယ်၊ ကိုကို့ကိုလည်း ခွင့်မလွှတ်ပါနဲ့၊ ကိုကို ဆက်မိုက်ပါရစေ'



တူရှုရှိ မျက်နှာကို နီးကပ်စွာ ကြည့်၏။ ဆို့နင့်နေသော ရင်တွင်းစကားတွေ သွန်ထုတ်နိုင်အောင် ကင်းမဲ့၏။ အငိုမျက်ဝန်းကို ရင်သို့ထွေးပွေ့လိုက်သည်။

ရင်ခွင်နှင့် နီးကပ်လွန်းသော ရှိုက်သံကြောင့် နှလုံးသည်းခြေကွဲကြေလုမျှ ခံစားရ၏။

'ကိုကို ညီမလေးကို ချစ်တယ်၊ ဘယ်သူ့ကိုမှ မပေးနိုင်ဘူး၊ ပြောလက်စနဲ့ ဆက်ပြောပါရစေ၊ ကိုကို့ကို ညီမလေး ပြန်ချစ်ပါ'

'မပြောပါနဲ့ ကိုကိုရယ်၊ မဖြစ်နိုင်တဲ့ စကားတွေ မပြောပါနဲ့၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး'

'ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ၊ သူစိမ်းတစ်ယောက်က ကိုကို့ထက် အရေးပါသွားပြီလား ညီမလေးရယ်'

မျက်ရည်တွေသုတ်လျက် ခေါင်းကို တွင်တွင်ယမ်းသည်။

'မဟုတ်ဘူး၊ အဲဒါကြောင့် မဟုတ်ဘူး'

'ဘာပဲဖြစ်ဖြစ် ညီမလေး ကိုကို့ကို ပြန်ချစ်ရမယ်၊ ဒါပဲ'

ပြောပြီး စိတ်အလိုကို လိုက်မိသည်။

'အို'

ပါးပြင်နုတွင် ရှက်သွေးရောင် သမ်းသွား၏။ ပါးပြင်ထက်၌ ပန်းတစ်ပွင့်တင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ကြားမှ ရှန်းထွက်သည့်တိုင် ထိုပါးပြင်တွင် ပန်း၏ခြေရာ ကျန်နေပါသေးသည်။

'အဲဒီလိုမလုပ်ပါနဲ့ ကိုကို၊ မလုပ်သင့်ဘူး၊ မသန့်ရှင်းတဲ့ အနမ်းမျိုးနဲ့ ဘာကြောင့် နမ်းရတာလဲ၊ ကိုကို သိပ်မိုက်တယ်'

ငိုတော့မည့်ဟန်ဖြင့် ပြောသည်။ ပြုံတော့မည့် မိုးကို တားဆီးနိုင်အောင် မရှိ။ အပြစ်ရှိသူအဖြစ်နှင့်သာ ကိုယ့်ကိုယ်ကိုယ်ကို နေနေလိုက်သည်။

ချစ်မိခြင်းကြောင့် အပြစ်ရှိသည်ဟု ဆိုလျှင်လည်း ထိုအပြစ်ကို ရှောင်လွှဲစရာ အကြောင်းမရှိ။

ရင်ခွင်ထဲမှ ဖယ်ခွာသည်။

မျက်ရည်မကင်းသော မျက်ဝန်းတွေဖြင့် နေမျိုးကို မြတ်သစ္စာခိုင် စေ့စေ့ကြည့်၏။ ကြင်သူမျက်နှာကို တသစ္စာငေးမော လျက် နေမျိုးက…

'အခုမှ ကိုကိုချစ်တာ မဟုတ်ပါဘူး ညီမလေး၊ ညီမလေး အထက်တန်းကျောင်းသူဘဝတုန်းက စာအုပ်ရဲ့ နောက်ကျောမှာ သိပ်ချစ်တယ် သစ္စာရယ်လို့ ရေးထားတာ တခြားသူ မဟုတ်ဘူး၊ ကိုကို ရေးခဲ့တာပါ'

'အဲဒီကတည်းက မပြောသင့်မှန်းသိလို့ တိတ်တိတ်လေး နေခဲ့တာ၊ တစ်သက်လုံး မျိုသိပ်နိုင်အောင် ကြိုးစားထားပြီးသား၊



ါပေမဲ့ အခု မရတော့ဘူး ညီမလေး၊ ရန်နိုင်ဘိုဆိုတဲ့ ကြားလူဝင်လာပြီး ကိုကို ညီမလေးကို ဘယ်သူ့မှ မပေးနိုင်ဘူး'

မြတ်သစ္စာခိုင် မျက်ရည်စက်တွေကို ဖယ်ထုတ်ပစ်၏။ မျက်ဝန်းကို ပုတ်ခတ်ပြီး…

'ဖြစ်မှဖြစ်ရလေ ကိုကိုရယ်၊ ကိုကို့ဆီက ဒီလိုစကားတွေ ကြားရလိမ့်မယ်လို့ ညီမလေး ဘဝမှာ ဘယ်တုန်းကမှ မထင်မိဘူး၊ ဖြစ်နိုင်ရင် ကိုကို စကားတွေကို ပြန်ရုပ်သိမ်းလိုက်ပါနော်၊ ကိုကို့ကို ညီမလေး ဘယ်လိုမှ သဘောမထားပါဘူး၊ နောက်နောက်ပြောင်ပြောင်နဲ့ ပြောတဲ့စကားတွေလို့ပဲ ယူဆပါ့မယ်၊ နော်… ကိုကို၊ ပြန်ရုပ်သိမ်းလိုက်ပါ'

ခေါင်းကို တွင်တွင်ယမ်းမိသည်။ 'မာမီသိရင်တော့ ရင်ကျိုးမှာ အမှန်ပဲ'ဟု မြတ်သစ္စာခိုင် ပြော၏။ 'ကိုကိုက ရင်ကွဲနာ ကျမှာ'ဟု နေမျိုး ပြောသည်။ သက်ပြင်းချသံကို နီးကပ်စွာ ကြားရ၏။

'ကိုကိုရယ်… ကိုကို့ကို ညီမလေးက ပြန်ပြီး လမ်းညွှန်ရမယ့် အဖြစ်မျိုး ရောက်နေပြီ'

'မှားမှန်းသိလျက်နဲ့ ဆက်လျှောက်နေသူကို မှန်အောင် လမ်းညွှန်ဖို့ဆိုတာ အခက်ခဲဆုံးပဲ ညီမလေး'

'ဒါဆို ညီမလေး ဘာလုပ်ရမလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကိုကို့ချစ်ခြင်းကို တုံ့ပြန်ဖို့ ကြိုးစားစေချင်တယ်'

ခေါင်းခါလျက်...

'ကိုကို့မျက်နှာကိုတောင် ညီမလေး စေ့စေ့မကြည့်ဝံ့တော့ဘူး'

ပြောပြီး မျက်နှာလွှဲ၏။

'ရွံ့မုန်းသွားတာလား ညီမလေး'

'မဟုတ်ဘူး ကိုကို၊ အလိုလိုနေရင်း မကြည့်ဝံ့တာ၊ ကိုကိုရယ် တခြားမိန်းကလေးတွေကို ချစ်ကြည့်ပါ ဟင်'

နေမျိုး မျက်မှောင်ကြုတ်သည်။

'ညီမလေးရယ် တခြားကို မနှင်ပါနဲ့'

'နှင်မှဖြစ်မှာမို့ နှင်ရတာပါ ကိုကိုရယ်၊ ကိုကို့ကို မချစ်နိုင်ဘူးလို့ ပြောရမှာ ညီမလေး အားနာတယ်'

'တစ်ချိန်ချိန်မှာ ချစ်နိုင်ဖို့ ကြိုးစားကြည့်ပါလား'

'ကြိုးစားကြည့်ဖို့ကိုတောင် ညီမလေး ဝန်လေးနေတယ်။ ညီမလေး စိတ်ညစ်သွားပြီ ကိုကိုရယ်'

အိမ်ဝင်းထဲသို့ ကားဝင်လာသံ ကြားသည်။ မာမီ ပြန်လာပြီဟု သိ၏။ မြတ်သစ္စာခိုင်က အပေါ်ထပ်သို့ ပြေးတက်သွားသည်။ အနီးရှိ မှတ်တမ်းစာအုပ်ကို ကိုင်လျက် ဘယ်မှာထားရမည်မှန်းမသိ။ မထူးတော့သည့်အဆုံး စာအုပ်ကိုကိုင်လျက် အိမ်နောက်ဘက်သို့



ခြေဦးလှည့်သည်။ အိမ်ပြန်လာသော မာမီ့ကိုပင် ခရီးဦးကြိုမပြုမိကြ။

* * *

'နှင် ငါ့ကို ဖြတ်စာပေးပေး'ဟု မြတ်သစ္စာခိုင်က စကားပြောခွက်မှတစ်ဆင့် နှင်းသန္တာကို ပြော၏။

နှင်းသန္တာက 'ကျောင်းတွေပိတ်ထားတာ၊ ငါ ဘယ်လိုလုပ်သွားပေးရမှာလဲ'ဟု မေးသည်။ မြတ်သစ္စာခိုင်က...

'စံရိပ်ငြိမ်မှာ သွားပေးပေါ့၊ သူ့အိမ်က အဲဒီမှာပဲ'

'ဟုတ်ပြီ၊ ဘယ်တော့ ပေးရမှာလဲ'

'မနက်ဖြန်'

စကားသံ တန့်သည်။ ပြီးမှ မြတ်သစ္စာခိုင်က 'နှင် ခြေထောက်အနာရော ပျောက်သွားပြီလား'ဟု မေးသည်။

'ပျောက်သွားပါပြီ၊ ဒါနဲ့ နေပါဦး၊ ရန်နိုင်ဘိုကို နှင် ဘာဖြစ်လို့ ဖြတ်မှာလဲ'

'အဲဒီမေးခွန်းမျိုး ငါ့ကို ရန်နိုင်လည်း မေးမှာ ကျိန်းသေတယ်'

'အင်းလေ မေးမှာပေါ့၊ နှင့်ညီစွာက အကြောင်းမဲ့သက်သက်'

မြတ်သစ္စာခိုင်က အသံထွက်အောင် ရယ်၏။ ပြီး...

www.burmeseclassic.com

www.burmeseclassic.com



'နင် ပီအက်စ်သင်ဖူးတယ် မဟုတ်လား၊ လောကမှာ အကြောင်းမဲ့တဲ့ အကျိုးနဲ့၊ အကျိုးမဲ့တဲ့ အကြောင်းဆိုတာ မရှိဘူးတဲ့၊ ငါလည်း အဲဒီလိုပဲပေါ့၊ ကဲ… ငါ ဖုန်းချလိုက်တော့မယ်၊ မနက်ဖြန် နင့်ဆီကို ငါလာခဲ့မယ်'

❀ ❀ ❀

# အပိုင်း(၅)

www.burmeseclassic.com

www.burmeseclassic.com

'ရုပ်ရှင်တွေထဲကလို
မိဘပေးစားတာ ယူပြီး
တစ်သက်လုံး အသည်းကွဲသမားကြီးအဖြစ်နဲ့
ပရိသတ်ဆီက
မျက်ရည်ချူတဲ့အလုပ်မျိုး
မလုပ်ချင်ဘူး။
အဲဒါ လူပျော့တွေအလုပ်'

www.burmeseclassic.com

www.burmeseclassic.com

(၁)

နောက်ဆုံး တွေ့ဆုံခြင်းဟု သိပါလျက် မျက်ရည်မဝဲမိ။ ရန်နိုင်ဘို၏ မျက်နှာတွင် ဝမ်းနည်းရိပ်၊ ကြေကွဲရိပ်၊ ဒေါသရိပ်၊ သောကရိပ်၊ အုံ့ညြရိပ်တွေကို ရောယှက်လျက် တွေ့၏။ ချစ်သူ မျက်နှာကို နီးကပ်စွာ တွေ့မြင်နေပါလျက် ဝေးကွာခဲ့ပြီးပြီဟု ခံစားရ၏။

'ပြောလေ သစ္စာ၊ ရန်နိုင့်မှာ ဘာအပြစ်ရှိလို့လဲ'

ဖြူနုသော မျက်နှာကို မော်ကြည့်မိသည်။ အပြစ်ကင်းသန့်သော မျက်နှာဟု သိ၏။ သိပါလျက် မျက်နှာကို တမင်တင်းပြီး…

'အဲဒါတွေ မေးမနေပါနဲ့တော့ ရန်နိုင်၊ ရန်နိုင်ပြောချင်တာသာ ပြောပါ၊ ရန်နိုင် ပြောသမျှကို နားထောင်ဖို့ ဒီကိုလာခဲ့တာ'

'စိမ်းလှချည်လား သစ္စာရယ်၊ နာမည်နဲ့မလိုက်အောင် သစ္စာပျက်လှချည်လား'

www.burmeseclassic.com

www.burmeseclassic.com



အချစ်သည်…

တစ်ခါတစ်ရံ၌ ရက်စက်စွာ စိမ်းကားခြင်းဖြင့် သူ၏ ဂုဏ်သိက္ခာကို ဆောက်တည်တတ်လေသည်။ နွေသည်လည်းကောင်း၊ မိုးသည်လည်းကောင်း၊ ဆောင်းသည်လည်းကောင်း၊ အင်းလျားကန်သည်လည်းကောင်း၊ မိုးကုပ်စက်ဝိုင်းကြီးသည်လည်းကောင်း အချစ်၏ စိမ်းကားခြင်းကို သိမြင်လိမ့်မည် မဟုတ်ချေ။

ထိုနေ့က အင်းလျားကန်၏ ရေမျက်နှာပြင်သည် ယခင်ကထက် ပိုမိုမြင့်တက်သွား၏။

ကန်ရေပြင်၏ အပေါ်ယံအလွှာသည် မျက်ရည်များကြောင့် ပိုမို၍ ကြည်လင်နေဟန်တူသည်။

ဖြ ဖြ ဖြ

'တတ်နိုင်ရင် ဒီစကားတွေ ညီမလေးကို ကိုကို မပြော
ချင်ပါဘူး၊ ဒါပေမဲ့ ညီမလေးရယ် ဘဝရေစက်လို့ပဲ ပြောရမလား
ကံတရားလို့ပဲ ဆိုရမလား၊ ကိုကို ညီမလေးကို မခွဲနိုင်ဘူး'

'ညီမလေး အထက်တန်းကျောင်းသူဘဝတုန်းက ညီမလေး
လွယ်အိတ်ထဲမှာ စာတွေ တွေ့တယ်၊ ရည်းစားစာတွေလို့ ထင်
တာ၊ အဲဒါကြောင့်လည်း တခြားသူတွေကို ခင်တွယ်သွားမှာမိုး
တဲ့ စိတ်ကြောင့် သိပ်ချစ်တယ် သစ္စာရယ်လို့ ညီမလေးစာအုပ်



ကျောမှာ ရေးခဲ့မိတယ်၊ မရေးသင့်မှန်း သိလျက်နဲ့ ရင်ပေါ့ ရုံသက်သက် ရေးခဲ့မိတာပါ'

'နောက်ပိုင်း ညီမလေး လွယ်အိတ်ထဲက စာတွေကို ညီမလေး ရှေ့မှာဖတ်ပြီး ရည်းစားစာတွေ မဟုတ်မှန်းသိတော့ ရင်ပေါ့ရတယ်၊ ရင်ပေါ့တာနဲ့အမျှ ကိုကိုလည်း မျိုသိပ်နိုင်စွမ်း ရှိခဲ့တယ်'

မကြားချင်သော စကားတွေမို့ သူစိမ်းတစ်ယောက်ကသာ ပြောနေသည်ဆိုလျှင် အနီးအပါးမှ လှည့်ထွက်သွားချင်၏။ မြတ်သစ္စာခိုင်က ခုံတန်းပေါ်တွင် ညင်သာစွာ ထိုင်လျက် မျက်လွှာချထားသည်။ နားမစွင့်သော်လည်း မကြားချင်သော စကားတွေကို နီးကပ်စွာ ကြားနေရသည်။

'သူစိမ်းတစ်ယောက် ညီမလေးဘေးနားမှာ ရှိနေပြီဆိုတော့ ကိုကိုပေါက်ကွဲရတာ'

'ကိုကို့ကို ညီမလေး သနားတယ်'

ဟု မြတ်သစ္စာခိုင် ပြောသည်။

'ကိုကို အသနားခံနေတာ မဟုတ်ဘူး ညီမလေး'

ဟု နေမျိုး ပြောသည်။

'မဖြစ်နိုင်မယ့် ကိစ္စကို ကိုကို ဇွတ်တရွတ် မလုပ်ပါနဲ့၊
ကိုကိုပဲ စိတ်ဆင်းရဲရလိမ့်မယ်၊ အဲဒီအခါ ညီမလေးလည်း ဘယ်လို
လုပ် စိတ်ချမ်းသာနိုင်မှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်ကိုယ်ကိုယ် အတန်တန် ထားထားတဲ့ ကြားက မတားနိုင်မဆီးနိုင် ဖြစ်ခဲ့ရတာပါ'

ရင်မောစွာ ပြောမိသည်။ ကြားနာနေသူကိုလည်း အားနာသနား၏။

နေမျိုးက မြတ်သစ္စာခိုင် နံဘေးတွင် ဝင်ထိုင်သည်။ မြတ်သစ္စာခိုင်၏ ဘေးတိုက်မျက်နှာကို မြတ်နိုးစွာ ငေးကြည့်လျက်…

'ကိုကို ကြားထားတဲ့ သတင်းကို မေးချင်တယ်'

'မေးလေ ဘာသတင်းမေးမှာလဲ'

'ရန်နိုင်ဘိုကို ညီမလေး အဆက်ဖြတ်လိုက်ပြီဆို'

နှုတ်ခမ်းဖိကိုက်သည်ကို တွေ့၏။ မျက်ဝန်းတွင် မျက်ရည်တွေ ဝေ့သည်။

'ဟုတ်လားဟင်'

'ဟုတ်တယ်'

ဟု ပြောသော စကားသံသည် တုန်ယင်နေ၏။

'ဘာဖြစ်လို့ ဖြတ်လိုက်တာလဲ၊ ကိုကို့ကြောင့်လား'

တုံ့ပြန်သံကို မကြားရ။

'ပြောလေ ညီမလေး၊ ဘာဖြစ်လို့ ဖြတ်လိုက်ရတာလဲ'

အမှန်တကယ် သိချင်လွန်းသော ကိုစ္စ။

ညင်သာစွာ ခေါင်းယမ်းသည်ကို မြင်သည်။ နားလည်



ခက်၏။ တစ်ဖက်ကို စွန့်ခွာလျက် သည်မှာဘက်သို့ ငဲ့ညာလိုသောကြောင့်လားဟု တွေးထင်မိသေးသည်။ ထိုအတွေးအတိုင်း ဟုတ်မှန်လျှင် ကောင်းလွန်းစွ။

'မသိချင်ပါနဲ့ ကိုကိုရယ်'

'သိသင့်တယ်ထင်လို့ မေးတာပါ၊ ဝန်လေးစရာ မဟုတ်ပါဘူး၊ ကိုကို့ကို ပြောပြစမ်းပါ'

ခေါင်းကိုသာ တွင်တွင်ယမ်းသည်။

'ခက်တာပဲ၊ ဒါလေးပြောတာနဲ့ ဘာဖြစ်မှာမို့လို့လဲ'

နေမျိုးဘက်သို့ မျက်နှာငဲ့သည်။ မျက်ဝန်းတွင် မျက်ရည်ရောင်တွေက တလဲ့လဲ့။

'ကိုကို စိတ်အနှောင့်အယှက် ဖြစ်သွားလိမ့်မယ်'

'ဟင့်အင်း မဖြစ်ဘူး၊ ပြော ညီမလေး စိတ်ထဲမှာရှိတဲ့အတိုင်းပြော'

နှုတ်ခမ်းတွေ တုန်ယင်နေ၏။

စကားစုအတွက် အားပြုနေရရှာသော နှုတ်ခမ်းပါး။

'ရန်နိုင့်ကို ညီမလေးဖြတ်လိုက်တာ အမှန်ပဲ၊ ဘာဖြစ်လို့ ဖြတ်လိုက်တာလဲဆိုတော့…'

စကားကို ရုတ်ခြည်းမဆက်။

ဆို့နင့်နေဟန် တူသည်။ ခေတ္တတန့်ပြီးမှ စကားဆက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကန်တော့နော် ကိုကို၊ ကိုကို နမ်းလိုက်တဲ့ ပါးကို ဘာမသိ ညာမသိနဲ့ ရန်နိုင်နမ်းမိမှာစိုးလို့'

'သူ ပထမဦးဆုံးနမ်းမယ့်အနမ်းဟာ ဒုတိယမြောက်ဖြစ်နေတာယ်ဆိုတာကို ညီမလေးပြောပြဖို့ ခက်လို့'

'ဘာ'

ဝုန်းခနဲ ထရပ်မိသည်။

ငလျင်လှိုင်းပေါ်သို့ ရောက်သွားသူဟု ကိုယ့်ကိုယ်ကိုယ်ခံစားရ၏။

'ညီမလေး ဖြစ်မှဖြစ်ရလေ ညီမလေးရယ်၊ ဖြစ်မှဖြစ်ရလေ၊ ကိုကို လူရမ်းကားကြီး ဖြစ်သွားရပြီပေါ့၊ ကိုကို…'

စကားသံ တစ်စွန်းတစ်စမျှ ပေါ်ထွက်မလာတော့။ ယောကျ်ားတန်မဲ့ မျက်ရည်စို့ခဲ့ရပေပြီ။

မြတ်သစ္စာခိုင်သည်လည်း မျက်နှာကို လက်ဝါးဖြင့် အုပ်လျက် ငို၏။ ဒန်းစင်၏ သံတိုင်ကို ခေါင်းဖြင့်ပစ်တိုက်လိုက်ချင်သည်။

လက်သီးဖြင့် ထိုးပစ်လိုက်ချင်သည်။

ညီမလေး အထိတ်တလန့် ဖြစ်မည်ကို မလိုလား။

❦ ❦ ❦



သက်နိုင် သက်ပြင်းချ၏။

'ငါ စိတ်မကောင်းဘူး နေမျိုး၊ မင်းတို့နှစ်ယောက်စလုံးအတွက် ငါ ခံစားရတယ်၊ တစ်မျိုးတော့ မထင်နဲ့ကွာ၊ ရန်နိုင်ဘိုကိုလည်း ကြားထဲက ငါ သနားတယ်'

နေမျိုးက ခေါင်းငိုက်စိုက် ချထားလျက်…

'ဘာပဲဖြစ်ဖြစ်ကွာ၊ မင်းပြောသလိုပဲ ငါ လူကြမ်းဖြစ်သွားပြီ၊ လူကြမ်းမှ တာကယ့်အယုတ်မာဆုံး လူကြမ်း၊ ငါ ညီမလေးကိုတောင်းပန်မယ်၊

ပြီးတော့ ငါ့စိတ်ထားတွေ ဖြူစင်သန့်ရှင်းအောင် ငါကြိုးစားတော့မယ်၊ တွေးလိုက်တိုင်း ငါ ငိုချင်တယ်ကွာ'

သက်နိုင်က နေမျိုး၏ ပခုံးပေါ် လက်တင်လျက်…

'ဖြေပေါ့ကွာ၊ တရားနဲ့ပဲ ဖြေပေါ့၊ ဖြစ်ချင်တိုင်းမဖြစ်၊ ဖြစ်ချင်တိုင်း ဖြစ်ဆိုတာ အရိုးစင်းဆုံးနဲ့ အမှန်ကန်ဆုံး တရားပဲ၊ မင်းစိတ်ထားတွေ ဖြူစင်သန့်ရှင်းအောင် ကြိုးစားမယ်ဆိုလို့ ငါဝမ်းသာပါတယ်ကွာ၊ ဂုဏ်လည်းယူပါတယ်'

ဂုဏ်ယူသူ၏ နှစ်သိမ့်သံသည် ပုံမှန်မဟုတ်။ တူမျှခံစားရသည်ဟု နားလည်၏။

ချစ်ခြင်းမေတ္တာဟူသည်ကား အပြစ်အနာအဆာ ကင်းလွန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်မိသူဟူသမျှကို အပြစ်ရှိသူများဟုံ မယူဆစကောင်း။

မျိုးသိပ်စွမ်းအား လျော့ပါးရခြင်းသည်ပင်လျှင် အပြစ်သင့်ခြင်း၏ အရင်းအမြစ်။

❦ ❦ ❦

(၂)

ကားကို ကမန်းကတန်းရပ်သည်။ အိမ်ထဲသို့ ပြေးဝင်၏။ ညီမလေးရေဟု အော်ခေါ်ချင်သော်လည်း မာမီ့ကို အားနာသဖြင့် အော်မခေါ်ဖြစ်။ ဧည့်ခန်းထဲတွင် ပုတီးစိပ်လျက် လမ်းလျှောက်နေသော မာမီ့ကို တွေ့သည်။ မာမီက သူ့ကို ပြုံး၍ ကြည့်၏။ သူက ပြုံးလျက်…

'မာမီ ညီမလေးရော'

ဖြူစင်စွာ မေးမိသော အမေးဟု ညီမလေး သိစေချင်သည်။

'စောစောက နှင်းသန္တာ လာသွားတယ် သားရဲ့၊ သမီးရော နှင်းသန္တာရော အပြင်ထွက်သွားကြတယ်၊ မုန့်ထွက်စားတာလား၊ နှင်းသန္တာကို လိုက်ပို့တာလား မသိပါဘူး'

အမြန်ပြန်လာပါစေဟု ဆုတောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



'သြော်'ဟု ပြောပြီး ဆက်တီပေါ်တွင် ဝင်ထိုင်သည်။ တူရှုတွင် မာမီထိုင်၏။

'မနက်ဖြန် ညနေ သား ဘယ်သွားစရာရှိလဲ'

'မရှိပါဘူး မာမီ၊ ဘာကိစ္စရှိလို့လဲ'

မာမီက ပြုံးလျက်...

'မနက်ဖြန် ညနေ မဥ္ဇူတို့အိမ် သွားကြမယ်လေ'

'အခုသွားလည်း ရတာပဲ မာမီရဲ့၊ သား အားနေသားပဲ'

မာမီ ခေါင်းယမ်း၏။

'မနက်ဖြန်မှ သွားရမှာ သားရဲ့၊ မာမီမိတ်ဆွေတွေကိုလည်း အခုပင် ဖုန်းဆက်လိုက်တယ်၊ မနက်ဖြန်ညနေမှ လာဖို့'

နေမျိုး မျက်ခုံးတွန့်၏။

'ဘာအတွက်လဲ မာမီ'

မာမီက နေမျိုးခေါင်းကို လှမ်းပုတ်လျက်...

'သားနဲ့မဥ္ဇူနဲ့စေ့စပ်ဖို့လေ'

'ဗျာ'

မမျှော်လင့်သော ကိစ္စ။ မထင်မှတ်သော စကား။ အကြား အာရုံ ကောင်းမွန်ခဲ့သော နားအစုံကို အပြစ်ဖို့မိသည်။

'အာ... မာမီကလည်း မဟုတ်ကဟုတ်က'

'ဘယ်နှယ် မဟုတ်က ဟုတ်ကရမှာလဲ၊ မာမီ စီစဉ်ထား



တာ ကြာလှပြီ၊ သားကိုသာ မာမီက အသိမပေးဘဲ ထားတာ၊ မဥ္ဇူ မိဘတွေက မဥ္ဇူကို ကြိုပြီး အသိပေးထားတာ၊ ကျောင်းမပြီး ခင် ကတည်းက'

မဥ္ဇူ၏ စကားသံတွေကို ပြန်လည်ကြားယောင်သည်။

'နင် ဘယ်သူ့ကို စိတ်ဝင်စား စိတ်ဝင်စားဖြစ်နိုင်မှာ မဟုတ်ဘူး'

'ဘာကြောင့်မဖြစ်နိုင်ရမှာလဲ'

'ဘာကြောင့် မဖြစ်နိုင်လဲဆိုတာကို တစ်ချိန်ချိန်မှာ နင်သိမှာပေါ့'

နားနှစ်ဖက်ကို ယောင်၍ ပိတ်လိုက်မိသည်။

'မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး'

မသိစိတ်က အော်လိုက်မိသလား။ သိစိတ်ကအော်ဟစ်မိ သလား မပြောတတ်။ လွှတ်ခနဲ ထွက်သွားသော စကားသံကြောင့် မာမီ မျက်နှာပျက်သွားသည်။

'ဘာပြောတယ် သား၊ ဘာလို့မဖြစ်နိုင်ရမှာလဲ'

မျက်မှောင်ကြုတ်၍ မေးသည်။

ပြောမည့်စကားကို ဆင်ခြင်ရမည်မှန်း သိ၏။

'ဟို... ဟို... သားနဲ့မဥ္ဇူနဲ့က သူငယ်ချင်းတွေပဲ၊ ဒီလို ကိစ္စမျိုးလုပ်လို့ မသင့်တော်ဘူး ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



မာမီ မဲ့ခနဲပြုံးသည်။

'သင့်တော်တယ်ထင်လို့ လူကြီးတွေက စီစဉ်ထားတာပေါ့ သားရဲ့'

'သား လွတ်လွတ်လပ်လပ်ပဲ နေချင်သေးတယ် မာမီ'

'အိမ်ထောင်ကျတိုင်း လွတ်လပ်ခွင့် ဆုံးရှုံးတာမှ မဟုတ်တာ၊ ဘဝအဖော် တိုးလာတဲ့အတွက် ပိုပြီးတော့တောင် ခရီးတွင်ဦးမယ်'

'သား မဋ္ဌူကို မချစ်ဘူး'

စုံမှိတ်၍ ပြောလိုက်မိသော စကား။ ပြောပြီးမှ မာမီ့ကို အားနာသည်။

'သား ဘာဖြစ်လို့ မာမီ့စကားတွေကို ဆန့်ကျင်နေရတာလဲ' ငိုသံမကင်း။

'ဘာလဲ သား၊ မာမီက သားရဲ့အမေအရင်းမဟုတ်လို့လား၊ အမေအရင်းမဟုတ်လို့ မာမီ့ဆန္ဒတွေကို ငြင်းပယ်နေတာလား သားရယ်'

မာမီ မျက်ရည်တွေ စီးကျ၏။ ထိုင်ရာမှ လျှင်မြန်စွာထသည်။

မာမီ့ရှေ့တွင် ဒူးတုပ်လျက်...

'မဟုတ်ဘူး မာမီ၊ အဲဒါကြောင့် မဟုတ်ဘူး၊ သားကို



ထင်မလွဲပါနဲ့ မာမီရယ်၊ သား မာမီ့ဆန္ဒကို မငြင်းပါဘူး၊ မငြင်းတော့ပါဘူး'

မာမီ့ရင်ခွင်ထဲသို့ ဝင်ပစ်လိုက်သည်။

မာမီ့ကို သူ ဖက်၍ငို၏။ အံကြိတ်ထားသည့် ကြားက ...မျိုး မျက်ရည်တွေ ကျသည်။ မဋ္ဌူနှင့် စေ့စပ်ရသောကြောင့် ...မ်းနည်း၍ ငိုခြင်းမဟုတ်။ ချစ်သော မိခင်အား ဆန့်ကျင်စကား ...မိသောအဖြစ်ကို တွေးမိသဖြင့် ဝမ်းနည်းစိတ် ဖြစ်ရချေသည်။ ...ကြောင့် မာမီငိုခြင်းသည် သည်တစ်ခါ ပထမဦးဆုံး။ တွေးရင်း ...တွေးရင်း ကိုယ့်ကိုယ်ကိုယ် အပြစ်ဖို့၏။ မာမီခွင့်လွှတ်ပါလိမ့်မည်။

၏ ၏ ၏

စေ့စပ်ကြောင်းလမ်းခြင်း သတင်းစာထဲတွင် ပါသောနေ့က ...ငယ်ချင်းတွေ အံ့သြကြသည်။ စေ့စပ်ပွဲတွင် မည်သည့် သူငယ် ...င်းကိုမှ မဖိတ်ကြား။ စိတ်ဆိုးသူ ရှိသကဲ့သို့ ရိပ်စားနားလည်သူ ...လည်း ရှိသည်။ စာဖတ်ပရိသတ် တချို့က ဖုန်းဆက်၍ ...တောင်းစကား ဆိုကြ၏။

သတင်းစာထဲတွင် ပါသည့်နေ့ မွန်းလွဲပိုင်းတွင် တယ်လီ ...း မြည်သံကြားသည်။ စကားပြောခွက်ကို ကောက်ကိုင်လိုက်ပြီး ...ပြုလိုက်သောအခါ...

www.burmeseclassic.com

www.burmeseclassic.com



'နေမျိုး'

သက်နိုင်၏ အသံဟု သိ၏။

'သြော်… သက်နိုင်၊ မင်း ဘာကြောင့် ဖုန်းဆက်တယ်ဆို တာ ငါ သိပါတယ်'

'သိရင်လည်း ပြီးတာပဲပေါ့၊ ကဲ… ဆိုစမ်းပါဦး၊ ဖြန့်စားကြီး ဘယ်လိုဖြစ်တာလဲ'

'လူချင်းတွေ့မှ ပြောမယ်ကွာ'ဟု နေမျိုး ပြောသည်။ သက်နိုင်က လူချင်းတွေ့မှ သိရမယ့်အချိန်အထိ မစောင့်နိုင်လို့ ငါ ဖုန်းဆက်တာကွ၊ ငါတင် မဟုတ်ဘူး၊ ညှိုအေးရော၊ နွေသက်ရော၊ တအံ့တသြ ဖြစ်နေကြတယ်၊ ညှိုအေးကတောင် ပြောသေးတယ်၊ မင်းကို ခုတ်ရာတလွဲ ရှရာတခြားတဲ့'ဟု ပြော၏။ ရင်တွေလှစ်ခနဲ ခံစားရသည်။

'မင်း ဖန်တီးတဲ့ကိစ္စလို့တော့ ငါ မထင်ဘူး နေမျိုး'

နေမျိုးက ဖုန်းကိုကိုင်လျက် ဟိုသည်ကြည့်သည်။ အနီးအပါးတွင် မည်သူ့ကိုမှ မတွေ့သဖြင့်…

'ဟုတ်တယ် သက်နိုင်၊ မာမီ့ကို စိတ်အနှောင့်အယှက် မဖြစ်စေချင်လို့ ငါ ခေါင်းညိတ်လိုက်တာ၊ ဘယ်သူငယ်ချင်းကိုမှ ငါ မဖိတ်ဘူး၊ ဘာကြောင့်လဲဆိုတာ မင်း သိမှာပါကွာ'

ဧဒနာတွေ ကြေးနန်းအတွင်းမှ စီးမျောကူးလူးသွားသည်ဟု ထင်၏။



'မဈှူကို မင်းစိတ်မဝင်စားတာ၊ မဈှူသာသိရင် စိတ်မကောင်းဖြစ်မှာ အမှန်ပဲ'

ဟု သက်နိုင်ပြော၏။

'ဟန်ဆောင် အကောင်းဆုံး လူတစ်ယောက်ဖြစ်အောင် ငါ ကြိုးစားနေထိုင်နိုင်ပါတယ်'

'ဘာပဲဖြစ်ဖြစ်ပေါ့ကွာ၊ မင်္ဂလာဆောင်ရင်တော့ လူစုံတက်စုံဖိတ်ပါ'

'မကျိုစားပါနဲ့ သူငယ်ချင်းရာ'ဟု နေမျိုး ပြောသည်။

'မင်းတစ်သက်လုံး စိတ်ဆင်းရဲနေမှာကို ငါ မလိုလားဘူး နေမျိုး'

'သင်ထားတဲ့ အသိပညာတွေရယ်၊ သိက္ခာတွေရယ်၊ နှစ်ဦးနှစ်ဖက် နားလည်မှုရယ်၊ အဲဒါတွေ အသုံးပြုပြီး ရှေ့ဆက်ရင် ငါ စိတ်အနှောင့်အယှက် သိပ်ဖြစ်မှာ မဟုတ်ပါဘူး၊ ပြီးတော့ မဈှူဆိုတာ သူစိမ်းမဟုတ်ဘဲ၊ ငါ့သူငယ်ချင်းပဲ'

'ဒါနဲ့ မေးရဦးမယ်၊ မင်းရဲ့စိတ်ထားတွေ သန့်ရှင်းသွားပြီဆိုတာ မြတ်သစ္စာခိုင်ကို ပြောပြလိုက်ပြီလား'

သက်ပြင်းချမိသည်။

'ညီမလေးကို အဲဒီအကြောင်းမပြောခင် မာမီက မဈှူနဲ့ စေ့စပ်ဖို့ ငါ့ကိုပြောတာ၊ မဈှူနဲ့ စေ့စပ်တယ်ဆိုတာ သိပြီးတော့မှ

www.burmeseclassic.com

www.burmeseclassic.com



ညီမလေးအပေါ် သဘောထားပြောင်းသွားပါပြီလို့ ညီမလေးကို ငါ ပြောရင် ရယ်စရာဖြစ်နေမှာပေါ့'

'ဟင်... ဒါဆို အခုထိ မပြောဖြစ်သေးဘူးပေါ့၊ ဟုတ်လား'

'အခုမှ ပြောလို့ အဓိပ္ပာယ်တစ်မျိုး ဖြစ်သွားမှာပေါ့ကွာ'

'မင်း ကကယ်ရော ဖြူစင်နိုင်ပြီလား'ဟု သက်နိုင်က မေးသည်။

'ဖြူစင်နိုင်အောင် ကြိုးစားပြီးပြီပဲကွာ'

'ဟင်း... ဟင်း... လေသံက ပျော့တယ်၊ ကိုယ့်ကိုယ်ကိုယ် ညာနေတဲ့ လေသံမျိုးပဲ'

'အခြေအနေက ဒီအတိုင်းဖြစ်ဖို့ ဖန်တီးခဲ့တာပဲ မဟုတ်လား'

'ဒါပေမဲ့ကွာ၊ ညီမလေး စိတ်နှလုံးမချမ်းမြေ့မယ့် စကား အမူအရာ အားလုံးကို ငါ ဆင်ခြင်ထားပါတယ်'

ခြေသံကြားသဖြင့် ငုံ့ကြည့်မိသည်။ သူ့ကို တွေတွေကြည့်နေသော မြတ်သစ္စာခိုင်ကို တွေ့၏။ စကားပြောခွက်ကို လွှတ်ချလိုက်မိသည်။ ပြောဆိုနေသမျှ စကားတိုင်းကို မြတ်သစ္စာခိုင် ကြားပြီးခဲ့ပေပြီ။

❀ ❀ ❀



တစ်ခုခုကို ပြတ်သားစွာ ဆုံးဖြတ်ရလိမ့်မည်ဟု မြတ်သစ္စာခိုင် နားလည်သည်။ တစ်စထက်တစ်စ ဆိုးရွားစရာသာ ရှိတော့မည့်သော အခြေအနေဟု တွေးသိသည်။ သူ့ကြောင့် ပြဿနာတစ်စုံတစ်ရာ ပျက်စီးခြင်း တစ်စုံတစ်ရာကိုလည်း ကြုံရမည်လည်း စိုး၏။ သူ့ကို နေမျိုးတစ်ယောက် မြင်တွေ့နေလျှင် မြင်တွေ့နေသည်နှင့်အမျှ ခံစားကြေမြည့်မည်ကို မလိုလား။

ကိုကိုနှင့် ဝေးရာ တစ်နေရာရာကို သွားချင်သည်။ မခွဲချင်သော်လည်း ခွဲမှဖြစ်မည်ဟု ဆင်ခြင်၏။ ကိုကို့မျက်နှာကို မြင်နေရလျှင် အလိုလိုနေရင်း ငိုချင်သည်။ ကိုကို့ခမျာ သူ့ကို မြင်နေရလျှင် ညီမလေးဟု တဖွဖွခေါ်၏။ ချိုသာစွာ ပြောဆိုသည်။ ဖြူစင်သန့်ရှင်းဟန်ကို အခွင့်သင့်တိုင်း ပြ၏။ နှလုံးသည်းခြေ၏ ဆန္ဒကို ဖုံးထဲစွာကာရံထားသော်လည်း ထွင်းဖောက်၍ မြင်နေရချေသည်။

စာနာသနားမိသည် မှန်သော်လည်း အရာရာသည် ဝါတိုင်းရည်းရှိ။ လူမှုဝန်းကျင်တွင် နေထိုင်ရသောကြောင့် ဝန်းကျင် အသိုင်းအဝိုင်း၊ ဓလေ့အစဉ်အလာကို ဖွန်းထင်စေသူ မဖြစ်စေရေးအတွက် ကိုယ့်ကိုယ်ကိုယ် ထိန်းမတ်သည်။ ကိုကို့ကို စိတ်ချမ်းသာစေချင်သည်။ ပြုံးနေပျော်နေသည်ကို မြင်ချင်သည်။

ကိုကိုသည် ပြုံးရွှင်နေ ပျော်မြူးနေဟန်ကို အခါခါပြသော်လည်း ကိုကို့မျက်လုံးတွေမှာ ပါးလှပ်စွာပေါ်လွင်နေသော ဝေဒနာ

www.burmeseclassic.com

www.burmeseclassic.com



အရိပ်တွေကို တွေ့၏။ ဝေဒနာခြေရာတွေကို မြင်၏။ ထင်ရာမြင်ရာ တစ်ခုခု လုပ်သွားမည်ကို စိုးထိတ်သည်။

လက်ရှိကာလတွင် လက်ရှိအခြေအနေထက် တစ်ဆံချည် လျှော့ပါးမသွားဖို့အတွက် ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာ ချမှတ်လိုက်သည်။ အပူမကင်းသူ၏ ရှေ့မှောက်သို့ ရောက်ရှိနေသော လောင်စာဟု ကိုယ့်ကိုယ်ကိုယ် မှတ်ပိုက်၏။ လောင်စာနှင့်မီး အဝေးကြီးဝေးမှ ဖြစ်ပေမည်။ မီးဝေးလျှင် ချိပ်အေးစမြဲ။

❦ ❦ ❦

(၃)

သားအမိနှစ်ယောက် ကြုံဆုံချိန်ကို တမင်ရွေး၍ ပြောမိသည်။

'ရွာမှာသွားပြီး သမီးကျောင်းဆရာမ လုပ်ချင်တယ် မာမီ'

ကွတ်ခနဲ မျက်နှာပျက်သွားသော ကိုကို့မျက်နှာကို သတိပြုမိ၏။ မြတ်သစ္စာခိုင်က မာမီ့ဘက်သို့ ကြိုးစား၍ မျက်နှာပမူရင်း...

'လုပ်ချင်တယ်ဆိုတာထက် လုပ်ဖို့စဉ်းစားသွားပြီးပြီ'ဟု ပြော၏။ မာမီက အံ့သြဟန်မပြ။

'သမီးတစ်ယောက်တည်းလား'

'တစ်ယောက်တည်း မဟုတ်ဘူး မာမီ၊ နှင်းသန္တာနဲ့ အတူ သွားမှာ၊ သမီးရဲ့မွေးဇာတိကို သမီးတစ်သက်လုံး ကျေးဇူးဆပ်ချင်တယ်'

မာမီသည် ကျေနပ်စွာ ပြုံးနေ၏။ နေမျိုးက...

'ညီမလေးမှ ကျောင်းမပြီးသေးဘဲ'

ကြိုးစားအားယူလျက် ပြုံးရင်း...

www.burmeseclassic.com

www.burmeseclassic.com



'ကော်ရက် (စ်) ပြောင်းမယ်လေ ကိုကို၊ ကျောင်းပြီး အထိ မစောင့်ချင်ဘူး၊ ရွာက ကလေးတွေကို စာသင်ချင်လှပြီ'

နှုတ်ဆွံ့သွားသော ကိုကို့ကို ကြည့်လျက် ရင်နင့်ရသည်။

မာမီက…

'သမီးအစီအစဉ်ကလည်း မြန်းစားကြီး၊ တခြားကိစ္စ ရင် မာမီ ခွင့်ပြုမှာ မဟုတ်ဘူး၊ အခုဥစ္စာက သမီးရဲ့ လူမှု စိတ်ဓာတ်ကို မာမီ ဂုဏ်ယူလို့ ခွင့်ပြုတာ၊ ကျောင်းတွေဖွင့်ဖို့ လိုသေးသားပဲ၊ သမီးက ဘယ်နေ့လောက်သွားမှာလဲ'

'တစ်ရက်နှစ်ရက်အတွင်း သွားချင်တယ် မာမီ'

'အံမယ်လေး ဒီလောက်မြန်မြန်ကြီးတော့ မသွားပါနဲ့' မြတ်သစ္စာခိုင်က 'ဟိုမှာနေဖို့ထိုင်ဖို့ စီစဉ်ရဦးမယ်လေ' ဟု ပြောသည်။

မာမီက…

'ဟုတ်ပါတယ်၊ မာမီ သဘောပေါက်ပါတယ်၊ သမီး မှာ ဒီမောင်နှမနှစ်ယောက်ပဲ ရှိတာ၊ ကိုကို မင်္ဂလာဆောင်တဲ့အ မှာ သမီးရှိစေချင်တယ်'

'မရှိချင်ဘူး မာမီ'ဟု မပြောဖြစ်။ ဆန္ဒစကားကြေ စိမ်းကားခါးသီးလွန်းသည်ဟု ထင်မြင်မှာစိုး၏။ ဘာပြောရမည် သည်။ စကားရှာမရ။

'သမီးက နောက်အကျဆုံး လေးငါးဆယ်ရက်အ သွားချင်တာ'



လေသံဖျော့၍ ပြောသည်။ မာမီက ကျေနပ်စွာ ပြုံးလျက်

'ဒါဆို မင်္ဂလာပွဲကို လေးငါးဆယ်ရက်အတွင်းမှာ စီစဉ် လိုက်မယ်လေ၊ ဟုတ်ပြီလား'

ခေါင်းညိတ်ဖို့ မေ့နေသည်။ အတန်ကြာမှ ခေါင်းကိုဆတ် ဆတ်ညိတ်၏။

နေမျိုးသည် ထိုင်ရာမှထလျက် ကက်ဆက်ဖွင့်သလိုလို စာအုပ်ရှာမလိုလို၊ ဗွီဒီယိုဖွင့်မလိုလိုပြုလျက် ဧည့်ခန်းအတွင်းမှ ထွက် သွားသည်။ အသံမဲ့စွာ တားဆီးသွားသည်မှန်း သိ၏။

❀ ❀ ❀

ကျောင်းဝင်းထဲမှ အထွက်တွင် အင်းလျားလမ်းအတိုင်း ကားကိုမောင်း၏။ ဝဲဘက်တစ်လျှောက်တွင် ကံ့ကော်ပင်တွေကို တွေ့သည်။ ရွက်နုတို့ ညွှန့်ဖူးခါစ။

'မနက်ဖြန် မင်္ဂလာဆောင်ရတော့မယ်နော် နေမျိုး'

မညူ၏ အမေးစကား။

ကားကို ဘီးလိမ့်ရုံသာ မောင်းသည်။ နေမျိုးက ခေါင်း ညိတ်ရုံသာ ညိတ်၏။

မညူက…

'နင့်ကိုငါ အခုမှ မေးရဦးမယ်'

အင်းလျားကန်စောင်း ပန်းခြံကို လွန်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်တန်းဘက်သို့ ကားကိုကွေ့ဝင်လိုက်၏။

'နှင် ငါ့ကိုချစ်ရော ချစ်ရဲ့လား'

ကားသော့ကို ပိတ်သည်။ စက်သတ်ပြီးသောအခါမှ မဥ္ဇူ တံခါးကိုဖွင့်သည်။ ပြတင်းမှန်ကို တစ်ဝက်သာသာ မြှင့်၏။ မဥ္ဇူက လည်း ထိုနည်းလည်းကောင်း၊ ခပ်လှမ်းလှမ်းရှိ အအေးဆိုင်တွင် ထိုင်သည်။ ညနေစောင်းစဖြစ်သဖြင့် ဆိုင်အတွင်း လူမစည်ကား သေး။ ရေခဲမုန့်မှာပြီးသောအခါ မဥ္ဇူက...

'ပြောလေ၊ ငါ မေးတာ'

'ဘာကိုလဲ'

'စောစောက မေးတာလေ'

သက်ပြင်းမောကို မှုတ်ချလိုက်ရသည်။

'ငါရော နှင်ရော ဆယ်ကျော်သက်တွေမှ မဟုတ်တော့တာ'

'လေသံကိုက စာရေးဆရာ လေသံမျိုး၊ ငါ စိုးရိမ်လို့ပါ၊ နှင့်မှာ ချစ်သူရည်းစားရှိလျက်နဲ့ ငါနဲ့လက်ထပ်ရတယ်ဆိုရင် ကြားထဲ က ငါ တရားခံဖြစ်နေဦးမယ်'

စကားလမ်းကို လွှဲစေလိုသဖြင့်...

'နှင့်မှာ ရည်းစားရှိရင်လည်း ငါက တရားခံ'

'အံမယ်... ငါ့မှာ နပ်(သ်)သင်း(န) ဘာရည်းစားမှ မရှိ ဘူး၊ မာမီနဲ့ ဒယ်ဒီက ငါ့ကိုပြောထားတာ ကြာလှပြီ၊ ပညာစုံရင် နှင်နဲ့စုလျားရစ်ပတ် လက်ထပ်ရမယ်တဲ့'



ပြုံးလျက်ပြောသည်။

စီးကရက်တစ်လိပ်ကို မီးညှိ၏။

'ပြောလေ၊ ငါမေးတာ'

'ပြောပြီးပြီပဲ'

'ဝေ့လည်ကြောင်ပတ် ပြောခိုင်းတာ မဟုတ်ဘူး၊ တိတိ ကျကျ ပြောခိုင်းတာ'

စီးကရက်ကို ရှိုက်သည်။ မီးခိုးတွေကို မှုတ်ထုတ်ပြီး...

'နှင်ရော ငါ့ကိုချစ်လို့လား'

'ဟွှဲ... မချစ်မနှစ်သက်မှတော့ မင်္ဂလာဆောင်တဲ့အထိ ခေါင်းညိတ်နေပါ့မလား'

စိတ်မကောင်းခြင်းဖြစ်ရသည်။

'ငါလည်း နှင့်လိုပဲပေါ့'

ပြီးစလွယ် ပြောမိသဖြင့် တစ်ဖက်သားကို အကြီးအကျယ် ထားနာ၏။

'ငါက ပွင့်လင်းတာ ကြိုက်တယ် နေမျိုး၊ နှင့်ကိုကြည့်ရ တာ ရည်းစားပူမိနေသလိုမျိုးပဲ၊ ရုပ်ရှင်တွေထဲကလို မိဘပေးစား တာ ယူပြီး တစ်သက်လုံး အသည်းကွဲသမားကြီးအဖြစ်နဲ့ ပရိသတ် ကိုက မျက်ရည်ချူတဲ့အလုပ်မျိုး မလုပ်စေချင်ဘူး၊ အဲဒါ လူပျော့ တွေအလုပ်၊ ဒါပေမဲ့ ငါ စုံစမ်းရသလောက်တော့ နှင့်မှာ ရည်းစား ရှိဘူး'

www.burmeseclassic.com

www.burmeseclassic.com



လှပစွာ ပြုံးလျက်ပြောသည်။

နေမျိုး ပြန်ပြုံး၏။

'ငါမသိအောင် ရည်းစားရှိနေရင်လည်း ပြော၊ အချိန်ရှိ သေးတယ်၊ မင်္ဂလာဆောင်က မနက်ဖြန်မှ'

ပြောပြီး ဟက်ဟက်ပက်ပက် ရယ်မောသည်။ ရေခဲမုန့် တစ်ပွဲ ရောက်လာ၏။ မဥ္စူက နေမျိုးရှေ့သို့ တိုးပေးသည်။

ရေခဲမုန့်ကို အနည်းငယ်စားရင်း...

'မြတ်သစ္စာခိုင်က တောမှာ ဆရာမ သွားလုပ်မလို့ဆို'

ခေါင်းညိတ်သည်။

ကျောင်းလည်း မပြီးသေးဘဲနဲ့...

'မသိပါဘူးဟာ၊ ဘာစိတ်ကူးပေါက်သလဲ မပြောတာ ဘူး၊ သူ့သူငယ်ချင်း နှင်းသန္တာနဲ့ သွားကြမှာ'

မဥ္စူက...

'အစတုန်းက ငါ ထင်နေတာ နင်နဲ့အဲဒီနှင်းသန္တာနဲ့ ကြိုက် နေတာ အောက်မေ့လို့'

နေမျိုးက မျက်မှောင်ကြုတ်၍ ကြည့်ပစ်လိုက်သည်။

မဥ္စူက သူ့ကို ရွှန်းလဲ့စွာ ကြည့်လျက် ပြုံးပျော်ရွှင်မြူး ချေ၏။ ဝေမျှ ပျော်မြူးလိုက်ချင်သည်။

ဆ ဆ ဆ

(၄)

'ဘယ့်နှယ်လဲ မမဥ္စူ၊ ကျွန်တော့်သူငယ်ချင်းကို စာဆက် ရေးနိုင်းမှာလား'ဟု သက်နိုင်မေးသည်။ မဥ္စူက...

'မရေးနိုင်းချင်တော့ဘူး'

အရွှန်းစကားမှန်း သိသည်။ သိလျက်နှင့် သက်နိုင်က...

'ဟာ... ဘာဖြစ်လို့လဲ'

'ဪ... စာရေးနေရရင် ကျွန်မအနားမှာ မရှိမှာစိုးလို့ ပေါ့'

သူငယ်ချင်းတွေအကုန်လုံး ရယ်မောကြသည်။ လျှစ်တက်စုံ ပဲဟု နေမျိုး ပြော၏။

မဥ္စူက...

'ကိုညီအေးတစ်ယောက်ရော'ဟု မေးသည်၊

နေမျိုးက မဥ္စူဘက်သို့ ငဲ့ပြီး...

www.burmeseclassic.com

www.burmeseclassic.com



'ညီအေးက သူ့အဖေနဲ့ စကားများပြီး အိမ်မှာမနေတော့ဘူး၊ အင်းစိန်မှာ သွားနေတယ်'

'အင်းစိန်မှာ ဘယ်သူရှိလို့လဲ'ဟု မဥ္ဇူမေးသည်။

'အင်းစိန်က သူ့ယောက္ခမလောင်း အိမ်မှာ သွားနေတာ'

'အင်းစိန်မှာ ရှိလျက်နဲ့များ မင်္ဂလာဆောင်ကို မလာဘူး'

မဥ္ဇူက မကျေနပ်စွာ ပြောသည်။ နှုတ်ဆက်သံတွေ သီချင်းသံတွေကြားမှ သက်နိုင်က…

'ညီအေး ယောက္ခမတွေက ညီအေးကို အပြင်မထွက်နိုင်သေးဘူး၊ သတို့သမီးကို အတည့်မယူမှာ စိုးလို့တဲ့'

'တကယ်'

'တကယ်ပြောတာပါ'ဟု နွေသစ် ဝင်ပြောသည်။ မဥ္ဇူ စကားသံ တိတ်၏။ ခပ်လှမ်းလှမ်းရှိ စားပွဲဝိုင်းသို့ မဥ္ဇူလှမ်းကြည့်သည်။ မဥ္ဇူ၏ မိတ်ဆွေတွေကို ခန့်မှန်း၏။ 'နေမျိုး နင် နေချင်နေခဲ့၊ ငါ ဟိုဘက်ဝိုင်း ခဏသွားလိုက်ဦးမယ်'ဟု ပြောသွားသည်။ နေမျိုး ခေါင်းညိတ်၏။ သက်နိုင် ဘေးတွင် ဝင်ထိုင်သည်။

'မင်း ညီမလေးရော'ဟု သက်နိုင်မေးသည်။

နေမျိုးက ဟိုမှာဟု လက်ညှိုးညွှန်ပြ၏။

လှမ်းအကြည့်နှင့် ဆုံသည်။ မျက်နှာ ငွမ်းငွမ်းလေးကို တွေ့၏။



'သူက ဘယ်နေ့သွားမှာတဲ့လဲ'

လေသံသဲ့သဲ့ဖြင့် မေးသည်။

'တစ်ရက်နှစ်ရက်အတွင်းပေါ့ကွာ'

'မင်းက မတားဘူးလား'

'မသွားစေချင်တာကို သူ သိပုံရပါတယ်၊ ငါ အတင်းအကြပ် မတားချင်ဘူး၊ အဓိပ္ပာယ်တစ်မျိုး မြင်မှာ စိုးလို့'

သက်နိုင် ခေါင်းညိတ်သည်။ စီးကရက်ကို ဖွာရင်း နေမျိုးမျက်နှာအား တိုးကပ်လျက်…

'တစ်ခုတော့ ပြောချင်တယ် နေမျိုး၊ မင်းရဲ့ကိုယ်စိတ်နှစ်ပါးစလုံး မဥ္ဇူဆီမှာပဲ ထားလိုက်ပါတော့၊ အခုကစပြီးတော့ပေါ့လေ'

နေမျိုး ခေါင်းညိတ်သည်။ စီးကရက် မီးခိုးငွေ့မျက်လုံးထဲသို့ ဝင်၏။

❦ ❦ ❦

မဥ္ဇူက အခန်းထဲတွင် အဝတ်အစား လဲနေသည်။ နေမျိုးက တိုက်ပုံအင်္ကျီချွတ်ပြီးခါစ…

'သားရေ'

မာမီခေါ်သံကို ကြားသည်။

'မာမီ ခေါ်နေတယ်'

www.burmeseclassic.com

www.burmeseclassic.com



ဟု မဥ္စု ပြော၏။

နေမျိုးက မာမီရှိရာသို့ သွားသည်။ မာမီ့ကို တွေ့သော် မာမီက ပြုံးလျက်…

'သား ညီမလေးကို သွားချော့လိုက်ပါဦး'

'ဘာဖြစ်လို့လဲ မာမီ'

စိုးရိမ်စွာ မေးမိသည်။

'ဘာဖြစ်ရမလဲ၊ အစ်ကို မိန်းမယူတော့ နှမက ငိုနေတာပေါ့၊ အခန်းထဲမှာ တော်ကြာ မဥ္စု တွေ့သွားလို့ စိတ်မကောင်းဖြစ်နေဦးမယ်၊ သွား… သား၊ သွားချော့လိုက်၊ မာမီက သမီးကိုကြည့်ပြီး ရယ်ချင်နေလို့၊ ကလေးကျနေတာပဲ'

ကြိုးစား၍ ပြုံးသည်။ မာမီ့ရှေ့မှ ထွက်ခဲ့၏။

မြတ်သစ္စာခိုင်၏ အခန်းဝသို့ ရောက်သည်။ ငိုရှိုက်သံကို မကြားရ။ အခန်းတွင်းသို့ ဝင်သော် ပြတင်းပေါက်၏ ပြင်ပသို့ ငေးကြည့်နေသော မြတ်သစ္စာခိုင်၏ နောက်ကျောကို တွေ့၏။ ရှည်လျားသော ကေသာသည် ပြတင်းလေကြောင့် အခန်းတွင်း၌ လှိုင်းကဲ့သို့ နွဲ့နေ၏။

ငုပ်လျှိုးခါစ နေခြည်သည် တစ်ခုခုကို နှုတ်ဆက်သွားသယောင် ရှိ၏။

'ညီမလေး'



လေးပင်စွာ ငဲ့ကြည့်သည်။ ငဲ့အကြည့်တွင် မျက်ရည်ပေါက် ချို့ လွှင့်စဉ်၏။ ရင်နင့်ရချေသည်။

'ဘာဖြစ်လို့ ငိုနေတာလဲ ညီမလေးရယ်'

ခေါင်းယမ်းလျက် မျက်ရည်တွေကို သုတ်၏။

'ဘာမှမဖြစ်ပါဘူး ကိုကို'

'ဘာကြောင့်ပဲဖြစ်ဖြစ် မငိုပါနဲ့ ညီမလေးရယ်'

ပြောရင်း မျက်ရည်တွေကို သုတ်ပေးသည်။

မျက်ရည်သုတ်ပေးသော လက်ကို မြတ်သစ္စာခိုင်က ဖွဖွ ပြီး ဖယ်ခွာသည်။ သူ့ဘာသာ မျက်ရည်သုတ်၏။

'ရတယ် ကိုကို၊ ညီမလေး မငိုတော့ပါဘူး'

ကြည်လင်စွာ ပြောသော စကားသံ။

'ဖိန်းနွဲ့ခါကျရင် ညီမလေးကို သင်္ဘောဆိပ်အထိ ကိုကို ပို့မှာလားဟင်'

မျက်လွှာချသည်။ မျက်ခွံကိုပင့်လျက် ပြန်ကြည့်သည်။ ဝင်းစိုသော မျက်ဝန်းညိုညိုကို တွေ့၏။ နှလုံးသည်းခြေကွဲသွားစေသော မျက်ဝန်း။

'ရွာအထိအောင်တော့ မပို့ပါနဲ့ ကိုကိုရယ်၊ မမမဥ္စုတစ် က်တည်း ကျန်ခဲ့ပါဦးမယ်'

မျက်ရည်တွေ စို့တက်လာသောကြောင့် မျက်တောင်ရေ

www.burmeseclassic.com

www.burmeseclassic.com



တွေကို တဖျတ်ဖျတ်ခတ်နေရှာသည်။ ကြိုးစားအားယူလျက် ပြုံးပြီး

'သဘော်ဆိပ်အထိ လိုက်ပို့ရင်ပဲ ညီမလေး ကျေနပ်ပါပြီ'

ညီမလေး၏ ပါးပြင်နုလေးကို ညင်သာစွာ ဆွဲဖွဲ့မိ၏။ လက်ပြန်ရုတ်သောအခါ လက်ညှိုးနှင့် လက်မတို့တွင် မျက်ရည်တွေ စိုစွတ်လျက်ရှိ၏။ အနမ်းခြေရာတစ်ခုကို မျက်ရည်ဖြင့် ဆေးကြော ပစ်လိုက်ပြီလား မသိ။

ဗ ဗ ဗ

# အပိုင်း(၅)

www.burmeseclassic.com

www.burmeseclassic.com

'အခု
ညီမလေးပြောမယ့်စကားဟာ
ပြောပြီးတာနဲ့
လေထဲမှာ
ပျောက်သွားစေချင်တယ် ကိုကို'

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ဗောတံတားထိပ် ပလက်ဖောင်းဘေးတွင် ကားရပ်သည်။ 'နှင်းသန္တာတို့ မရောက်သေးဘူးနဲ့တူတယ်'ဟု မြတ်သစ္စာခိုင် ပြောရင်း ကားပေါ်မှဆင်းသည်။ နေမျိုးက 'မာမီ မော်တော်ပေါ်အထိ မလိုက်ဘူးလား'ဟု မေးသည်။ မာမီက 'မလိုက်တော့ဘူး သား၊ မာမီ လေတိုက်မခံချင်လို့၊ သားပဲ သေသေချာချာ လိုက်ပို့လိုက်'ဟု ပြောသည်။ မဉ္ဇူက ကျောင်းကိစ္စရှိသဖြင့် ပါမလာခဲ့။

ဘာဘုန်းကို သတိရကြောင်း၊ နောက်နောင်မှ အေးအေးဆေးဆေး လာလည်မည့်အကြောင်း အသက်ထောက်လာပြီမို့ သွားရလာရတာ မသွက်တော့လို့ လိုက်မပို့ခြင်းဖြစ်ကြောင်း စသည်ဖြင့် မြတ်သစ္စာခိုင်ကို မာမီက တတွတ်တွတ်မှာကြားသည်။ မြတ်သစ္စာခိုင်က မာမီ ပြောသမျှတွေကို ဟုတ်ကဲ့၏။

'သွားမယ် မာမီ'

မြတ်သစ္စာခိုင်က ကားအတွင်းရှိ မာမီ့ကို နမ်းသည်။ မာမီ

www.burmeseclassic.com

www.burmeseclassic.com



က မြတ်သစ္စာခိုင်၏ နဖူးလေးကို မွှေး၏။ 'နှင်းသဇ္ဇာ လာရင် မော်တော်ပေါ် လွှတ်လိုက်နော်'ဟု မာမီ့ကို မှာသည်။

ညီမလေး၏ လက်ကို ဆွဲလျက် ဇာတ်တားအတိုင်း ဆင်းခဲ့သည်။ အထုပ်အပိုးတွေကို မနိုင်မနင်းလွယ်၏။ မော်တော်ပေါ်တွင် ခရီးသည် လေးငါးဦးသာ ရောက်သေး၏။ နှင်းသဇ္ဇာကို မတွေ့သေး။

အထုပ်အပိုးတွေကို နေရာတကျ ထားသည်။ နှင်းသဇ္ဇာအတွက် နေရာကိုပါ ယူထား၏။ မနက်လင်းစ လေပြည်နုသည် မြစ်ကိုဖြတ်လျက် မော်တော်အတွင်းသို့ တိုးဝှေ့ဝင်ရောက်၏။ လန်းဆန်းလတ်ဆတ်လွန်းသော လေပြည်ညင်း။

'ကိုကို ဦးပိုင်းကို သွားရအောင်'ဟု မြတ်သစ္စာခိုင် ပြောသည်။

မော်တော်ဦးပိုင်းသို့ ရောက်သောအခါ လေပြည်သည် အတွင်းမှာထက် အပြင်တွင် ပို၍တိုက်ခတ်နေချေ၏။ နားထဲတွင် တဟူးဟူး…။

❀ ❀ ❀

မြစ်ပြင်၏ တစ်ဖက်ကမ်းကို မှုန်ပျပျ မြင်နေသည်။ ကမ်းစပ်တစ်လျှောက် ဆိုက်ကပ်ထားသော လှေတွေ သမ္ဗာန်တွေကို



ဟိုတစ်စု သည်တစ်စုစီ တွေ့၏။ မြစ်လယ်တွင် သင်္ဘောတစ်စီး ခုတ်မောင်းလာသည်ကို လှမ်းတွေ့၏။ ခရီးသည်တွေ အပြည့်အသိပ်။

နုနွဲ့သော ကေသာသည် လေပြည်တွင် သံစဉ်လှိုင်း။

ဆံပင်တွေကို တစ်ဖက်တည်းသို့ စုလျက် ဝဲဘက်ပခုံးပေါ်မှ ရှေ့ဘက်သို့ သွယ်ချလိုက်ရင်း မြတ်သစ္စာခိုင်က စာရွက်ခေါက်တစ်ခေါက်ကို ပေးသည်။ 'ညီမလေး ရေးထားတဲ့ ကဗျာ' ဟု ပြော၏။ ဖွင့်ဖတ်ဖို့ ပြင်သောအခါ 'အိမ်ရောက်တော့မှ ဖတ်'ဟု ပြောသဖြင့် အင်္ကျီအိတ်ထဲသို့ ထည့်လိုက်ရသည်။

'ကိုကို့ကို ညီမလေး ပြောစရာရှိတယ်'

မြစ်၏ တစ်ဖက်ကမ်းသို့ ငေးကြည့်လျက် ပြောသည်။

'ပြောလေ ညီမလေး'

နားကို ယခင်ကာလတွေထက် ပိုမိုစွင့်ထား၏။

'အခု ညီမလေးပြောမယ့် စကားဟာ ပြောပြီးတာနဲ့ လေထဲမှာပဲ ပျောက်သွားစေချင်တယ် ကိုကို'

ဆိုလိုရင်းကို မသိသော်လည်း စိတ်ထဲတွင် လှုပ်ရှားရ၏။

'နော်… ကိုကို'

နေမျိုး ခေါင်းညိတ်သည်။ အကြည့်ကို နေမျိုးထံသို့ တဖြည်းဖြည်း ရွှေ့သည်။ အကြည့်ဆုံသောအခါ မျက်ဝန်းတွင်

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ကြည်တွေ ဝေ့ဝေ့ ဝဲနေ၏။ 'မငိုနဲ့လေ'ဟု တားချင်သည်။ တားဆီးချိန်မရလိုက်။ ပါးပြင်နှစ်ဖက်ပေါ်သို့ စီးသွယ်ပြိုကျသွားလေသည်။ မြတ်သစ္စာခိုင်၏ နှုတ်ခမ်းပါးသည် တဆတ်ဆတ် တုန်ယင်နေ၏။

'ညီမလေး ကိုကို့ကို ချစ်တယ်'

ရေလှိုင်းရိုက်သံတွေ ကြားသည်။ ကမ်းပါးပြိုသံတွေ ကြားသည်။ လေပြင်းတိုက်သံတွေ ဆူညံသွား၏။

လွင့်ပြေးသွားသော လေထုတွင် မျောပါသွားသော နှုတ်စကားကို လိုက်လံဖမ်းယူချင်သည်။ အမှန်တကယ် ထိုနှုတ်စကားသည် နားနှစ်ဖက်မှ စီးဝင်လျက် နှလုံးအသည်းအတွင်းသို့ စိမ့်ခိုဝင်ရောက်သွားပေပြီ။

'ကိုကို့ကိုချစ်တယ် ဟုတ်လား ညီမလေး'

ခေါင်းညိတ်ခြင်း၊ ခေါင်းခါခြင်းမရှိ။ မျက်ရည်တွေကိုသာ လက်ကိုင်ပဝါဖြင့် တို့နေသည်။

'မမေးပါနဲ့တော့ ကိုကို၊ ဒီစကားကို ဒီနေရာမှာပဲ ထားခဲ့ပါ၊ ဘယ်ကိုမှ ယူမသွားပါနဲ့တော့ ကိုကိုရယ်၊ ချစ်ဖို့ ကြိုးစားကြည့်တဲ့အချိန်မှာ ကိုကို့ကိုချစ်လို့ မရခဲ့ဘူး၊ ဘယ်လိုမှ ချစ်လို့မရခဲ့ဘူး၊ ဒါပေမဲ့လေ တစ်ပါးသူလက်ထဲကို ပေးလိုက်ရတော့မယ်ဆိုတာ သိလိုက်ရတဲ့အချိန်မှာ ကိုယ့်ကိုယ်ကိုယ် ညာလို့မရတော့ဘူး၊ ဒါ



ကြောင့် ညီမလေး ငိုခဲ့မိတာပါ၊ မာမီကတော့ သာမန်ငိုတာလို့ ထင်နေတာ၊ အမှန်တကယ်က စွန့်လွှတ်လိုက်ရပြီဆိုတာ ကျိန်းသေပြီမို့ ထိန်းထားတဲ့ကြားက ငိုခဲ့မိတာပါ ကိုကို'

လက်ဖဝါးနုကို ဆုပ်ကိုင်လိုက်မိသည်။

'ညီမလေးရယ်'

'နှောင်းခဲ့ပြီဆိုတာ သိပါတယ် ကိုကို၊ ဒါပေမဲ့ ကိုကို သိစေချင်လို့ ပြောပြခဲ့တာပါ၊ အခုသွားရမယ့် ခရီးဟာ ကိုကို့ကို ရှောင်ဖို့ သွားမယ့်ခရီးပါ၊ ခရီးသွားဖို့ ဆုံးဖြတ်ထားတဲ့ အချိန်အထိ ညီမလေး နှလုံးသားမှာ ဘာမှမဖြစ်သေးဘူး ကိုကို၊ နောက်တော့မှ'

စကားသံ တိမ်ဝင်သွားသည်။ နေမျိုး၏ မျက်ဝန်းတွင်လည်း မျက်ရည်တွေဝေ့၏။

'မပြောသင့်တော့တဲ့ အချိန်မှာ ပြောမိတဲ့စကားကို မေ့ပစ်လိုက်ပါ ကိုကို၊ ကိုကို ဘယ်လိုမှ မခံစားပါနဲ့၊ ညီမလေးလည်း မခံစားရအောင် ကြိုးစားပါ့မယ်'

'တော်ပါတော့ ညီမလေးရယ်၊ ဆက်မပြောပါနဲ့တော့'

ငိုသံပါသွားမှန်း သိသည်။

'ဆက်ပြောပါရစေ ကိုကို၊ ညီမလေး ခံနိုင်ရည် ရှိပါတယ်၊ တစ်ခါတုန်းက ကိုကိုပြောပြခဲ့ဖူးတဲ့ လွမ်းသင့်တာနွေ၊ ကြွေသင့်တာဆောင်းဆိုတဲ့ ကဗျာလေးထဲကလိုပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ညီမလေး ကိုကို့ကို လွမ်းရင်တောင် ဥသြလေးရှိတဲ့ နွေမှာပဲ လွမ်းပါ့မယ်၊ ညီမလေးရဲ့ နှလုံးသားခံနိုင်ရည်အားနည်းပါးလို့ ကြွေပျက်ရမယ်ဆိုရင်လည်း ဆောင်းဟေမာန်လို အေးမြတဲ့ ဘ၀အသိနဲ့ပဲ ကြွေပါ့မယ် ကိုကို၊ အနားမှာ အဖော်မရှိဘဲ မလွမ်းပါဘူး၊ လုပ်ဖော်ကိုင်ဖက်တွေ သူငယ်ချင်းတွေနဲ့ ပျော်ပျော်နေပါ့မယ်၊ အဖော်တွေနဲ့ ပျော်နိုင်အောင်ကြိုးစားပြီးမှ လွမ်းမှာပါ ကိုကိုရယ်၊ အသည်းနှလုံးကြွေခဲ့ရင်တောင် အေးအေးချမ်းချမ်း ခံစားနိုင်အောင် ကြိုးစားပါ့မယ်၊ ကဗျာထဲကလို ဆောင်းရက်မှာ ကြွေပြီး နွေရက်မှာ လွမ်းပါ့မယ်၊ နော်… ကိုကို'

လက်မောင်းကို ကိုင်လှုပ်၍ ပြော၏။ ခေါင်းညိတ်လိုက်ရသည်။

'ကိုကို ဘာဖြစ်လို့ ငိုနေတာလဲ'

မျက်ရည်သုတ်ပြီး မေးသည်။

'မငိုပါနဲ့ ကိုကိုရယ်၊ ပြီးတော့ ကိုကိုပြန်ပါတော့၊ ကမ်းစပ်မှာ ကိုကို ကျန်ခဲ့တာကို မလိုချင်ဘူး ကိုကို၊ ကျန်ရစ်ချင်း ကျန်ရစ် ညီမလေးပဲ ကျန်ရစ်ချင်တာ၊ ကိုကိုပြန်တော့နော်'

ပြန်ဖို့တဖွဖွပြောသည်။

ရင်ကွဲလုမျှ ခံစားရသဖြင့် ရင်နင့်စွာ ကျောခိုင်းထွက်ခဲ့ရ၏။



ခြေလှမ်းတွေကို ဝေးလွင့်စေသူများဟု မှတ်ထင်မိသည်။ ဘောတံတားထိပ်သို့ ရောက်သောအခါ နှင်းသက္ကာကို တွေ့၏။

❀ ❀ ❀

'သား… ကားမောင်းတော့လေ၊ မော်တော်ထွက်သွားပြီပဲ'

စကားသံ မတုန်ယင်အောင် ထိန်းလျက်…

'ဥသြဆွဲသံ ကြားရဦးမလားလို့ နားစွင့်နေတာ မာမီ'

'ကမ်းစပ်နားမှာဆွဲမှ ကြားရတော့မှာပေါ့ သားရဲ့၊ အခုဆို မြစ်လယ်လောက် ရောက်လုပြီ'

သူ ခေါင်းညိတ်သည်။ ကားသော့ကိုလှည့်မည်အပြု…

'တူ'

ဥသြသံသဲ့သဲ့လေးကို ကြားလိုက်ရသည်။

'ကိုကို'ဟု ခေါ်နေသယောင် ထင်၏။ ကားသော့ကို တော်တော်နှင့် လှည့်မရ။ ကားစက်နိုးသံ ကြားသည်။

ကားဘီးတွေ မလိမ့်လျှင် ကောင်းမည်ဟု တွေး၏။ ကားဘီးရွေ့လျားသည်နှင့်အမျှ ပို၍ ဝေးကွာသွားရမည်ဟု ထင်၏။ အမှန်တကယ် ခြေတစ်လှမ်းမျှ မရွေ့သည့်တိုင် ဝေးလွင့်ကွာခြားခဲ့ပြီဖြစ်သည်။ တွေးရင်း ရင်နင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေ ပူခနဲ ဖြစ်၏။ လက်ဝါးဖြင့် အုပ်လိုက်ရသည်။ နံဘေးရှိ မာမီက…

'သား… ဘာဖြစ်တာလဲ'

'ဘာမှမဖြစ်ပါဘူး မာမီ၊ ညီမလေးနဲ့ မခွဲဖူးဘဲ ခွဲရလို့ပါ'

မာမီ စိတ်မကောင်းဖြစ်သွားဟန် တူသည်။ 'သားတို့မောင်နှမက သိပ်ချစ်ကြတာကိုး'ဟု ပြောသည်။

နောင်ဘဝ မောင်နှမအရင်းဖြစ်ရပါစေဟု ဆုတောင်း၏။ ကားကို မောင်းထွက်လိုက်သည်။ ပလက်ဖောင်းဘေးတွင် ကားဘီးရာတွေ ထင်ကျန်ရစ်ပြီထင်၏။

❀ ❀ ❀

## (၂)

'ညီမလေးက ကိုကို့လို ကဗျာတွေ ကောင်းကောင်းမရေးတတ်သေးပါဘူး ကိုကို၊ ဒါပေမဲ့ လူဆိုတာ ဝေဒနာနဲ့တွေ့ရင် ကဗျာမြစ်ထဲ ရောက်စမြဲပဲ မဟုတ်လား၊ လွမ်းသင့်တာနွေ၊ ကြွေသင့်တာဆောင်းဆိုတဲ့ ကိုကို့ကဗျာကို ဖတ်ဖူးခဲ့တာ ကြာပါပြီ၊ ဒါပေမဲ့ ဒီကဗျာနဲ့ ပတ်သက်ပြီး အခုမှ ခံစားရတာပါ ကိုကို၊ ညီမလေးရဲ့ ဘဝတစ်သက်မှာ ကိုကို့ကဗျာနဲ့ ဆင်တူတဲ့ ကဗျာတစ်ပုဒ်ကို နှလုံးသားနဲ့ ရင်းပြီး ရေးဖွဲ့ခဲ့ဖူးပြီဆိုပါတော့။

ကဗျာ ခေါင်းစဉ်က ဆောင်းရက်မှာ ကြွေ၊ နွေရက်မှာ လွမ်းတဲ့။ ဖတ်ကြည့်ပါ ကိုကို။

ဖတ်ပြီးရင် စုတ်ဖြဲပစ်လိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးခြင်းလက်
သစ်ရွက်ကို... ခြွေ။

ခြွေချင်... ခြွေ
နွေမဟုတ်တဲ့၊

နှင်းပွင့်ဆွေ ဟေမန်ထက်
ဆောင်းရက်မှာ ကြွေပယ်လေး။

လွမ်းသက်ရှည်
ဝေဒနာသည် သောင်ကမ်း။

မှန်းမျှော်ကာ ရင်မှာတမ်းလျက်
လွမ်းကူဖော် ရွှေညြိနဲ့
ပျော်မောစွာ တူယှဉ်ယှက်ပြီး
နွေရက်မှာ... လွမ်း။



ကဗျာစာရွက်ကို စုတ်ဖြဲခြင်းမရှိဘဲ အမြင်အာရုံ၌ ကဗျာတွေ တစ်စစီ ပြိုကွဲသွားသည်ဟု ခံစားထင်မြင်မိ၏။

မျက်ရည်ကြောင့် ဝိုးတဝါး မြင်ရသော ကဗျာစာရွက်ကို ဝိုးတဝါးကြားမှ ကြိုးစား၍ ဖတ်နေရသည်။

ကဗျာစာရွက်ကို ဖျောက်ဖျက်နိုင်အား မရှိ ။ ။

လေးစားခင်မင်လျက်...

မောင်လှမျိုး(ချင်းချောင်းခြံ)

www.burmeseclassic.com

www.burmeseclassic.com




# မောင်လှမျိုး

ချင်းချောင်းခြံ

ဆောင်းရက်မှာကြွေ . . .

နွေရက်မှာလွှမ်း . . .

www.burmeseclassic.com